မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၇၄)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် | ၂၀၁၃ ခုနှစ်၊ မတ် ၂၃ ရက်၊ စနေနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

သာယာမည်

၂၃-၃-၂၀၁၃



နေပြည်တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၃ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အာဆစ်ဖ် အလီဇာဒါရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၃ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ရာဂျာ ပါဗက်ဇ် အာရှာရပ်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အရေးပေါ်အခြေအနေကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်)

အရေးပေါ်အခြေအနေကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်တွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားသည့် အခြေအနေများ ဖြစ်ပေါ်မှုကြောင့် ပြည်သူများ၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်မှစ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ သို့သော်လည်း ဆူပူအကြမ်းဖက်မှုများမှာ ပိုမိုများပြားကျယ်ပြန့်လာပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ဆောင်ရွက်ရုံဖြင့် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် သာစည်မြို့နယ်များအတွင်း အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရသဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးကို အမြန်ဆုံးပြန်လည်ဖော်ဆောင်ပေးနိုင်စေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့်သာစည်မြို့နယ်များအတွင်း ယနေ့မှစ၍ အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်ရမည်။

၄။ ဤအမိန့်သည် ယနေ့မှစ၍ နောက်အမိန့် တစ်စုံတစ်ရာထုတ်ပြန်မှုမရှိမချင်း အတည်ဖြစ်သည်။

၅။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်ရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်၌ ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးနိုင်ရေး ဂျာမနီမှ စက်အသစ်များရောက်ရှိ

ရန်ကုန် မတ် ၂၂

စီးပွားရေးမြို့တော် ရန်ကုန်တွင် စက်မှုလုပ်ငန်းများ တိုးတက်လာမှု၊ လူနေထူထပ်များပြားလာမှုတို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုမြင့်မားလာလျက်ရှိရာ ယခုနွေရာသီ၌ ဓာတ်အားဖူလုံစေရန် ပြည်ပနိုင်ငံများမှ စက်များမှာယူကာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ရန်ကုန်တိုင်းဒေသကြီးသည် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအများဆုံးဖြစ်ရာ ယခုနှစ်နွေရာသီတွင် တစ်ရက်လျှင်ဓာတ်အား မဂ္ဂါဝပ် ၈၅၀ ခန့် ရှိမည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဂျပန်နိုင်ငံမှ ဒီဇယ်အင်ဂျင်အသုံးပြုဓာတ်အားစက်များ ရောက်ရှိလာပြီဖြစ်ရာ သာကေတဓာတ်အားပေးစက်ရုံ၌ တပ်ဆင်ရန် စီစဉ်နေပြီဖြစ်သည်။

ထို့အတူ အင်းစိန်(ရွာမ) ဓာတ်အားပေးစက်ရုံတွင် တပ်ဆင်အသုံးပြုမည့် Gas Generator ၁၃ လုံးကိုလည်း ရန်ကုန်မြို့ အေးရှားဝေါဆိပ်ကမ်းမှ တစ်ဆင့် ရောက်ရှိလာပြီဖြစ်သည်။ ၎င်းစက်များမှာ ဂျာမနီနိုင်ငံလုပ် ပစ္စည်းများဖြစ်ပြီး စက်တစ်လုံးလျှင် ဓာတ်အားလေးမဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ ဓာတ်အားဖူလုံရေးအတွက် ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာအင်းစိန်(ရွာမ)၊ အလုံ၊ သာကေတနှင့် လှော်ကား ဓာတ်အားပေးစက်ရုံတို့တွင် ဓာတ်အားများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ စက်အသစ်များ မှာယူတပ်ဆင်နေခြင်းဖြစ်သည်။

မောင်သစ္စာ - ရေးသည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် နွေရာသီက လျှပ်စစ်ဓာတ်အားတစ်နေ့ မဂ္ဂါဝပ် ၇၅၀ ခန့်သာ အသုံးပြုခဲ့ရာမှ ယခု ၂၀၁၃ ခုနှစ် နွေရာသီ၌ တစ်နေ့ ဓာတ်အားမဂ္ဂါဝပ် ၈၅၀ အထိ တိုးမြှင့်သုံးစွဲမည်ဟု ခန့်မှန်းထားရာ အဆိုပါ သုံးစွဲမှုဓာတ်အားကို ပြည့်မီနိုင်ရေး ကြိုးစားလျက်ရှိသည်။

(မြန်မာ့အလင်း)



ဂျူပီတာဂြိုဟ်အနီး အလင်းရောင်များထွက်ရှိနေ

အာကာဟိန်း - ရေးသားသည်

နာဆာမှ လွှတ်တင်ထားသော အာကာသလေ့လာရေးယာဉ် ကတ်စီနီမှပေးပို့သော ဓာတ်ပုံများအရ ဂျူပီတာဂြိုဟ်ဝန်းကျင်တွင် ပြိုးပြိုးပြက်ပြက်တောက်ပနေသော အလင်းရောင်များထွက်ပေါ်နေကြောင်း နာဆာအာကာသသုတေသနသိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျူပီတာဂြိုဟ်ဝန်းကျင်တွင် တိမ်တိုက်များက လှည့်ပတ်ဝိုင်းရံနေသည်ကို တွေ့ရှိရပြီး ယင်းတို့မှ ပြိုးပြက်သော အလင်းရောင်များ ထွက်ပေါ်နေခြင်းဖြစ်နိုင်ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၅ ❐

ယနေ့ မာတိကာ

အရင်းခံဖြစ်သည့် ဒေါသကို ထိန်းချုပ်ပြီး စဉ်းစားဆုံးဖြတ်လုပ်ကိုင်ပြောဆိုကြမည်ဆိုလျှင် လူတိုင်းပင် ဖြောင့်မတ်မှန်ကန်သော လမ်းကို လျှောက်လှမ်းနိုင်မည် (ခေါင်းကြီး) စာ - ၂

တစ်ကိုယ်တော် စက်ဘီးသမား အဘိုးအို၏ ဆီးဂိမ်း ဂုဏ်ပြုခရီးစဉ် အောင်မြင်စွာ ပြီးဆုံး စာ - ၁၂

ယူ ၂၁ အင်္ဂလန်က ရှုံးမေးနီးယားကိုနိုင် စာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဒေါသနှင့် အဒေါသ

ဤလောက၌ ဒေါသအလျောက်လုပ်ကိုင်သော အမှုကိစ္စ ဟူသမျှတို့သည် ဖြောင့်မတ်မှန်ကန်သည်ကိုမတွေ့ရချေ။ ဒေါသနှင့်လုပ်သော အရာဟူသမျှတို့မှာ အများမှားအယွင်းယွင်းဖြစ်ကာ ပျက်စီးဆုံးရှုံးခြင်းသို့သာ ရောက်စေနိုင်၏။ ထို့ကြောင့် အရာရာကို ဒေါသအလျောက် မလုပ်မိစေရန် သတိထားဆင်ခြင်ဖွယ်ရာပင်ဖြစ်၏။

ဒေါသသည်ကား ကြမ်းတမ်းခြင်းသဘောလက္ခဏာရှိ၏။ ဒေါသဖြစ်နေသူ၏ ကိုယ်အမူအရာ နှုတ်အမူအရာများသည် ကြမ်းတမ်း၏။ ရုန့်ရင်း၏။ ရိုင်းပျ၏။ ကြောက်မက်ဖွယ်ကောင်း၏။ ဥပမာ အလွန်အဆိပ်ပြင်းသော မြွေပွေး၊ မြွေဟောက်တို့ကို ခဲ၊ တုတ် စသည်ဖြင့် ပစ်ခတ်ထိပါးလိုက်လျှင် တရှူးရှူးတရှဲရှဲ တုံ့ပြန်သကဲ့သို့ဖြစ်၏။ ဒေါသသည် ပျက်စီးခြင်းသို့သာ ရောက်နိုင်၏။ သို့သော် အဒေါသသည်ကား ထိုသို့မဟုတ်။ ဒေါသ၏ ဆန့်ကျင်ဘက်ပင်ဖြစ်၏။ မကြမ်းတမ်းခြင်း၊ မခက်ထန်ခြင်းသဘောလက္ခဏာရှိကုန်၏။ ဥပမာ အဒေါသသည်ကား အရာရာ လိုက်လျောတတ်သော မိတ်ဆွေကောင်းနှင့်ပင်တူ၏။ ဒေါသသည် ကြမ်းတမ်းခက်ထန်လှသဖြင့် မိမိ သူတစ်ပါး နှစ်ဦးသားကို ပျက်စီးစေတတ်၏။ အဒေါသကား နူးညံ့သိမ်မွေ့၏။ ဤအဒေါသကိုပင် မြဟ္မစိုရ်တရား လေးပါး၌ မေတ္တာဟုခေါ်ဆို၏။

အထက်ပါဒေါသနှင့် အဒေါသတို့၏ အကျိုးအသွားကို နှိုင်းယှဉ်လေ့လာစဉ်းစားသော် ဒေါသသည် လူတို့အတွက် မည်သို့မျှကောင်းကျိုးမရှိ။ ဆုတ်ယုတ်ခြင်းကိုသာ ဖြစ်စေနိုင်၏။ အဒေါသမှာကား လူသားတို့အတွက် ကောင်းကျိုးစီးပွားကို ဖြစ်စေတတ်၏။ ကောင်းမွန်မှန်ကန်သောလမ်းကောင်း လမ်းမှန်ကိုပြနိုင်စွမ်းလည်းရှိ၏။ သို့သော်လူတို့သည် ပုထုဇဉ်များဖြစ်ကြသည့်အလျောက် ဒေါသနှင့်မကင်းနိုင်ကြပါ။ လူတိုင်းသည် ဒေါသ အနည်းနှင့်အများ ရှိတတ်ကြပါသည်။

ကျွန်ုပ်တို့အနေဖြင့် မကျေနပ်စရာ၊ အဆင်မပြေစရာ တစ်ခုခုနှင့် ကြုံတွေ့လိုက်ပြီဆိုလျှင် စိတ်ထဲတွင် ဒေါသသည် ထောင်းခနဲပေါ်လာသည်။ ထိုပေါ်လာသည့်ဒေါသကို အပြင်သို့ ထွက်မလာအောင် ထိန်းချုပ်ထားရ၏။ တစ်နည်းအားဖြင့် ဒေါသကို ကာယကံ၊ ဝစီကံ၊ မနောကံ မဖြစ်အောင်ထိန်းချုပ်နိုင်ရ၏။ သို့မှသာ ဒေါသကို အောင်နိုင်၏။

စိတ်ထဲတွင် ဒေါသဖြစ်နေပြီဆိုလျှင် ကိုယ့်ကိုယ်ကို ဆင်ခြင်စဉ်းစားပါ။ ဒေါသအလျောက် လုပ်ကိုင်ပြောဆိုပြုမူလိုက်ပါက ငါ့ရေအကျိုးရှိပါ၏လော။ တစ်ပါးသူကိုရော အကျိုးရှိစေနိုင်ပါ၏လော စသည်ဖြင့် ဆင်ခြင်စဉ်းစားကြည့်ပါ။ မိမိလည်း အကျိုးမရှိ၊ တစ်ပါးသူလည်း အကျိုးမရှိသည့် ဒေါသကို အလျင်အမြန် ထိန်းချုပ်သင့်၏။ ဒေါသအလျောက်ပြုမူပြောဆိုသော အမှုကိစ္စမှန်သမျှသည် အရက်မူးသမားတစ်ဦး ပြောဆိုပြုမူသည့်အလား မည်သို့မျှအကျိုးထိရောက်မှုမရှိချေ။ ထို့ကြောင့် ဒေါသကို ထိန်းချုပ်ပြီးမှ စဉ်းစားဆုံးဖြတ်လုပ်ကိုင်ခြင်းကသာလျှင် အကျိုးထိရောက်မှု ဖြစ်စေနိုင်၏။ ကောင်းကျိုးလိုရာကို ဆောင်ရွက်နိုင်စွမ်းရှိ၏။

အချုပ်ဆိုရလျှင် လူအချင်းချင်း ခိုက်ရန်ဖြစ်ရခြင်းမှအစ သွေးထွက်သံယိုစစ်ပွဲကြီးများအထိ ဖြစ်ပွားရခြင်း၏ အဓိကဇာစ်မြစ်ကိုလေ့လာကြည့်လျှင် ဒေါသသည် အရင်းခံဖြစ်သည်ကို တွေ့ရပေမည်။ ထို့ကြောင့် အရင်းခံဖြစ်သည့်ဒေါသကို ထိန်းချုပ်ပြီး စဉ်းစားဆုံးဖြတ်လုပ်ကိုင်ပြောဆိုကြမည်ဆိုလျှင် လူတိုင်းပင် ဖြောင့်မတ်မှန်ကန်သောလမ်းကို လျှောက်လှမ်းနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

SMART Myanmar Project ဖွင့်

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျာမနီနိုင်ငံ Sequag GmbH အဖွဲ့အစည်းတို့ ပူးပေါင်းစီစဉ်မှုနှင့် ဥရောပသမဂ္ဂမှ ပံ့ပိုးမှုတို့ဖြင့် SMART Myanmar Project ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ UMFCCI အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် SMART Myanmar Project သည် မိမိတို့နိုင်ငံရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာတွင် ယှဉ်ပြိုင်မှု အားကောင်းလာနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့နိုင်မည့် ထုတ်လုပ်မှုနည်းလမ်းများ ပေါ်ပေါက်လာစေရန် တွန်းအားပေးအထောက်အကူပြုမည့် အစီအစဉ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်ပါဝင်ကြောင်း၊ သို့ဖြစ်၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် စီးပွားရေး ပတ်ဝန်းကျင်ကောင်းများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် UMFCCI ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ ဥရောပသမဂ္ဂရုံး(မြန်မာ)မှ Charged, Affaires Mr. Alistair Macdonald နှင့် ဂျာမနီနိုင်ငံသံရုံးမှ Economic Counsellor Dr. Juergen Zoll တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် SMART Myanmar Project တွင် မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ပါဝင်ဆောင်ရွက်ကြမည့် ဂျာမနီနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

SMART Myanmar Project သည် မြန်မာနိုင်ငံ၏ SME လုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရန်၊ ထုတ်လုပ်မှုနည်းလမ်းများ တိုးတက်မြင့်မားပြီး နိုင်ငံတကာနှင့် ပြိုင်ဆိုင်မှုအားကောင်းလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စီမံချက်ကာလမှာ သုံးနှစ်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်

နေပြည်တော် မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၄ နာရီတွင် အဆိုပါဘုရား၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘုရားကြီးအား ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ဆက်ကပ်ပူဇော် ကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဟာအတုလဝေယံ ပြည်တော်ပြန် သာသနာ့ဗိမာန်တော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူးတို့က သာသနာ့ဗိမာန်တော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး (အပေါ်ပုံ) တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာ့ဗိမာန် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် သာသနာ့ဗိမာန်တော် ရေစက်ချမင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိတ်ကျန်းမာရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေး

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမောင်မောင်လွင် (CONSULTANT PSYCHIATRIFT)၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်စိုးနှင့် လူငယ်အားမာန်အဖွဲ့မှ ဦးလှထွန်းမျိုးတို့သည် မတ် ၁၅ရက်မှ ၁၆ ရက်အထိ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကွမ်သတ်ကျေးရွာ ကျေးရွာသူ ကျေးရွာသားများအား မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သောအန္တရာယ်များ၊ မူးယစ်ဆေးစွဲခြင်းနှင့် စိတ်ကျန်းမာရေးဆိုင်ရာအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့တော်၏အလှကို အကျည်းတန်စေသည့် လမ်းဘေးအမှိုက်ပုံ

ထင်သာမြင်သာ ပြုပြင်စရာ

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက်အတွင်းရှိ စိန်ပန်းလမ်းဘေးတွင် အမှိုက်ပုံကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများ မီးဘေးအန္တရာယ် စိုးရိမ်ပူပန်ရခြင်း၊ ပုံတွင်မြင်ရသည့်အတိုင်း နေ့စဉ် လမ်းသွားလမ်းလာ ပြည်သူများနှင့် ရဟန်းသံဃာတော်များ ဆွမ်းခံကြွဖြတ်သန်းရာတွင် အမှိုက်ပုံအနံ့အသက်များကို ရှူရှိုက်မိ၍ ကျန်းမာရေးအတွက် စိတ်အနှောင့်အယှက်ဖြစ်ရခြင်းနှင့်အတူ ယုဇနဥယျာဉ်မြို့အင်္ဂါရပ်၏ အလှအပကို အကျည်းတန်စေကြောင်း ထင်သာမြင်သာကဏ္ဍမှ တင်ပြလိုက်ရပါသည်။ (ဝ၈၁)

အမြို့မြို့ အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာအလင်း တွင် ကြော်ငြာပါ။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး H.E.Mr. Pascal CANFIN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E. Mr. Thierry MATHOU နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ မြန်မာနှင့် ပြင်သစ်နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများကို တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရန် လိုအပ်သည့် နည်းပညာများ ပံ့ပိုးဖလှယ်ကူညီနိုင်ရေးနှင့် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ပြင်သစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံကဏ္ဍစုံမှ အတွေ့အကြုံကောင်းများမျှဝေပေးနိုင်ရေးအတွက်သင်တန်းများ ပို့ချနိုင်ရေးနှင့် ပညာသင်များ စေလွှတ်နိုင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး H.E.Mr. Pascal CANFIN အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မတ် ၂၂ ရက်က ပါကစ္စတန်နိုင်ငံ၏ ပါကစ္စတန်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနား တက်ရောက်လာသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Amjad Majid Abbasi က Chatrium Hotel တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗလငါးတန် ပွံ့ဖြိုးဖို့ တအုပ်တပေ လေ့လာစို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်

နေပြည်တော် မတ် ၂၂

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည်စွမ်းအင်ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ပုံမှန်ဓာတ်အားပေး ထုတ်လုပ်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များအပြင် ကျွန်းချောင်း စက်ရုံမှတာဘိုင်စက်နှစ်လုံး၊ ရွှေတောင်၊ မြန်အောင်နှင့်မော်လမြိုင်စက်ရုံများမှ တာဘိုင်စက်တစ်လုံးစီအား ထပ်မံလည်ပတ်ဓာတ်အား ထုတ်လုပ်၍ လည်းကောင်း၊ ကုန်ထုတ်လုပ်ငန်းအချို့နှင့် စက်မှုလုပ်ငန်းအချို့အား ခေတ္တဓာတ်အားပိတ်၍ လည်းကောင်းဆောင်ရွက်ခြင်းအားဖြင့် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုသည့်ကာလ မတ် ၁ရက်မှ ၂၂ ရက်အထိအများ ပြည်သူသို့ လျှပ်စစ်ဓာတ်အား အဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် ကြိုးစားစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် ရန်ကုန်မြို့၌ အသစ်တိုးချဲ့တည်ဆောက်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်များ ရောက်ရှိပြီးဖြစ်သဖြင့် စက်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ နွေရာသီကာလတစ်လျှောက်လုံးတွင် ဓာတ်အားအလွန်အကျွံ မလောက်ငမှု မဖြစ်ပေါ်ရေးအတွက် မိုးလွန်ကာလမှစ၍ ကြိုတင်ထိန်းသိမ်းမောင်းနှင်ခဲ့သော ရေအားလျှပ်စစ် စက်ရုံများမှ ဓာတ်အားဖြည့်စွက် ထုတ်လုပ်ခြင်းဖြင့် ၂၀၁၃ ခုနှစ် ဧပြီ ၃၀ ရက်အထိ နေ့စဉ်ညနေ ၅ နာရီမှ နောက်တစ်နေ့နံနက် ၅ နာရီအထိ အများပြည်သူအား လျှပ်စစ်ဓာတ်အား အဓိက ဖြန့်ဖြူးပေးနိုင်ရန် ဆက်လက်ကြိုးစားစီစဉ်ပေးသွားမည်ဖြစ်သည်။

၂၀၁၃ ခုနှစ် မေလတွင် အထက်ပါအစီအစဉ်အတိုင်း အများပြည်သူအား လျှပ်စစ်ဓာတ်အား အဓိက ဦးစားပေးဖြန့်ဖြူးပေးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနနှင့် ထပ်မံပူးပေါင်းညှိနှိုင်း၍ ကျွန်းချောင်း၊ ရွှေတောင်၊ မြန်အောင်နှင့် မော်လမြိုင်စက်ရုံများမှ တာဘိုင်စက်များအား ထပ်မံလည်ပတ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၃ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီနာရာဘာနီခါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာမာ့ခ်မက်ဒိုဝဲလ်အားခန့်အပ်

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မာ့ခ်မက်ဒိုဝဲလ်အားခန့်အပ်ရန် ကနေဒါနိုင်ငံအစိုးရမှအဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ မာ့ခ်မက်ဒိုဝဲလ်သည် ၁၉၆၂ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ မွေးဖွားခဲ့သည်။ တိုရွန်တိုတက္ကသိုလ်မှ ၁၉၈၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့နှင့် ၁၉၉၀ ပြည့်နှစ်တွင် မဟာဘွဲ့တို့ကို ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ်၌ ဟားဗတ်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ မစ္စတာ မာ့ခ်မက်ဒိုဝဲလ်သည် ၁၉၉၄ ခုနှစ်တွင် ကနေဒါနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဌာနခွဲအသီးသီးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် နယူးယောက်၊ တိုင်ပေနှင့် ဗန်ကောက်မြို့များရှိ ကနေဒါနိုင်ငံသံရုံး၊ ကုန်သွယ်ရေးရုံးများ၌လည်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၀ ခုနှစ်မှ ယနေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ကနေဒါနိုင်ငံသံရုံး ပြည်သူ့ရေးရာသံတမန်ဆက်ဆံရေးဌာနတွင် သံမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

တတ်မြောက်သူ

မစ္စတာမာ့ခ်မက်ဒိုဝဲလ်သည် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အင်ဒိုနီးရှားနှင့် ထိုင်းဘာသာစကားတို့ကို ကျွမ်းကျင်စွာ တတ်မြောက်သူတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် မြန်မာနိုင်ငံတွင်ရုံးစိုက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ထို့အတူ ကတ်စီနီအာကာသ လေ့လာရေးယာဉ်မှ ပုံရိပ်ရယူရာတွင် ထွက်ပေါ်လာသော အလင်းရောင်များက ဂျူပီတာဂြိုဟ်ဝန်းကျင်ရှိ တိမ်တိုက်များနှင့် သွားရောက်ထိတွေ့မှုမှ ထွက်ပေါ်လာခြင်းလည်း ဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

သို့သော် ဂျူပီတာဂြိုဟ်ဝန်းကျင်တွင် ယခုကဲ့သို့ပြိုးပြက်သော အလင်းရောင်များထွက်ပေါ်နေခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ သဘာဝတရား၏ ပြောင်းလဲမှုကို အနီးကပ်လေ့လာရန် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်း နာဆာ၏ အာကာသယာဉ် ပျံသန်းရေးဆိုင်ရာဌာနမှ သုတေသနပညာရှင်တစ်ဦးဖြစ်သူ ဒေးဗစ်ချိုင်ကပြောကြားသည်။

အဆိုပါ အလင်းရောင်များကို ဆက်လက်လေ့လာသုတေသနပြုသွားမည်ဖြစ်ပြီး အမည်ပေးရန်လည်း စီစဉ်နေသည်။ ကတ်စီနီ အာကာသလေ့လာရေးယာဉ်ကို နာဆာကပြီးခဲ့သည့် ၂၀၀၀ပြည့်နှစ်ကုန်က ဂျူပီတာဂြိုဟ်အပါအဝင် အာကာသအတွင်း လေ့လာမှုများပြုလုပ်ရန် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

Y.E.S. Since 1994
International English Language Centre

Basic Spoken English
Mon to Thurs-7:30-9:30am 11 Mar
Mon to Thurs-1:00 - 3:00 pm 11, 25 Mar
Mon to Thurs- 5:00-7:00pm 11 Mar
Sat & Sun -9:00-12:00am 23 Mar
Sat & Sun - 12:30-3:30 pm 23 Mar
Mon to Thurs-7:30-9:30 am 25 Mar
Sat & Sun -3:00 - 6:00 Pm 30 Mar
Sat & Sun -3:45 - 6: 45pm 30 Mar

Pre-Intermediate English
Sat & Sun-12:30-3:30pm 23 Mar
Mon toThurs-5:00 – 7:00pm 25 Mar
Mon toThurs-10:30-12:30am 1 Apr

Vocabulary Enrichment Course
Mon toThurs- 3:30-5:00pm 4 Mar

Grammar Foundation Course
Mon to Thurs- 1:00- 2:30 pm 18Mar
Sat & Sun - 9:00 - 12:00 am 30Mar

Basic Writing Course
Mon to Thurs - 3:00-5:00 pm 11Mar
Sat & Sun - 3:45 – 6:15 pm 23Mar
Mon to Thurs - 10:00 - 12:00 am 25Mar

Academic Writing Course
Sat & Sun - 5:00 - 7:00 pm 30Mar

Academic Preparation For IELTS (API)
Mon to Thurs-10:30 - 12:30 am 25Mar
IELTS Sat & Sun-10:30-12:30am 30Mar
SAT Mon to Thurs 3:30 - 5:00 Pm 25 Mar

No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. ☎ 243950

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း Google ဥက္ကဋ္ဌ Dr. Eric Schmidt အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Google ဥက္ကဋ္ဌ Dr. Eric Schmidt အား ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ကော်မတီအတွင်းရေးမှူး ဦးကိုကိုထွန်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးတင်ထွေး၊ ဒေါက်တာတိုက်စံနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု နည်းပညာ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း Google ဥက္ကဋ္ဌ Dr. Eric Schmidt အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များ အသွင်သစ်၊ အမြင်သစ်ဖြင့် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၂

ပြည်သူ့အတွက် မြန်မာ့အသံဆိုသော ဆောင်ပုဒ်နှင့်အညီ လွတ်လပ်ရေးမရမီကာလကပင် ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သော မြန်မာ့အသံသည် နှစ်ပေါင်း (၆၇) နှစ်ကျော်လွန်ပြီးနောက် "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား" အဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပြီးဖြစ်သည်။

ခေတ်သစ်၊ စနစ်သစ်သို့ ကူးပြောင်းရောက်ရှိခြင်းနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည်လည်း အသွင်သစ်၊ အမြင်သစ်ဖြင့် ပြည်သူ့အသံကို ဖော်ထုတ်ပြီး အများပြည်သူဝန်ဆောင်မှု ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်း (Public Service Broadcasting) အဖြစ် ဆက်လက် ရပ်တည်သွားမည်ဖြစ်သည်။ ဧပြီ ၁ ရက်မှစတင်၍ (ရေဒီယိုလိုင်းများဖြစ်သော နေပြည်တော် မြန်မာ့အသံနှင့် ပိတောက်မြေ Radio တို့ကို)ပူးပေါင်းကာ ပြည်သူ့အတွက် မြန်မာ့အသံအဖြစ် ရေဒီယိုထုတ်လွှင့်မှုကို တစ်နေ့လျှင် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၁၁ နာရီခွဲအထိ ၁၈ နာရီ ထုတ်လွှင့်သွားမည်ဖြစ်သည်။ နေပြည်တော် (တပ်ကုန်း)မှ လှိုင်းလတ် ၅၀၅ မီတာ ၅၉၄ KHz ဖြင့် ထုတ်လွှင့်မှုကို တောင်ဘက်တွင် ညောင်လေးပင်မြို့အထိ လည်းကောင်း၊ မြောက်ဘက်တွင် ရေဦးမြို့အထိလည်းကောင်း၊ အရှေ့ဘက်တွင် တောင်ကြီးမြို့အထိ လည်းကောင်း၊ အနောက်ဘက်တွင် စစ်တွေမြို့အထိလည်းကောင်း ဖမ်းယူရရှိနိုင်သည်။ ရန်ကုန်မြို့မှ လှိုင်းလတ် ၅၂၀ မီတာ ၅၇၆ KHz ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက်တွင် ညောင်လေးပင်မြို့ အထိလည်းကောင်း၊ တောင်ဘက်တွင် ရေးမြို့အထိလည်းကောင်း၊ အရှေ့ဘက်တွင် ဘားအံမြို့အထိ လည်းကောင်း၊ အနောက်ဘက်တွင် ပုသိမ်မြို့အထိ လည်းကောင်း ဖမ်းယူရရှိနိုင်သည်။ Medium Wave ဖြင့် ဖမ်းယူမရရှိသော ကျန်ဒေသများအတွက် လှိုင်းတို ထုတ်လွှင့်မှုကို နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတွင် ၉၇၃၀ KHz ဖြင့် လည်းကောင်း၊ ညပိုင်းတွင် ၅၉၈၅ KHz ဖြင့်လည်းကောင်း ဖမ်းယူရရှိနိုင်သည်။ အလားတူ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အား နံနက် ၆ နာရီ မှ ည ၁၁ နာရီအထိ နေ့စဉ် ၁၇ နာရီ ထုတ်လွှင့်သွားမည်ဖြစ်သည်။ ပရိသတ်များအတွက် ယုံကြည်စိတ်ချရသည့် သတင်းအဖြာဖြာနှင့်အတူ ဗဟုသုတဖြစ်ဖွယ်၊ ပျော်ရွှင်ကြည်နူးဖွယ် အနုပညာရသအစုံစုံ ပါဝင်သော ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များစွာကို ကြိုးစားတင်ဆက်သွားမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၌ ဖြစ်ပွားသည့် ဆူပူအကြမ်းဖက်မှုကြောင့် အဆောက်အအုံတစ်ခု မီးလောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ - ချမ်းသာ)

မိတ္ထီလာမြို့၌ ဆူပူအကြမ်းဖက်မှုကြောင့် ယနေ့အထိ သေဆုံးသူ ၁၁ ဦး၊ ဒဏ်ရာရသူ ၃၉ ဦးရှိ၊ မတ် ၂၂ ရက်မှစ၍ မိတ္ထီလာခရိုင်၌ အရေးပေါ်အခြေအနေကြေညာထား

ဆူပူအကြမ်းဖက်မှုများ ကျယ်ပြန့်မလာအောင် ပြည်သူများက တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် မေတ္တာရပ်ခံထား

နေပြည်တော် မတ် ၂၂

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့၌ ဖြစ်ပွားသည့် ဆူပူအကြမ်းဖက်မှုကြောင့် ယနေ့ ညနေပိုင်းအထိရရှိသော သတင်းများအရ စုစုပေါင်း သေဆုံးသူ ၁၁ ဦး၊ ဒဏ်ရာရရှိသူ ၃၉ ဦးရှိကြောင်း၊ ပဋိပက္ခကြောင့် ပျက်စီးမှုအနေဖြင့် နေအိမ် ၁၅၂ လုံး၊ မော်တော်ယာဉ်နှစ်စီး၊ ပညာရေးမှူးရုံးတစ်လုံး၊ ဆိုင်ကယ်တစ်စီး၊ သုံးဘီးဆိုင်ကယ် နှစ်စီး၊ ဘာသာရေးအဆောက်အအုံ ၁၃ လုံးရှိကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၃)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ပြီး ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးကို အမြန်ဆုံးဖော်ဆောင်ပေးနိုင်ရေးအတွက် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ် အပါအဝင် မြို့နယ်လေးမြို့နယ်အား ယနေ့မှစ၍ အရေးပေါ်အခြေအနေကြေညာထားသည်။ ပြည်သူများအနေဖြင့် ဆူပူအကြမ်းဖက်မှုများ ကျယ်ပြန့်မလာစေရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် ယခုဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်ခြင်း၊ မီးရှို့ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများကို ဦးဆောင်ပြုလုပ်ခဲ့သူများ၊ ထပ်မံ၍ အလားတူ လုပ်ဆောင်ရန် ကြံစည်သူများအား တွေ့ရှိပါက အရေးယူနိုင်ရေးအတွက် သတင်းပေးပို့ကြပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





လွှတ်တော်ရေးရာကဏ္ဍ

◆ ပြည်သူ့လွှတ်တော်မှ

ဂျာနယ်များနှင့် မဂ္ဂဇင်းများတွင်လည်း အပူရှိန်မြင့်မားသည့်အကြောင်း၊ ခရမ်းလွန်ရောင်ခြည်ကြောင့် အန္တရာယ်ရှိနိုင်သည့်အကြောင်းများ ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

ဖြေကြားချက်များအပေါ် မေးခွန်းရှင် **ဦးစိုးဝင်း**က "အခု ကျွန်တော့်ရဲ့ ဆန္ဒကို ဝန်ကြီးဌာနနှစ်ခုက ဘက်စုံထောင့်စုံက လုပ်ကိုင်ဆောင်ရွက်အကောင်အထည်ဖော်ပေးမယ်လို့ လွှတ်တော်မှာ ကတိပြုဖြေကြားပေးသွားတဲ့အတွက် အထူးပဲ အားရကျေနပ်ကျေးဇူးတင်ရှိပါတယ်" ဟု ပြောပြခဲ့သည်။

အလားတူ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးက **နိုင်ငံတကာ ဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဒီမိုကရေစီ၏ နိုင်ငံတကာစံနှုန်းသည် အများကိုကိုယ်စားပြုသော အများအကျိုးရှေးရှုသော စနစ်ဖြစ်သည့်အတွက် နိုင်ငံရေးပါတီများဖွဲ့စည်းခြင်း၊ အစိုးရအုပ်ချုပ်သူများကို ပြည်သူများက ရွေးကောက်တင်မြှောက်ခြင်းတို့ ဖြစ်ပါကြောင်း၊ ထိုသို့ ရွေးကောက်တင်မြှောက်နိုင်ရန် ရွေးကောက်ပွဲဥပဒေများ ရေးဆွဲပြဋ္ဌာန်းရပါကြောင်း၊ နိုင်ငံတော်အစိုးရသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အစိုးရဖြစ်စေရန် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးရာတွင် လွတ်လပ်မှုရှိခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်ပြုခြင်း၊ သတင်းစာ၊ စာနယ်ဇင်းလွတ်လပ်ခွင့်ရှိခြင်း၊ အများပြည်သူ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုကို ဖော်ဆောင်ပေးခြင်း၊ ကြောက်ရွံ့မှုကင်းခြင်း၊ အများဆန္ဒသဘောထားကို အလေးထား အသိအမှတ်ပြုခြင်း စသည့် လူ့အခွင့်အရေးများသည် ဒီမိုကရေစီ၏စံနှုန်းများဖြစ်ပါကြောင်း၊ အဆိုပါစံနှုန်းများကို တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများ၊ ကျောင်းများတွင် သက်ဆိုင်ရာ ဆရာ/ဆရာမများက ကျောင်းသားများ၊ လူငယ်များ သိရှိနားလည်စေရန် ထည့်သွင်း သင်ကြားပေးလျက်ရှိပါကြောင်း၊ ထိုသို့ သင်ကြားပေးခြင်းဖြင့် နောင်အနာဂတ်တွင် ဒီမိုကရေစီ၏ အသီးအပွင့်များကို ကောင်းမွန်စွာ ခံစားနိုင်မည် ဖြစ်ပါကြောင်း။

မျိုးဆက်သစ် လူငယ်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားမြင့်မားရေးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိ/စာရိတ္တနှင့် လောကနီတိဘာသာရပ် သင်ခန်းစာများကို အခြေခံပညာအဆင့်အလိုက် သင်ကြားပေးလျက်ရှိပြီး ဒီမိုကရေစီစိတ်ထား၊ ဒီမိုကရေစီကျင့်စဉ်နှင့်ဆက်နွှယ်သော လူ့အခွင့်အလမ်း ပညာရေးသင်ခန်းစာများကို အလယ်တန်းအဆင့်၊ ပဥ္စမတန်းမှ အထက်တန်းအဆင့် နဝမတန်းအထိ သင်ကြား လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ကိုယ်ရည်ကိုယ်သွေးနှင့် ပညာရည်တို့ အချိုးညီပြည့်ဝလာစေရန်နှင့် လူမှု စီးပွားရေးနယ်ပယ်တွင် ခိုင်မာစွာ ရှင်သန်နိုင်မည့် တွေးခေါ်ကျင့်ကြံပြုမူနေထိုင်တတ်သည့် အရည်အသွေးများ ပြည့်ဝလာစေရန် ယခုပညာသင်နှစ်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းသား၊ ကျောင်းသူများအား ဗဟိုအဆင့်နှင့် ကျောင်းအဆင့် ကင်းထောက်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပါကြောင်း၊ ကင်းထောက်ကတိနှင့် ကျင့်ဝတ်များတွင်ပါရှိသည့် "သူတစ်ပါးအား အစဉ်ကူညီသည်၊ ဂုဏ်သိက္ခာသည် ယုံကြည်ရသည်၊ ကိုယ်နှုတ်နှလုံး သုံးပါးစလုံး ဖြူစင်သန့်ရှင်းသည်" ဟူသည့် လူသားတစ်ယောက်ဖြစ်စေရေး လေ့ကျင့်ပြုစုလျက်ရှိပါကြောင်း။

စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်း။ (သတင်းစဉ်)

အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားကောင်း အရည်အသွေးများ ပြည့်ဝစေရေးအတွက် ကျောင်းကောင်စီဝင်များ၊ ခေါင်းဆောင်များ ရွေးချယ်ရာတွင် အရည်အချင်းရှိသူ၊ ကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်မည့်သူ၊ ကိုယ်ကျင့်တရား ကောင်းမွန်သူများကို ရွေးချယ်ဆန္ဒမဲပေးခြင်း၊ လူအများစု၏ဆန္ဒအရ ဆန္ဒမဲအများဆုံးရရှိသူကို ခန့်အပ်တာဝန်ပေးခြင်း၊ လူနည်းစု၏ဆန္ဒကိုလည်း အလေးထားခြင်း၊ ရွေးချယ်ခံရသူ၏ လုပ်ဆောင်မှုကို မပြတ်လေ့လာ၍ ရွေးချယ်မှုမှန်ကန်ခြင်း ရှိ/မရှိကို ပြန်လည်သုံးသပ်စေခြင်း စသည့် ကျောင်းကောင်စီရွေးချယ်မှုလုပ်ငန်းစဉ်ကို ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာ အလေ့အကျင့်များဖြင့် ချိတ်ဆက် ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီနိုင်ငံသားတစ်ဦး၏ ဂုဏ်အင်္ဂါအရည်အချင်းများဖြစ်သည့် အသိဉာဏ်ပြည့်မီအောင် ဆောင်ရွက်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စိတ်သဘောထားပြည့်ဝခြင်း၊ စည်းကမ်းသေဝပ်ခြင်း၊ အများအကျိုးအတွက် ဆောင်ရွက်ခြင်း၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း စသည်တို့နှင့် ဒီမိုကရေစီနိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများဖြစ်သည့် နိုင်ငံတော်ကို ကြည်ညိုလေးစားခြင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် ကြိုးပမ်းအားထုတ်ခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း စသည့် တာဝန်ကိုသိရှိခြင်းနှင့် တာဝန်ကိုခံယူလိုခြင်း ဆိုင်ရာသင်ခန်းစာများကို ရသ၊ စာပေနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များတွင် ထည့်သွင်းသင်ကြားပေးလျက်ရှိပါကြောင်း။

ထို့ပြင် အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်ပထမနှစ် ကျောင်းသားများအား ဒီမိုကရေစီနှင့်ပတ်သက်ဆက်နွှယ်သော သင်ရိုးညွှန်းတမ်းများကို သမိုင်းဘာသာတွင် ထည့်သွင်းသင်ကြားလျက်ရှိပါကြောင်း၊ World History ဘာသာရပ်ကို သမိုင်းအထူးပြု ကျောင်းသားများအတွက် ပထမနှစ်နှင့် သမိုင်းအထူးပြုမဟုတ်သော ကျောင်းသားများအားလုံးအတွက် ပထမနှစ်၊ ဒုတိယနှစ်ဝက်တွင်လည်းကောင်း၊ Modern Myanmar ကို တတိယနှစ်သမိုင်းအထူးပြု၊ ပထမနှစ်ဂုဏ်ထူးတန်း သမိုင်းအထူးပြု ကျောင်းသားများအတွက် လည်းကောင်း၊ Constitutional History of Myanmar ကို တတိယနှစ်ဂုဏ်ထူးတန်းသမိုင်းအထူးပြု ကျောင်းသားများအတွက်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေး ပညာအထူးပြု ဂုဏ်ထူးတန်း နောက်ဆုံးနှစ်နှင့် မဟာဝိဇ္ဇာ အရည်အချင်းစစ်သင်တန်းတွင် ဒီမိုကရေစီနှင့် ဆက်နွှယ်ပတ်သက်သည့် Political Science: Democracy ကို ထည့်သွင်းသင်ကြားပေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဖြေကြားစဉ်။ (သတင်းစဉ်)

လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့အတူ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ **တောင်သူလယ်သမားများနှင့် အလုပ်သမားများအခွင့်အရေး ကာကွယ်သည့် ဥပဒေဆောင်ရွက်ပြီးစီးမှုကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာကော်မတီများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲပြီးလာမည့် သတ္တမပုံမှန်လွှတ်တော်အစည်းအဝေးများတွင် ဥပဒေတစ်ရပ်ဖြစ်လာရေးအတွက် ဆောင်ရွက်သွားရန်ကိုလည်း လွှတ်တော်က တိုက်တွန်းပါကြောင်းဖြင့် ပြန်ကြားဖြေကြားခဲ့သည်။

တာဝန်ပေးအပ်ခြင်း ကဏ္ဍ၌ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီ/ကော်မရှင်များမှ လစ်လပ်သွားသော ကိုယ်စားလှယ်များ၏နေရာတွင် ဖြည့်စွက်တာဝန်ပေးခြင်းနှင့် ကော်မတီပြောင်းလဲတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ ထိုသို့ ပြောကြားရာတွင် ယနေ့တွင် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကြီး ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ "ပြည်သူ့အသံ - လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက်-လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ လွှတ်တော်အတွင်း၌ ပြည်သူ့အသံများ ညံစီစွာ လွှမ်းမိုးခဲ့ပါကြောင်း၊ ထိုအသံများမှာလည်း ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်များဖြစ်ပါကြောင်း၊ ပြည်သူများ၏ဆန္ဒ၊ လိုလားချက်၊ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်အတွင်းတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့်ရော လွှတ်တော်ကော်မတီများအနေဖြင့်ပါ ဖော်ဆောင်ပေးနိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရက တင်ပြလာသောစီမံကိန်း၊ အများအသိ ဘတ်ဂျက်ဟုခေါ်သော အရအသုံးခန့်မှန်းခြေနှင့်

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

အခွန်ဥပဒေကြမ်းများတွင် ပါရှိလာသည့်အချက်အလက်နှင့် အကြောင်းအရာများကို ဆီလျော်အောင်၊ မျှတအောင်၊ အကျိုးရှိအောင် စေတနာသဒ္ဒါထက်သန်စွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်သူ့ကိုယ်စားလှယ်များအား ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အနေဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ဖော်ထုတ်ချီးကျူးလိုပါကြောင်း။

လွှတ်တော်နှင့်အစိုးရ သဟဇာတမျှမျှတတ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံ့ဝန်ထမ်းများ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာနှင့်အညီ နေထိုင်စားသောက်နိုင်ရေးကို ရှေးရှုဖြစ်ပေါ်နေစေသော လစာစရိတ်၊ ရုံးသုံးစရိတ်များကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးနေလင့်ကစား မိဘများက သားသမီးများ၏ ပညာရေးအတွက် ဆရာ/ဆရာမများကို ငှားရမ်းအကုန်အကျခံမှု ပြုနေကြရသော ကိုယ့်အားကိုယ်ကိုးကျောင်း၊ မူလတန်းလွန်ကျောင်း၊ တွဲဖက်ကျောင်း အသီးသီးရှိ ဆရာ၊ ဆရာမများအား နိုင်ငံတော်က ငွေကြေးစိုက်ထုတ်ထောက်ပံ့မှုပြုနိုင်စေခြင်း၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်းများအား ကူပံ့နိုင်ခြင်းများပြုနိုင်စေခြင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ မြို့ပြနှင့် ကျေးလက်မကွာခြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု တစ်နိုင်ငံလုံးတွင် မြင့်တင်နိုင်ရေးအတွက် ရန်ပုံငွေများ တိုးမြှင့်ပေးသကဲ့သို့ မျှတစွာ ဆောင်ရွက်ပေးနိုင်ခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး၊ ဒေသအတွင်း သင့်တင့်သော အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် စီမံကိန်းများဆောင်ရွက်ရာတွင် ဒေသခံများအလုပ်အကိုင်ရရှိရေးအတွက်လည်း ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တောင်သူလယ်သမားများ၊အလုပ်သမားများအခွင့်အရေးကို ကာကွယ်သည့်ဥပဒေများ အလျင်အမြန်ပေါ်ထွက်လာပြီး ဆင်းရဲမှုနှင့် ဆင်းရဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲအခက်အခဲနှင့် ဒုက္ခများ ဖြေလျှော့စေမည့် အစီအစဉ်များချမှတ်နိုင်ရေးအတွက်လည်း လွှတ်တော်များက ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ဥပဒေကြမ်းအချို့ကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်နှင့် ဌာနအသီးသီးတွင် စတင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သတ္တမပုံမှန်အစည်းအဝေးတွင် မဖြစ်မနေ ပြဋ္ဌာန်းနိုင်ရန်လိုအပ်ပါကြောင်း၊ အခြေအနေက တောင်းဆိုနေပါကြောင်း၊ လွှတ်တော်သည် ဒီမိုကရေစီ၏ အသက်ဝိညာဉ်ဟု အချို့နိုင်ငံများက ဆိုစမှတ်ပြုထားကြပါကြောင်း၊ မိမိတို့ လွှတ်တော်ကလည်း ထိုဆိုစမှတ်ကို ခံယူသည့်အပြင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကိုဖြစ်ထွန်းစေသော၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကိုကာကွယ်သော ဥပဒေများ ပြဋ္ဌာန်းပေးရမည်မှာ လွှတ်တော်၏ တာဝန်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းလိုက်သော ဥပဒေများကို အစိုးရအဖွဲ့အပါအဝင် နိုင်ငံသားအားလုံးက လိုက်နာဆောင်ရွက်ရေးအတွက် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းပူးပေါင်း ဆောင်ရွက်ရေးကိုပါ အဓိကထားတာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း မိမိတာဝန်ခံထုတ်ပြန်ထားသောဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည့်နည်းတူ သက်ဆိုင်ရာဌာနအသီးသီး

စာမျက်နှာ ၇ ကော်လံ ၁

ပျောက်ဆုံးကြောင်း

ဦးတင်မောင်မောင် ၇/တကန(နိုင်)၀၂၀၇၂၃၏ နိုင်ငံကူးလက်မှတ် အမှတ် A-၄၄၆၃၈၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၈၇၀၄၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မာမက်ဟူဆောင်၏ PP No. M-၂၃၁၅၄၁သည် ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မာမက်ဟူဆောင်**

ဖုန်း-၀၉-၅၁၁၉၀၃၀

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးကျော်ဇံထွေး၏ နိုင်ငံကူးလက်မှတ်အမှတ်-၇၄၉၈၂၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၄၈၆၈၆



မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၃ခုနှစ် မတ် ၂၆ရက်(တပေါင်းလပြည့်နေ့)နှင့် ၂၀၁၃ခုနှစ် မတ် ၂၇ရက်(တပ်မတော်နေ့)များတွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆောင်းပါး

ချင်းပြည်နယ်ပြည်သူတို့၏ တင်ပြချက်

၁။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိသူများလိုက်ပါလျက် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ရဟတ်ယာဉ် သုံးစင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်၊ တီးတိန်၊ ဖလမ်းနှင့် ဟားခါးမြို့များသို့ သွားရောက်ခဲ့ပြီး ဟားခါးမြို့တွင် ညအိပ်ရပ်နားခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဟားခါးမြို့မှတစ်ဆင့် မင်းတပ်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး မင်းတပ်မြို့မှ ပခုက္ကူမြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ၎င်းမှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားပါသည်။

၂။ နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးများလည်း လိုက်ပါလာကြပါသည်။

၃။ နိုင်ငံတော်သမ္မတကြီးနှင့်အဖွဲ့သည် ခရီးစဉ်အတွင်း တီးတိန်မြို့တွင် တီးတိန်၊ တွန်းဇံမြို့နယ်နှင့် ကျီခါးမြို့နယ်ခွဲတို့မှ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတကြီးက ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်တို့ကို ပံ့ပိုးဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင်-

(က) ဒေသအတွင်း စီးပွားရေးလုပ်ငန်းကြီးများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အခွင့်အရေးမပေးသော်လည်း ဒေသအတွင်း ဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးချဲ့ဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့် ဝက်၊ နွား၊ နွားနောက်များကို ဒေသအတွင်း စားသုံးမှုဖူလုံပိုလျှံပါက အိမ်နီးချင်းတစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သဖြင့် မွေးမြူရေးလုပ်ငန်းကို တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ယခင်က ရှိပြီးသည့် ပိုးမွေးမြူထုတ်လုပ်ရေးကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကဏ္ဍတွင် တိုးတက်မြင့်မားပြီး အခြေခံပညာအထက်တန်းစာမေးပွဲများတွင် အောင်ချက်မြင့်မားလာစေရေးအတွက် လိုအပ်ချက်များကို ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ကြရန်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

(ခ) ဒေသအတွင်း တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေးတို့အတွက်လည်း တာဝန်ရှိအဖွဲ့အစည်းအသီးသီးက စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မြို့မိမြို့ဖများအနေဖြင့်လည်း မိမိတို့၏မြို့ရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့် ချင်းပြည်နယ်မှ ကလေးငယ်များ၊ ပညာတတ်များပေါ်ထွန်းလာစေရန် ပညာရေးကို ဝိုင်းဝန်းအားပေးစေလိုကြောင်း၊ ပညာတတ်မှသာ ၎င်းတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် နို့စားနွားများမွေးမြူခြင်း၊ ဝက်မွေးမြူခြင်းတို့ကို ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့်နီးကပ်ပြီး ၎င်းပြည်နယ်သည် ဝက်သားစားသုံးမှုမြင့်မားသဖြင့် ဝက်မွေးမြူရေးကို တိုးချဲ့မွေးမြူသွားရန်လိုကြောင်း၊ ရှမ်းပြည်နယ်တွင် ကျေးရွာတစ်ရွာမှ ဒေသခံတောင်သူတစ်ဦးသည် ဝက်အကောင်ရေ ၂၀၀ မွေးမြူထားကြောင်း၊ ပြောင်းစိုက်ပျိုးကာ အရက်ချက်လုပ်ခွင့်လိုင်စင်ရယူပြီး ပြောင်းဖြင့် အရက်ချက်ကာ ထွက်ရှိလာသော ကစော်ဖတ်များကိုလည်း ဝက်စာအဖြစ် အသုံးပြုသဖြင့် ဝက်များ ပိုမိုကြီးထွားအောင်မြင်ခဲ့ကြောင်း၊ ဒါကြောင့် ပြောင်းကိုစားသုံးရန် အစားအစာအပြင် အခြားကဏ္ဍများတွင်လည်း အကျိုးရှိစွာ ထုတ်လုပ်အသုံးပြုနိုင်သောကြောင့် ဒေသ၏ မွေးမြူရေးအတွက် အထောက်အကူပြုအောင် ပြောင်းကို လူထုစားသုံးရန်အပြင် တိရစ္ဆာန်အစာအဖြစ် ထုတ်လုပ်နိုင်ရေးကိုပါ မျှော်မှန်းဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ရာတွင် ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်နေ့ထုတ် လူထုပုံရိပ်ဂျာနယ်အတွဲ(၁)၊ အမှတ်(၂၅)၊ စာမျက်နှာ(၆) ကော်လံ(၁)မှ (၅)တွင် အောက်ပါအတိုင်း ဝမ်းနည်းဖွယ်ရာ ဖတ်ရှုခဲ့ရပါသည်-

(က) သမ္မတကြီး ဦးသိန်းစိန်၏ ချင်းပြည်နယ်ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ချင်းပြည်နယ်အစိုးရအဖွဲ့ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် ချင်းပြည်နယ် စီးပွားရေးတိုးတက်ရေးအတွက် အရက်ချက်ရန် သမ္မတက တိုက်တွန်းပြောဆိုခဲ့ကြောင်း ချင်းမြို့မိမြို့ဖများနှင့် ဝန်ထမ်းအချို့က ဆိုကြပါသည်။

(ခ) ချင်းပြည်နယ်တွင် ပြောင်းဆန်အထွက်များ၍ စီးပွားဖြစ် တစ်နိုင်တစ်ပိုင်အရက်ချက်ရန်နှင့် ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိလာသောခေါင်ဖတ်ကို မွေးမြူရေးအစားအစာအဖြစ် ဝက်များကိုကျွေးရန် ပြောဆိုခြင်းဖြစ်ကြောင်း၊ ဟာသနှောပြောဆိုခြင်းမဟုတ်ဘဲ အကြံပြုပြောဆိုခြင်းဖြစ်ပြီး အမှန်တကယ်တိုးတက်ရေးကို အကောင်အထည်ဖော်နိုင်သည့် အကြံပေးချက် မဟုတ်ကြောင်း လူထုပုံရိပ်သို့ ဝေဖန်ပြောကြားခဲ့ပါသည်။ သမ္မတအနေနဲ့ ချင်းပြည်နယ်ရှိ အခြားထွက်ကုန်များကို ဈေးကွက်ကျယ်ပြန့်စေရန် မည်ကဲ့သို့လုပ်ဆောင်ရမည်ကို လမ်းညွှန်ရမည့်အစား အရက်ချက်ရန် တိုက်တွန်းနှိုးဆော်မှုကို စိတ်ပျက်မိကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ ချင်းဝန်ကြီး ဦးဟုန်ငိုင်းအား ဆက်သွယ်မေးမြန်းရာ ၎င်း၏ ကိုယ်ရေးအရာရှိက သမ္မတခရီးစဉ်တစ်လျှောက် ၎င်းတို့အနေဖြင့် တောက်လျှောက်လိုက်ပါခဲ့သည်ဖြစ်၍ ယင်းသို့ ပြောဆိုခြင်းကို မကြားမိကြောင်း ပြောသည်။

၅။ ခရီးစဉ်အတွင်း ဖလမ်းမြို့နယ် လုံပီးဒေသတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။ ဟားခါးမြို့တော်၏ သောက်သုံးရေဖူလုံစေရေးအတွက် အဆင့်ကိုးဆင့်ဖြင့် ရေဖူလုံစွာရရှိနိုင်ရန် ရေတင်စနစ်ဖြင့် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပြီး ယခုအချိန်တွင် နိုင်ငံတော်သမ္မတရုံး၏ အစီအစဉ်ဖြင့် သောက်သုံးရေထုတ်လုပ်ရေး ကျွမ်းကျင်ပညာရှင်သုံးဦးကိုစေလွှတ်ကာ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ ဖလမ်းမြို့ မြို့မိမြို့ဖများတင်ပြချက်အရ ဖလမ်း ခုတင် ၂၀၀ ဆေးရုံကြီး အမြဲတည်ရှိမည်သာဖြစ်ကြောင်းနှင့် လိုအပ်သော လူနာတင်ယာဉ်တစ်စီး တောင်းခံချက်ကို သမ္မတကြီးမှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သဖြင့် ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီးသို့ ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်နေ့တွင် ရောက်ရှိ၍ စနစ်တကျ ထိန်းသိမ်းသုံးစွဲလျက်ရှိပါသည်။ နိုင်ငံတော် သမ္မတကြီးအနေဖြင့် ခရီးစဉ်အတွင်း သာသနာရေးအတွက် ဗုဒ္ဓဘာသာကျောင်းများတွင် ဆန်အိတ် ၅၀၀၊ ခရစ်ယာန်ကျောင်းများအတွက် ဆန်အိတ် ၃၀၀၊ ထန်တလန်မြို့နယ် စားနပ်ရိက္ခာရှားပါး ပြည်သူများအတွက် ဆန်အိတ် ၂၀၀၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆန်အိတ် ၂၀၀ အား စားနပ်ရိက္ခာရှားပါးဒေသများသို့ လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးသုံးရန် ကျပ်သိန်း ၁၀၀ အား လည်းကောင်း ပံ့ပိုးထောက်ပံ့ပေးခဲ့ပါသည်။

၇။ ကောင်းသောအကြံပြု လမ်းညွှန်ချက်ပေးရာတွင် တက်ရောက်ခြင်းမရှိသော အဝေးရောက်နေသူမှ နားစွန်နားဖျားကြားရုံဖြင့် နိုင်ငံတော်အကြီးအကဲ၏ တိုင်းရင်းသားလူမျိုးများအပေါ် စေတနာထားဆောင်ရွက်မှုများအား မလိုမုန်းထားဖြင့် ဝေဖန်တိုက်ခိုက်ခြင်းဖြစ်ရာ ချင်းလူထုအတွက်ရော နိုင်ငံသူနိုင်ငံသားများအတွက်ပါ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။

၈။ ယခုလို နိုင်ငံတော်သမ္မတကြီးနှင့်အဖွဲ့ ခရီးစဉ်တွင် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာ၊ မေတ္တာကြီးမားစွာဖြင့် သမ္မတကြီးမှ ဆောင်ရွက်ပေးမှုအပေါ် ချင်းပြည်နယ်လူထုနှင့် အခြားရောက် ချင်းပြည်နယ်လူထုကပါ ဝမ်းသာကြ၍ သမ္မတကြီးအား ကျေးဇူးတင်ရှိနေချိန်တွင် ဘေးမှနားစွန်နားဖျားကြားရုံဖြင့် နိုင်ငံတော်အကြီးအကဲအား မဟုတ်မမှန်လိုရာဆွဲပြီး ပြောဆိုချက်အား ချင်းပြည်နယ်လူထုမှ သဘောမတူကြောင်းနှင့် ပြည်နယ်အကျိုးလိုလားပါက ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လူကိုယ်တိုင် အင်တိုက်အားတိုက် ပါဝင်ရန်သာဖြစ်ကြောင်း၊ အမှန်တရားသေချာသိရှိအောင် လေ့လာအားထုတ်ချက်မရှိဘဲ အဝေးမှနေ၍ နားစွန်နားဖျားကြားရုံဖြင့် အပြုသဘောမဆောင်၊ အဖျက်သဘောမျိုးဖြစ်အောင် ဆောင်ရွက်နေသူများအား ချင်းပြည်နယ်လူထုမှ ရှုတ်ချပါကြောင်း တင်ပြအပ်ပါသည်။

ချင်းပြည်သူလူထု

ကျပ်(၂၀၀)တန်ထီဖွင့်ပွဲ ဧပြီ(၁)ရက်တွင်ကျင်းပမည်

ရန်ကုန် မတ် ၂၂

(၂၉၁)ကြိမ် ကျပ် ၂၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေ သိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဧပြီ ၁ ရက် (တနင်္လာနေ့) နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီ အထိ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ ခြောက်ဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၅ ဆု၊ ငွေကျပ် ၁၀ သိန်း ၄၉၅ ဆု၊ ငွေကျပ်ငါးသိန်း နှစ်ဆု၊ ငွေကျပ် သုံးသိန်း ၁၅၃ ဆု၊ ငွေကျပ် နှစ်သိန်းဆု ၁၄၁၀၊ ငွေကျပ် တစ်သိန်း ၁၃၈၄၃ ဆုနှင့် ငွေကျပ် ငါးသောင်း ၉၉၉၉ ဆု အပါအဝင် ဆုမဲပေါင်း ၂၅၉၂၈ ဆု ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်းလုံးညီညာ အောင်ကြောင်းဖြာ

ဘုရင့်နောင်တံတားဖြတ်သန်းခလျှော့၍ ယာဉ်ငယ်များ အဆင်ပြေစွာသွားလာနိုင်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်အတွင်းရှိ လှိုင်မြစ်ဖြတ် ဘုရင့်နောင်တံတားပေါ်မှ ဖြတ်သန်းသွားလာနေသော ယာဉ်ငယ်များ ယခင် ၂၀၁၂ ဧပြီ ၁ ရက်မှစ၍ ငွေကျပ် ၁၅၀ နှုန်း တံတားကြေးပေးဆောင်နေရာမှ ၂၀၁၃ ဖေဖော်ဝါရီလမှစ၍ ငွေကျပ် ၅၀ နှုန်းသာ ပေးဆောင်ရသဖြင့် အဆင်ပြေစွာ သွားလာနိုင်ကြောင်း နေ့စဉ် ယင်းတံတားပေါ်မှ ယာဉ်ငယ်ဖြင့် ဖြတ်သန်းနေရသော ဘုရင့်နောင်ပွဲရုံလုပ်ငန်းရှင် တစ်ဦးက ဆိုသည်။

ဖော်ပြထား

ဘုရင့်နောင် တံတားသည် အရှည်ပေ ၁၆၄၀ ရှိပြီး တံတားတန်ဖိုး မြန်မာငွေကျပ် သိန်း ၂၅၀၀ နှင့် US ဒေါ်လာ ၃ ဒသမ ၁၄၁၆၆ သန်း ကုန်ကျခဲ့ကြောင်း၊ ယခင်က သာမန်ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တည်ဆောက်ခဲ့ခြင်းအပေါ် သာမန်အဆင့်တံတားဟု သတ်မှတ်ခဲ့ကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ကြမ်းခင်းဈေးမှာ ငွေကျပ် သိန်းပေါင်း ၄၅၅၀ ဖြစ်ပြီး ၂၀၁၂-၂၀၁၃ အတည်ပြု လေလံအောင်မြင်ဈေးနှုန်းမှာ ငွေကျပ် သိန်းပေါင်း ၁၀၆၀၄ ဒသမ ၃၉ ဖြစ်ကြောင်း၊ ဘုရင့်နောင်တံတားကို သာမန်တံတား ကောက်ခံနှုန်းမှ ပေ ၁၀၀၀ မှ ပေ ၅၀၀၀ အောက် စီမံကိန်းဝင်တံတား အဆင့်(ဂ)တံတားနှုန်းဖြင့် ၁-၁၀-၂၀၁၁ ရက်မှ ကောက်ခံရန် အကြောင်းကြားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ် ကုန်သည်အထိ သာမန်တံတား(ဃ)အဆင့်နှုန်းဖြင့် ကောက်ခံရန်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အစ ၁-၄-၂၀၁၂ ရက်မှစ၍ စီမံကိန်းဝင်တံတား (ဂ)အဆင့်နှုန်းဖြင့် ကောက်ခံရန် တင်ပြခဲ့ခြင်းအပေါ် ဆောက်လုပ်ရေး ဝန်ကြီးဌာနက သဘောတူကြောင်း၊ ၂၀၁၂ခုနှစ် မေလ ၂ ရက်နေ့ထုတ် အဆိုပါ ဝန်ကြီးဌာနထုတ် သတင်းဂျာနယ်တွင် ဖော်ပြထားကြောင်း သိရသည်။

ငွေကြေးသက်သာ

ယခုအခါ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် လမ်းတံတားလုပ်ကိုင်ခွင့်ကို မဲစနစ်ဖြင့် ပေးမည့် အစီအစဉ်တွင် ဘုရင့်နောင်တံတားသည် တံတားကောက်ခံနှုန်း အဆင့်(ဃ)ဟု ဖော်ပြထားပြီး ၂၀၁၃-၂၀၁၄ အတွက်စံနှုန်းအရ ပဆကြမ်းခင်းဈေးနှုန်းမှာ ကျပ်သိန်းပေါင်း ၃၉၉၀ ဖြစ်ရာ ယခင်နှစ်ထက် ကျပ်သိန်းပေါင်း ခြောက်ထောင်ကျော် ကျဆင်းလာကြောင်း၊ တံတားဖြတ်သန်းခ နှုန်းထားမှာလည်း ၁- ၄-၂၀၁၂ မတိုင်မီ နှုန်းထားများအတိုင်း ဖြစ်လာသဖြင့် ဘုရင့်နောင်တံတားပေါ်မှ ဖြတ်သန်းနေရသော ယာဉ်များအနေဖြင့် ငွေကြေးသက်သာလာကြောင်း ဆိုသည်။

ဖြတ်သန်းခွင့်မပြု

လက်ရှိ ဘုရင့်နောင်တံတားသည် ယာဉ်+ကုန် သုံးတန်အထက် (ခရီးသည်တင်ယာဉ်မှအပ) ဖြတ်သန်းခွင့် မပြုကြောင်း သိရသည်။

(ခင်ဆိုင်)

စာမျက်နှာ ၅ မှ

ကလည်း တာဝန်ခံစီမံခန့်ခွဲရသည့် ဥပဒေများကို အဖွဲ့အစည်းအလိုက် သော်လည်းကောင်း၊လူပုဂ္ဂိုလ်အလိုက် သော်လည်းကောင်း ဥပဒေနှင့်အညီ လိုက်နာခြင်းနှင့် ကျင့်သုံးဆောင်ရွက်ခြင်းများ ပြုရမည်ဖြစ်ပါကြောင်း။

သို့မှသာ တရားဥပဒေဘောင်အတွင်း လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခြင်း၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခြင်းဟူသော ပြည်ထောင်စုဟူသော အနက်အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် မရှိမဖြစ်လိုအပ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း။

အလျဉ်းသင့်၍ လွှတ်တော်အပေါ် အမြင်အမျိုးမျိုးရှိသည့် အကြောင်းတင်ပြလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များတင်ပြထားသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် အဆိုများကို လွှတ်တော်အတွင်း၌ အားလုံးကို ဖြေဆိုပေးရန် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုဆောင်ရွက်စေလိုကြကြောင်း၊ လက်တွေ့ခွင့်ပြုပေးမှုနှင့် စီစဉ်ဆောင်ရွက်ပေးမှုအပေါ် အထင်အမျိုးမျိုး၊ အမြင်အမျိုးမျိုး ရှိခဲ့ကြပါကြောင်း။

ဖြေဆို ဆွေးနွေးပေးကြရသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လွှတ်တော်ကိုယ်စားလှယ်များ မေးသည့် မေးခွန်းများ၊ အဆိုများသည် အခက်အခဲဖြစ်စေပါကြောင်း၊ အကျပ်အတည်းဖြစ်စေပါကြောင်း၊ ဂုဏ်သိက္ခာထိခိုက်စေပါကြောင်း၊ ရိုင်းပျလိုသည့်သဘောများကို အချို့မေးခွန်းနှင့်အဆိုများတွင် ပါရှိသည်ဟု အထင်ရှိကြပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ထဲ လာဖြေရမည်ကို ဝန်လေးကြပါကြောင်း။

အမြင်မကျယ်သူ မရင့်ကျက်သည့် ပြည်သူအချို့နှင့်လွှတ်တော်အကြောင်း သေချာစွာ လေ့လာသိရှိမှုမပြုရသေးသည့် ပြည်သူအချို့က လွှတ်တော်က စကားချည်းများနေကြကြောင်း၊ ပြည်သူ့ငွေများသုံးဖြုန်းနေကြောင်း၊ မည်သို့မျှ အလုပ်မဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ထဲတွင် အချိန်ဖြုန်းပြီးနေကြကြောင်း။

လွှတ်တော်ကို စိတ်ဝင်စားသည့် သဘောသဘာဝသိသည့် သူများကမူ လွှတ်တော်က လွှတ်တော်နှင့်တူလာပြီ၊ ယခုကဲ့သို့သာ လွှတ်တော်အတွင်းတွင် ဆက်လုပ်သွားလျှင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု မလွဲမသွေ အောင်မြင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံ လွှတ်တော်များ လက်ညှိုးထောင်ခေါင်းညိတ် မဟုတ်တော့ကြောင်း၊ Rubber stamp အမည်ခံ မည်ကာမတ္တ လွှတ်တော်မဟုတ်ဘူးဟု ပြောကြားကြကြောင်း။

လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်တွင် လုပ်စရာအများကြီးကျန်နေကြောင်း၊ အလုပ်များလုပ်နိုင်အောင် လက်ရှိအခြေအနေ၊ လက်ရှိလွှတ်တော်နှင့် လျော်ညီသည့် ဖွဲ့စည်းမှုများလုပ်ရကြောင်း၊ တည်ဆဲဥပဒေများ လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ပြဋ္ဌာန်းရန်များစွာရှိနေပြီဖြစ်ကြောင်း၊ စေတနာထားလျှင်ထားသလောက် ပင်ပန်းကြသည်ကို တွေ့မြင်နေကြရကြောင်း၊ အချို့လွှတ်တော်ကိုယ်စားလှယ်များ စာအုပ်စာတမ်းစုဆောင်းရ၊ ဖတ်ရှုလေ့လာရ၊ ဖုန်းဆက်ရ၊ ကွန်ပျူတာစီရ၊ စာရေးရနှင့်အတော်ပင်ပန်းကြသကဲ့သို့ ငွေကြေးလည်း ကုန်ကျမှုရှိကြောင်း။

ဥက္ကဋ္ဌလည်း အများနည်းတူ ပြည်သူ့အတွက်၊အများအတွက် မမောမပန်း ကြိုးစားလုပ်ဆောင်လျက်ရှိပါကြောင်း၊ သို့ရာတွင် တစ်ခါတလေ ကိုယ်စားလှယ်များထံမှ ၎င်းတို့မေးခွန်းများ၊ အဆိုများ ဆွေးနွေးပြောဆိုခွင့် ကိစ္စနှင့် စပ်လျဉ်းပြီးပြောလာကြသည့်ကိစ္စ၌ ကိုယ်စားလှယ်များအတွက် အားလုံးအတွက်ပါရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အခါ စိတ်မကောင်းဖြစ်ရပါကြောင်း၊ ကိုယ့်စိတ်က ကိုယ့်အတွက်အရေးကြီးဆုံးဖြစ်သော်လည်း အများနှင့်စာလျှင်၊ နိုင်ငံနှင့်စာလျှင် အရေးမကြီးတော့သည်မို့ နောက်ရောက်သွားသည်များလည်းရှိပါကြောင်း။

ထို့ကြောင့် ယခုဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ယင်းကိစ္စများနှင့်ပတ်သက်၍လေ့လာလိုက်လျှင် ကြယ်ပွင့်ပြမေးခွန်းအနေဖြင့် အဆိုမှ မေးခွန်းပြောင်း(၁၆)ခု အပါအဝင်(၄၀၈)ခုရှိပြီး ဖြေဆိုနိုင်သည့်မေးခွန်း(၁၉၆)ခု၊ ကျန်ရှိသည့် မေးခွန်း(၂၁၂)ခု၊ ကြယ်ပွင့်မပြမေးခွန်းအနေဖြင့် (၄၈၂)ခု၊ အဆို(၂၂)ခုအနက်(၁၄)ခုဆွေးနွေးနိုင်ပြီး (၈)ခု ကျန်ရှိပါကြောင်း၊ ဥပဒေကြမ်း (၃၉)ခုအနက် (၂၉) ခုဆွေးနွေးနိုင်ပြီး (၁၅)ခု ပြီးပြတ်ခဲ့ပါကြောင်း၊ (၁၄၃)ခု ကျန်ရှိပါကြောင်း၊ (၁၀)ခုမှာ လုံးဝကျန်ရှိပါကြောင်း။

ကျန်နေသေးသည့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး ပြည်သူများ၏ အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုမရှိရန်အတွက် လွှတ်တော်ဥပဒေ၊နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်သူများ၊ မီဒီယာများကလည်း လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအပေါ် ဝေဖန်မှု၊ အကြံပေးမှုများအပြင် လွှတ်တော်ရေးရာကိစ္စအဝဝအတွက် ပါဝင်နိုင်သည့်ကိစ္စများတွင် ပါဝင်နိုင်ပါကြောင်းနှင့် ပြည်သူများက လွှတ်တော်အပေါ် စိတ်ဝင်စားပြီး ပြည်သူအားလုံး ပါဝင်ရေးအတွက် မီဒီယာများမှတစ်ဆင့် ဆောင်ရွက်ပေးကြရန် လွှတ်တော်တွင် ဆန္ဒရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်တွင်ရပ်နားခဲ့ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကရင်ပြည်နယ်လွှတ်တော် စည်းဝေး

နေပြည်တော် မတ် ၂၂

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ မတ် ၂၁ ရက် နံနက် ၁၀နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီး H.E. Mr. Pascal CANFIN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးအောင်ထွန်း၊ ဦးဇော်မြင့်ဖေ၊ ဦးသိန်းဝင်း၊ ဦးစံထွန်း၊ ဦးအောင်ငြိမ်း၊ ဦးဆိုင်ပေါင်းနပ်၊ ဒေါက်တာခင်ရွှေ၊ ဗိုလ်မှူးကြီး မောင်မောင်ထူး၊ ဒေါ်နန်းနီနီအေး၊ ဒေါ်ခင်ဝိုင်းကြည်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Thierry MATHOU နှင့် သံရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်ရေး၊ မြန်မာ-ပြင်သစ်နှစ်နိုင်ငံ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီစနစ် ဖော်ဆောင်နေမှုများတွင် ပြင်သစ်နိုင်ငံမှ အကူအညီပေးရေး၊ နှစ်နိုင်ငံလွှတ်တော် (၂)ရပ်အကြား လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ အပြန်အလှန် လေ့လာရေးစေလွှတ်ရေးနှင့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

▲ *အမျိုးသားလွှတ်တော်မှ*

အနည်းအများအလိုက် ပါဝင်မှုမှာ (တပ်မတော်သားအပါအဝင်) ဗမာ ၁၄၁ ဦး၊ ရခိုင် ၁၄ ဦး၊ ကရင် ၁၃ဦး၊ ရှမ်း ၁၀ ဦး၊ ချင်း ၁၀ ဦး၊ ကယား ၇ ဦး၊ မွန် ၇ ဦး၊ ကချင် ၄ ဦး၊ ကယန်း ၂ ဦး၊ ခူမီး(ချင်း) ၂ ဦး၊ ကယား/မွန် ၁ ဦး၊ လီဆူး ၁ ဦး၊ ယင်းတလဲ ၁ ဦး၊ ချင်း/ရှမ်း ၁ ဦး၊ နာဂ ၁ ဦး၊ လားဟူ ၁ ဦး၊ ဓနု ၁ ဦး၊ ကိုးကန့် ၁ ဦး၊ ပအိုဝ်း/အင်း ၁ ဦး၊ ပလောင် ၁ ဦးနှင့် "ဝ" ၁ ဦးဖြစ်ပြီး (တပ်မတော်သားမပါ) နိုင်ငံရေးပါတီအင်အား အနည်းအများအလိုက်ပါဝင်မှုမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ၁၂၂ဦး၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ၇ ဦး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ ၅ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၅ ဦး၊ ချင်းတိုးတက်ရေးပါတီ ၄ ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ၄ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီ ၄ဦး၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ ၃ ဦး၊ ချင်းအမျိုးသား ပါတီ ၂ ဦး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ၁ ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ၁ ဦး၊ "ဝ"ဒီမိုကရက်တစ်ပါတီ ၁ ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) ၁ ဦး၊ ကရင်ပြည်သူ့ပါတီ ၁ ဦး၊ တအာင်း (ပလောင်)အမျိုးသားပါတီ ၁ ဦး၊ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ ၁ ဦး၊ အမျိုးသား ဒီမိုကရေစီပါတီသစ် ၁ ဦးနှင့် တစ်သီးပုဂ္ဂလ ၁ ဦးတို့ ဖြစ်ပါကြောင်း။

၎င်းတို့ကို မည်သည့်အတွက်ကြောင့် ခြေဆင်းနေရသလဲဆိုလျှင် လွှတ်တော်စတင်ဖွဲ့စည်းချိန်ကစပြီး ယနေ့ကာလအတွင်း အချို့သော ပြည်နယ်ရေးရာအဆိုများမှာ အတည်ဖြစ်သင့်သည်ဟု ခံစားရသော်လည်း မဖြစ်သင့်မဖြစ်ထိုက်ဘဲ ရှုံးနိမ့်သွားသည့်အတွက် အရေအတွက်နည်းပါးသည့် လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များ စိတ်မကောင်းဖြစ်ကြရသည်ကို စာနာ၍ ဖြစ်ပါကြောင်း၊ မည်သည့်အတွက်ကြောင့် ရှုံးရသလဲဆိုလျှင်ယနေ့ ကျင့်သုံးနေသည့်စနစ်အရ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရခြင်းဖြစ်သည့်အတွက် မဲအများစုက ကန့်ကွက်၍ ရှုံးရခြင်းဖြစ်ပါကြောင်း။

ယင်းကိစ္စနှင့်ပတ်သက်ပြီး မိမိက ၎င်းမှာ နိုင်ငံရေးပါတီတစ်ရပ်၏ သဘောထားမဟုတ်ကြောင်း ကြားရသည်ဟု ပြောပြသည့်အခါ တိုင်းရင်းသား မျိုးနွယ်စုဝင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ၎င်းမဲအများစုပိုင်ရှင်များသည် ပြည်ထောင်စုဝန်ကြီးတစ်ပါး ပြောခဲ့ဖူးသည့် လွှတ်တော်ကိုယ်စားလှယ်အမျိုးအစား ဖြစ်နေသည်ဟု ပြန်ပြောပါကြောင်း၊ ၎င်းကိုယ်စားလှယ်များသည် မိမိတို့၏ ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့်ဆုံးဖြတ်နိုင်စွမ်းမရှိဘဲ အများက ထောက်ခံလိုက်ဆိုလျှင် ထောက်ခံမည်၊ ကန့်ကွက်လိုက်ဆိုလျှင်ကန့်ကွက်မည်ဆိုသည့်မျိုးလုပ်နေပါက လက်ညှိုးထောင်၊ ခေါင်းညိတ်၊ ထိုင်ဆိုထိုင်၊ ထဆိုထ ဆိုသည့်အတွက် အဆိုပါပြောကြားချက်ကို ခံယူရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်တွင်း၌ ဆုံးဖြတ်မည့်အဆိုတစ်ခုကို နိုင်ငံရေးပါတီအလိုက် ပါတီဝင်များ လွှတ်တော်ပြင်ပတွင် ဆွေးနွေးကြ၊ မဲခွဲဆုံးဖြတ်ကြပြီး ပါတီတွင်း ဒီမိုကရေစီအရ များရာဆန္ဒအတိုင်း လွှတ်တော်တွင်း၌ လိုက်နာရသည်ဆိုမှသာ ပါတီ၏သဘောထားဖြစ်ပါလိမ့်မည်ဆိုသည်ကို ပြောကြားလိုပါကြောင်း။

နောက်တစ်ချက် အနေဖြင့် အတည် ဖြစ်သင့်သည့် တိုင်းရင်းသားရေးရာအဆိုတစ်ခုအပေါ် ဆုံးဖြတ်ချက်ချပေးသည်ကို ပြန်ပြင်ချင်သည်ဆိုလျှင် အမျိုးသားလွှတ်တော်တွင် ရှုံးနိမ့်သွားသည့်အဆိုမျိုး ပြည်သူ့လွှတ်တော်တွင်ပြန်တင်ပြီးထောက်ခံပေးလိုက်လျှင်ရသည်၊ ၎င်းမှာလွယ်ပါသည်ဟု ဆွေးနွေးကြကြောင်းကို သိနေကြပြီဖြစ်ပါကြောင်း၊ ယင်းသို့ဆိုလျှင် အမျိုးသားလွှတ်တော်တွင်ရှိသည့် ယင်းပါတီကပင်ဖြစ်သည့် လွှတ်တော် ကိုယ်စားလှယ်များမှာ အညှဲ့ခံနေရသူများ၊ မိမိပါတီ၏ အလေးထားခြင်းကို မခံရသည့်သူများဆိုသည့် သဘောဖြစ်သွားမည်ကို တာဝန်ရှိသူများက စိုးရိမ်နေပုံရပါကြောင်း၊ မည်သို့ပင်ဖြစ်စေ တိုင်းရင်းသားအရေးကိုသာ ဦးစားပေးသင့်သည်ဟု ယုံကြည်ပါကြောင်း။

ယခု အမျိုးသားလွှတ်တော်ကာလအတွင်း၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မိမိ၏အဆိုကို လွှတ်တော်တွင် တင်သွင်းဆွေးနွေးစဉ် မိမိ၏အဆိုကို မှတ်တမ်းတင်ရုံသာ တင်ပေးရန် တစ်ပါတည်း ထည့်သွင်း ဆွေးနွေးသွားသည်ကိုတွေ့ရပါကြောင်း၊ အဆိုတစ်ရပ်ကို တင်သွင်းပြီးမှ လွှတ်တော်၏ဆုံးဖြတ်မှုကို မခံရဲလောက်အောင် မိမိကိုယ်မိမိ မပိုင်၊ မိမိဦးနှောက်မိမိမပိုင်၊ မိမိယုံကြည်ချက်ကို မဆုပ်ကိုင်ရဲသည့် ၎င်းလွှတ်တော် ကိုယ်စားလှယ်၏အဆင့်အတန်းမှာ မည်သည့်နေရာမှာလဲဆိုသည်ကို လွှတ်တော်ကိုယ်စားလှယ်များ ခန့်မှန်းသုံးသပ်လျှင် သိနိုင်ပါကြောင်း။

မိမိအနေဖြင့် တိုင်းရင်းသားလူနည်းစုများဘက်မှခံစားနေရသည့်အတွက် သိသမျှတွေကို ပြောရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ အမျိုးသားလွှတ်တော်၏ ဆဋ္ဌမပုံမှန်အစည်းအဝေး နောက်ဆုံးနေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၊ နိုင်ငံသားနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အကျိုးစီးပွားကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေ၊ မိမိ၏ဆင်ခြင်တုံတရားဖြင့် လွတ်လွတ်လပ်လပ် ဆန္ဒပြုခွင့်ရှိသည့် အမတ်ဂုဏ်ရည်ရှိသူများ ဖြစ်ကြပါစေဟု ဆန္ဒပြုရင်း နှုတ်ဆက်ပါကြောင်းဖြင့် ပြောကြားသည်။

အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်ရပ်နားလိုက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေ

၂၀၁၃ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေပြဋ္ဌာန်း

၂၀၁၃ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေ

(၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။)

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ရက်

(၂၀၁၃ခုနှစ်၊ မတ်လ ၂၂ရက်)

နိဒါန်း

ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် လုပ်ကိုင်လျက်ရှိကြသော အလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေးအတွက် လည်းကောင်း၊ အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးတို့အတွက် လည်းကောင်း ရည်ရွယ်၍ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အလုပ်သမား** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အလုပ်လုပ်ကိုင်ရန် အလုပ်ရှင်နှင့် သဘောတူညီချက်ပြုလုပ်၍ ကာယအား၊ ဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီအလုပ်ကို လုပ်ကိုင်၍ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေရရှိသော အလုပ်သင်များနှင့် ပညာသင်များ၊ စာရေးနှင့်ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင် ပြင်ပအလုပ်သမားများ၊ အိမ်အကူနှင့် အိမ်ယာဉ်မောင်းများ၊ လုံခြုံရေး၊ အစောင့်ဝန်ထမ်းများနှင့် သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေးအလုပ်သမားများလည်း ပါဝင်သည်။ သို့ရာတွင် အောက်ပါအလုပ်သမားများနှင့် ဝန်ထမ်းများ မပါဝင်-

(၁) အလုပ်ရှင်အပေါ် မှီခို၍ အတူနေပြီး အလုပ်ရှင်၏ အလုပ်ကို လုပ်ကိုင်နေသည့် အလုပ်ရှင်၏ မိသားစုဝင်ဖြစ်သော ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘနှင့် ညီအစ်ကို မောင်နှမအရင်းများ၊

(၂) နိုင်ငံ့ဝန်ထမ်းများ၊

(၃) ပင်လယ်ကူး သင်္ဘောသားများ။

(ခ) **အလုပ်ရှင်** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်ထားသောအရေအတွက်အောက်မလျော့သော အလုပ်သမားများအား သဘောတူညီချက်ဖြင့် အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များလည်း ပါဝင်သည်-

(၁) အလုပ်ရှင်၏စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊

(၂) အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ သို့မဟုတ် အခကြေးငွေပေးရန် တာဝန်ရှိသူ၊

(၃) အလုပ်ရှင် သေဆုံးသည့်အခါ အမွေဆက်ခံသူ၊ အလုပ်ရှင်အနေဖြင့် ဆက်ခံသူ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်၊

(၄) အစုစပ်လုပ်ငန်းဖြစ်ပါက အစုဝင်တစ်ဦးချင်းသည်လည်းကောင်း၊ အစုဝင်အားလုံးသည်လည်းကောင်း၊ လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရန် အစုစပ်လုပ်ငန်းက လွှဲအပ်ခြင်းခံရသူသည်လည်းကောင်း အလုပ်ရှင်ဖြစ်သည်။

(၅) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တည်ထောင်သော ကုမ္ပဏီဖြစ်ပါက ဒါရိုက်တာအဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များသည်လည်းကောင်း၊ လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရန် ကုမ္ပဏီက ဥပဒေနှင့်အညီ လွှဲအပ်ခြင်းခံရသူ၊

(၆) သမဝါယမအသင်းဥပဒေအရ တည်ထောင်သောအသင်းဖြစ်ပါက သမဝါယမအသင်းအမှုဆောင်အဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များ။

(ဂ) **ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အမျိုးသားကော်မတီက ဤဥပဒေ ပုဒ်မ ၆အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းနှင့် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းတစ်ခုခုကို သော်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းလုပ်ငန်းများနှင့် ဆက်နွှယ်သော သတ်မှတ်သည့်လုပ်ငန်းတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ အမျိုးသားကော်မတီက ဤဥပဒေပုဒ်မ ၆ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ် ခြံမြေနှင့် မြေလွတ်မြေရိုင်းတစ်ခုခုတွင် ထွန်ယက်ခြင်း၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ အပင်ပျိုးထောင်ခြင်း၊ ပြုစုခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် စိုက်ပျိုးရေးထွက်ကုန် ကောက်ပဲသီးနှံများကို ရိတ်သိမ်းခြင်း၊ ခူးဆွတ်ခြင်းလုပ်ငန်းကိုသော်လည်းကောင်း၊ ကြက်၊ ဘဲ၊ ငုံး၊ ငှက်နှင့်ပျားအပါအဝင် ခြံမွေးအိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်း၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ အပါအဝင် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်း၊ ငါးနှင့်ရေသတ္တဝါမွေးမြူခြင်းလုပ်ငန်းကိုသော်လည်းကောင်း၊ နို့နှင့်နို့ထွက် ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းကိုသော်လည်းကောင်း၊ ယင်းလုပ်ငန်းတစ်ခုခုနှင့် ဆက်စပ်၍ သတ်မှတ်သည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို သော်လည်းကောင်း ဆိုသည်။

(င) **အခကြေးငွေ** ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သော အခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခသည်လည်းကောင်း၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်မှ အပိုပေးသည့် ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါ ငွေကြေးများ မပါဝင်-

(၁) ခရီးစရိတ်များ၊

(၂) ပင်စင်လစာနှင့် အငြိမ်းစားလုပ်သက်ဆုငွေ၊

(၃) လူမှုဖူလုံရေး အကျိုးခံစားခွင့် ငွေကြေးများ၊

(၄) နေထိုင်ခနှင့် စားသောက်စရိတ်များ၊ မီးဖိုး၊ ရေဖိုးနှင့် အခွန်အခများ၊

(၅) ဆေးကုသစရိတ်နှင့် အပန်းဖြေခများ၊

(၆) အလုပ်ထုတ် နစ်နာကြေးနှင့် ကရုဏာကြေးများ၊

(၇) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဤဥပဒေပါ အခကြေးငွေနှင့်မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော အခြားအခကြေးငွေများ။

(စ) **အဖွဲ့အစည်း** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းကို ဆိုသည်။

(ဆ) **အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များ** ဆိုသည်မှာ အလုပ်သမား အဖွဲ့အစည်းနှင့် အလုပ်ရှင်အဖွဲ့အစည်းများအား ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကိုသော်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းမရှိသေးပါက အလုပ်သမားများအား ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကိုသော်လည်းကောင်း၊ အလုပ်ရှင်အဖွဲ့အစည်းမရှိသေးပါက အလုပ်ရှင်များအား ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကိုသော်လည်းကောင်းဆိုသည်။

(ဇ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များ သုံးပွင့်ဆိုင် ပါဝင်ဖွဲ့စည်းသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(ဈ) **ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဖွဲ့စည်းသော အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာကော်မတီကို ဆိုသည်။

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ဝန်ကြီးဌာနက တာဝန်ပေးသောဦးစီးဌာနကို ဆိုသည်။

(ဌ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကိုသော်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုသော်လည်းကောင်း စစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိတစ်ဦးဦးကို ဆိုသည်။

အခန်း(၂)

အမျိုးသားကော်မတီဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်သမ္မတသည်-

(က) အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် အလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များ၊ အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်ပြီး မျှတစွာဆောင်ရွက်မည့် အခြားပုဂ္ဂိုလ်များ ပါဝင်သည့် အမျိုးသားကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်းသတ်မှတ်ပေးရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အမျိုးသားကော်မတီ၏ သက်တမ်းသည် သုံးနှစ်ဖြစ်ပြီး ယင်းသက်တမ်းအတွင်း လိုအပ်ပါက အဖွဲ့ဝင်များကို အစားထိုးပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ အမျိုးသားကော်မတီကို ဖွဲ့စည်းရာ၌-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အလုပ်သမားရေးရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်း၊ လူမှုရေးတို့နှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဖြစ်ရမည်။

(ခ) အလုပ်သမားနှင့်အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များသည်-

(၁) သက်ဆိုင်ရာအဖွဲ့အစည်း၏ အကျိုးကိုသော်လည်းကောင်း၊ အလုပ်ရှင်နှင့်အလုပ်သမားများ၏ အကျိုးကိုသော်လည်းကောင်း သယ်ပိုးလိုသူများ ဖြစ်ရမည်။

(၂) သတ်မှတ်ချက်နှင့်အညီ ဦးရေတူညီရမည့်အပြင် ယင်းကိုယ်စားလှယ်များ၏ ဆန္ဒထုတ်ဖော်ရာတွင်လည်း အခွင့်အရေး တူညီရမည်။

(ဂ) အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သည့် အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ပါဝင်ဖွဲ့စည်းနိုင်ပြီး ထိုသူသည်သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိ၍ အလုပ်သမားနှင့် အလုပ်ရှင်တို့အကြား မျှတစွာ ဆောင်ရွက်တတ်သူဖြစ်ရမည်။

အခန်း(၃)

အမျိုးသားကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အမျိုးသားကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် အခြေခံသင့်သည့် အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြနိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြရေးနှင့် စပ်လျဉ်း၍ ချမှတ်ထားသော အမျိုးသားအဆင့် မူဝါဒများနှင့်အညီ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများအား လမ်းညွှန်ခြင်း၊

(ဃ) အနည်းဆုံး အခကြေးငွေ သတ်မှတ်ရာတွင် အခြေခံသင့်သည့် အချက်များနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ စာရင်းစစ်တမ်းများ ကောက်ယူ၍ စိစစ်တွက်ချက်ခြင်း၊ စီမံကိန်းများနှင့် အစီအစဉ်များ ချမှတ်ခြင်း၊

(င) အနည်းဆုံးအခကြေးငွေကို နိုင်ငံတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက် သော်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကို လေ့လာစိစစ်ပြီး ဤဥပဒေအခန်း (၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အနည်းဆုံး အခကြေးငွေနှုန်းထားများကိုသတ်မှတ်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း၊

(စ) ပုဒ်မခွဲ (င) အရ အမိန့်ကြော်ငြာစာထုတ်ပြန်မည့် အဆိုပြု အနည်းဆုံးအခကြေးငွေနှုန်းထားများတွင် အလုပ်ကျွမ်းကျင်မှုအလိုက် အလုပ်ချိန်တစ်နာရီ၊ တစ်ရက်၊ ရက်သတ္တပတ်၊ တစ်လအတွက် အခကြေးငွေ သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုအတွက် အခကြေးငွေနှုန်းထားကို လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှု အလားအလာအပေါ် လေ့လာစိစစ်ပြီး ထည့်သွင်းဖော်ပြခြင်း၊

(ဆ) အမျိုးသားကော်မတီ၏ အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထား အပေါ် ကန့်ကွက်ချက်ရှိခဲ့လျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းစေပြီး ပြန်လည်တင်ပြသည့် အနည်းဆုံး အခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီ၏ သုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် စိစစ်၍ သတ်မှတ်သင့်သော အနည်းဆုံး အခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေနှုန်းထားကို ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုတို့ကို ခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး နှစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာခြင်း၊

(ဈ) အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေး၊ ပြန်လည်သုံးသပ်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ည) အမျိုးသားကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း၊

(ဋ) အမျိုးသားကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

အခန်း(၄)

လုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်း

၆။ အမျိုးသားကော်မတီသည် ဤဥပဒေပါ အနည်းဆုံးအခကြေးငွေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက်ဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။ ထို့အပြင် အဆိုပါလုပ်ငန်းများကို ပြောင်းလဲလာသော အခြေအနေနှင့်အညီ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

အခန်း(၅)

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အခြေခံရမည့် အချက်များ

၇။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများက လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုရာတွင်လည်းကောင်း၊ အမျိုးသားကော်မတီက အနည်းဆုံး အခကြေးငွေ သတ်မှတ်ရာတွင်လည်းကောင်း အောက်ဖော်ပြပါအချက်များကို အခြေခံရမည်-

(က) အလုပ်သမားများနှင့် ယင်းတို့၏မိသားစုလိုအပ်ချက်များ၊

(ခ) လက်ရှိလုပ်ခများ၊

(ဂ) လူမှုဖူလုံရေးအကျိုးခံစားခွင့်များ၊

(ဃ) စားဝတ်နေရေး ကုန်ကျစရိတ်နှင့် ယင်းကုန်ကျစရိတ်တို့၏ ပြောင်းလဲချက်များ၊

(င) လိုက်လျောညီထွေမှုရှိမည့် လူနေမှုဘဝအဆင့်အတန်း၊

(စ) နိုင်ငံတော်၏ စီးပွားရေးနှင့်ကုန်ထုတ်စွမ်းအားတိုးတက်ရေး လိုအပ်ချက်

များနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ၊
(ဆ) နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးနှင့် တစ်ဦးချင်း ဝင်ငွေ၊
(ဇ) ကျန်းမာရေးကို ထိခိုက်စေနိုင်သော အသက်အန္တရာယ်ဖြစ်စေနိုင်သော အလုပ်၊ လုပ်ငန်းခွင်၏သဘောသဘာဝ၊
(ဈ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သော အခြားအချက်များ။

အခန်း(၆)
အနည်းဆုံးအခကြေးငွေသတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း

၈။ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီတို့သည် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အခြေခံသင့်သည့်အချက်များနှင့် ထည့်သွင်းစဉ်းစားရမည့် အချက်များကို လေ့လာပြီး သတ်မှတ်သင့်သည့် နှုန်းထားများကို အမျိုးသားကော်မတီသို့ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အကြံပြုချက်များ တင်ပြရမည်။

၉။ အထူးစီးပွားရေးဇုန်များရှိ အလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍-
(က) သက်ဆိုင်ရာ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားအလိုက် အလုပ်သမားနှင့်ဝန်ထမ်းတို့အတွက် သတ်မှတ်သင့်သည့် အဆိုပြု အနည်းဆုံး အခကြေးငွေနှုန်းထားများကို အမျိုးသားကော်မတီသို့ တင်ပြရမည်။
(ခ) ပုဒ်မခွဲ(က)အရ တင်ပြချက်အပေါ် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးအတွက် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမျိုးသားကော်မတီက သတ်မှတ်ပေးရမည်။

၁၀။ အမျိုးသားကော်မတီသည်-
(က) ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့အရ အကြံပြုချက်အပေါ် စဉ်းစားသုံးသပ်ပြီးနောက် အနည်းဆုံး အခကြေးငွေ သတ်မှတ်မည့် အဆိုပြုအမိန့်ကြော်ငြာစာကို အများပြည်သူ သိရှိစေရန်နှင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်ကြေညာရေးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများအား အသိပေး အကြောင်းကြားရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။
(ခ) အဆိုပြု အနည်းဆုံးအခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်မရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ အနည်းဆုံး အခကြေးငွေနှုန်းထားကို သတ်မှတ်ရမည်။
(ဂ) အကယ်၍ အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်ရှိသည့်ကိစ္စတွင် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီအား ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ ညှိနှိုင်းစေပြီး အဆိုပြု နှုန်းထားကို ပြန်လည်တင်ပြစေရမည်။
(ဃ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက ပုဒ်မခွဲ(ဂ)အရ ထပ်မံအဆိုပြုတင်ပြသည့် အနည်းဆုံး အခကြေးငွေနှုန်းထားကို သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် စိစစ်၍ သတ်မှတ်သင့်သောအနည်းဆုံး အခကြေးငွေနှုန်းထားကို ဆုံးဖြတ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ အနည်းဆုံး အခကြေးငွေနှုန်းထားကို သတ်မှတ်ရမည်။
(င) ပုဒ်မခွဲ(ခ) သို့မဟုတ်(ဃ)အရ သတ်မှတ်သော အနည်းဆုံး အခကြေးငွေနှုန်းထားကို ပုဒ်မခွဲ(က)နှင့်အညီ အများပြည်သူသိရှိရန်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အလုပ်ရှင်နှင့်အလုပ်သမားများသိရှိရန် ထုတ်ပြန်ကြေညာရေးနှင့် အသိပေးအကြောင်းကြားရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။

၁၁။ ပုဒ်မ ၉နှင့် ၁၀တို့အရ အမျိုးသားကော်မတီက သတ်မှတ်သော အနည်းဆုံး အခကြေးငွေနှုန်းထားကို ကျေနပ်မှုမရှိသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတို့နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် အမိန့်တစ်ရပ်ရပ်ထုတ်၍ ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

အခန်း(၇)
အလုပ်ရှင်၏ တာဝန်များ

၁၂။ အလုပ်ရှင်သည်-
(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေအောက် လျော့နည်း၍ အလုပ်သမားအား အခကြေးငွေပေးခြင်းမပြုရ။
(ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေထက် ပို၍ပေးနိုင်သည်။
(ဂ) ဤဥပဒေအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာတွင် အနည်းဆုံး အခကြေးငွေမှ နုတ်ယူခွင့်ရှိသည်ဟု သတ်မှတ်ထားသော အခကြေးငွေမှအပ အခြားအခကြေးငွေကို နုတ်ယူခွင့်မရှိစေရ။
(ဃ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများအား အနည်းဆုံး အခကြေးငွေကို ငွေသားဖြင့်ပေးရမည်။ ထို့ပြင် သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက်တွဲဖက်၍ ပေးနိုင်သည်။
(င) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား အနည်းဆုံး အခကြေးငွေပေးရာတွင် ဒေသဓလေ့ထုံးတမ်းအရ ဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရ ဖြစ်စေ၊ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်း တချို့တစ်ဝက် တွဲဖက်၍ပေးနိုင်သည်။ ထိုသို့ပေးခြင်းသည် အလုပ်သမားနှင့် ယင်း၏မိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ် တစ်စုံတစ်ရာအတွက်ဖြစ်ရမည့်အပြင်ပေးသည့် တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။

၁၃။ အလုပ်ရှင်သည်-
(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေ နှုန်းထားများအနက် လုပ်ငန်းနှင့် သက်ဆိုင်သော အနည်းဆုံး အခကြေးငွေနှုန်းထားများကို အလုပ်သမားများအား အသိပေးရမည့်အပြင် လုပ်ငန်းခွင်တွင် သက်ဆိုင်ရာအလုပ်သမားများ မြင်နိုင်စေရန် ကြော်ငြာထားရမည်။
(ခ) အလုပ်သမားများ၏ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာ မှတ်တမ်းပြုစုထားရှိရမည်။
(ဂ) ပုဒ်မခွဲ(ခ)အရ ပြုစုထားရှိသော စာရင်း၊ဇယားနှင့် စာတမ်းအမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနသို့ အစီရင်ခံရမည်။
(ဃ) စစ်ဆေးရေးအရာရှိက စစ်ဆေးရန် ဆင့်ဆိုသည့်အခါ သွားရောက်စစ်ဆေးခံရမည်။ ထို့ပြင် အဆိုပါစာရင်းနှင့် မှတ်တမ်းများကို တောင်းခံသည့်အခါ တင်ပြရမည်။
(င) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းခွင်များသို့ စစ်ဆေးရေးအရာရှိက ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီး လိုအပ်သော အကူအညီများ ပေးရမည်။
(စ) အလုပ်သမားများ ဖျားနာ၍ အလုပ်မလုပ်ကိုင်နိုင်သည့်အခါ သတ်မှတ်ချက်များနှင့်အညီ ဆေးကုသရန် အလုပ်နားခွင့်ပေးရမည်။
(ဆ) အလုပ်သမားများ၏ မိသားစုဝင် သို့မဟုတ် မိဘနာရေးကိစ္စ ဖြစ်သည့်အခါ အနည်းဆုံးအခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့်အညီ အလုပ်နားခွင့်ပေးရမည်။

အခန်း(၈)
အနည်းဆုံး အခကြေးငွေနှင့်စပ်လျဉ်း၍ အလုပ်သမားများ၏ အခွင့်အရေးများ

၁၄။ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုတွင် အလုပ်လုပ်နေသော အလုပ်သမားသည်-
(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေကိုသော်လည်းကောင်း၊ ထိုအခကြေးငွေထက် အလုပ်ရှင်က ပို၍ပေးပါက ပိုပေးသည့် အခကြေးငွေကိုသော်လည်းကောင်း ရထိုက်ခွင့်ရှိသည်။
(ခ) ဤဥပဒေအာဏာမတည်မီက ရရှိနေသော အခကြေးငွေသည် ဤဥပဒေအရ သတ်မှတ်သော အနည်းဆုံး အခကြေးငွေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသော အခကြေးငွေကို ဆက်လက်ခံစားခွင့်ရှိသည်။
(ဂ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ပါ အနည်းဆုံး အခကြေးငွေမှာ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေထက် လျော့နည်းနေပါက ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေကို ရထိုက်ခွင့် ရှိသည်။
(ဃ) အလုပ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အလုပ်ကို လုပ်ကိုင်သည့်အခါ လုပ်ကိုင်သော အလုပ်အသီးသီးအတွက် သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေထက် မနည်းစေဘဲ ခံစားခွင့်ရှိသည်။
(င) အချိန်ပိုင်း၊ နာရီပိုင်း၊ အလုပ်တွင် အလုပ်လုပ်သည့်အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံး အခကြေးငွေကို ခံစားခွင့်ရှိစေရမည်။
(စ) လစားအလုပ်အတွက် ရက်သတ္တတစ်ပတ်လျှင် တစ်ရက် နားခွင့်ရှိပြီး ထိုနားရက်အတွက် အခကြေးငွေ ရထိုက်ခွင့်ရှိသည်။ အကယ်၍ ထိုနားရက်တွင် အလုပ်လုပ်ရပါက တည်ဆဲဥပဒေနှင့်အညီ အချိန်ပိုလုပ်ခ ရထိုက်ခွင့်ရှိသည်။
(ဆ) နေ့စားအလုပ်တွင် သတ်မှတ်ထားသည့် တစ်နေ့ အလုပ်ချိန်နာရီထက် လျော့၍ အလုပ်လုပ်ခြင်းမှာ အလုပ်သမား၏ ဆန္ဒအရ မဟုတ်လျှင်သော်လည်းကောင်း၊ အလုပ်ရှင်က အလုပ်မပေးနိုင်၍ အလုပ်နားရလျှင်သော်လည်းကောင်း အချိန်ပြည့်အလုပ်လုပ်ဘိသကဲ့သို့ အခကြေးငွေ ရထိုက်ခွင့်ရှိသည်။
(ဇ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ ခံစားခွင့်ရှိစေရမည်။
(ဈ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်သော အလုပ်သမားဖြစ်ပါက အနည်းဆုံးအခကြေးငွေကို ငွေသားဖြင့် ရထိုက်ခွင့်ရှိသည်။ ထို့ပြင် သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမားများ၏ ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့်ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ဖြစ်စေ ရထိုက်ခွင့်ရှိသည်။
(ည) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားဖြစ်ပါက အနည်းဆုံး အခကြေးငွေကို ဒေသဓလေ့ထုံးတမ်းအရ ဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရ ဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရ ဖြစ်စေ၊ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက်တွဲဖက်၍ အလုပ်သမားနှင့် ၎င်း၏ မိသားစုအတွက် သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

၁၅။ ပုဒ်မ ၁၄အရ အခကြေးငွေနှင့် အခြားခံစားခွင့်များ ရထိုက်ခွင့်ရှိသော အလုပ်သမားသည်-
(က) ရထိုက်ခွင့်ရှိသော အခကြေးငွေနှင့် အခြားခံစားခွင့်အားလုံးကို မရရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေအောက်လျော့နည်း၍ ရရှိလျှင် သော်လည်းကောင်း၊ အဆိုပါနစ်နာသော အခကြေးငွေနှင့် အခြားခံစားခွင့်များရရှိရေးအတွက် ရထိုက်ခွင့်ရှိသည့်နေ့မှ တစ်နှစ်အတွင်း သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီနှင့် ဦးစီးဌာနသို့ တင်ပြနိုင်သည်။
(ခ) ရထိုက်ခွင့်ရှိသော အခကြေးငွေအားလုံးအတွက် တရားမကြောင်းအရ တရားစွဲဆိုနိုင်သည်။

၁၆။ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှင့် အခြားခံစားခွင့်များကို အလုပ်သမားအားပေးရန် ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း၊ ထိုအနည်းဆုံးအခကြေးငွေထက် လျော့နည်း၍ အလုပ်သမားအားပေးခြင်းကြောင့်သော်လည်းကောင်း အလုပ်ရှင်အပေါ် တရားရုံးက ပြစ်ဒဏ်ချမှတ်ပြီးနောက် ပေးရန်ပျက်ကွက်သော အခကြေးငွေနှင့် အခြားခံစားခွင့်ကို ဒဏ်ငွေအဖြစ် သက်ဆိုင်ရာ အလုပ်သမားအားပေးရန် အမိန့်ချမှတ်စေကာမူ ပုဒ်မ ၁၄ အရ ထိုအလုပ်သမားသည် ခံစားခွင့်ရှိသော အခကြေးငွေနှင့် အခြားခံစားခွင့်အပြည့်အဝမရရှိပါက ထိုအခကြေးငွေနှင့် ခံစားခွင့်များအတွက် တရားမကြောင်းအရ တရားစွဲဆိုတောင်းခံခွင့်ကို ထိခိုက်ခြင်းမရှိစေရ။

အခန်း(၉)
စစ်ဆေးရေးအရာရှိများအား တာဝန်ပေးအပ်ခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၁၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း စစ်ဆေးရန်အလို့ငှာ သက်ဆိုင်ရာဦးစီးဌာနမှ အရာရှိများအား စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးရမည်။

၁၈။ စစ်ဆေးရေးအရာရှိသည်-
(က) အလုပ်ရှင်က ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို လည်းကောင်း၊ အလုပ်သမားများဆိုင်ရာ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကို မှန်ကန်စွာ မှတ်တမ်းပြုစုထားခြင်း ရှိ မရှိကို လည်းကောင်း၊ အဆိုပါ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများကို ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံ တင်ပြခြင်း ရှိ မရှိကို လည်းကောင်း သက်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းခွင်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းခွင်များသို့ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။
(ခ) ဦးစီးဌာန၏ တာဝန်ပေးအပ်ချက်အရ သက်ဆိုင်သည့် ပုဂ္ဂိုလ်များအား ဆင့်ဆိုခြင်း၊ စစ်ဆေးခြင်း၊ သက်ဆိုင်ရာ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများကို တောင်းခံခြင်းနှင့် မိတ္တူကူးယူခြင်းတို့ ပြုနိုင်သည်။
(ဂ) အလုပ်ရှင်ထံတွင် ပြင်ပအလုပ်သမားများရှိပါက ထိုပြင်ပအလုပ်သမားများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ယင်းတို့၏ အမည်နှင့်နေရပ်လိပ်စာများကို စစ်ဆေးခွင့်၊ လုပ်ငန်းခွင်ပြင်ပအလုပ်သမားများ၏ စာရင်းနှင့် အခကြေးငွေဆိုင်ရာ စာရင်းဇယားမှတ်တမ်းများကို တောင်းခံခွင့်၊ မိတ္တူကူးခွင့်ရှိသည်။
(ဃ) စစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)တို့အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်ရှင်က အထောက်အထားကို တောင်းဆိုပါက သက်ဆိုင်ရာဦးစီးဌာနက ထုတ်ပေးထားသည့် ဝန်ထမ်းစိစစ်ရေးသက်သေခံလက်မှတ်ကို ပြသရမည်။
(င) ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)တို့အရ စစ်ဆေးတွေ့ရှိချက်နှင့် တောင်းခံသည့် အထောက်အထား စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

၁၉။ ဦးစီးဌာနသည် ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေပေးဆောင်ရန် ပျက်ကွက်သည့် အလုပ်ရှင်ထံမှ လည်းကောင်း၊ အနည်းဆုံး အခကြေးငွေ ပေးဆောင်ရန်ကျန်ရှိသော အလုပ်ရှင်ထံမှလည်းကောင်း အလုပ်သမားက ရရန်ရှိသော အခကြေးငွေများကို ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြ၍ ထိုကော်မတီ၏ ဆုံးဖြတ်ချက်အရ တောင်းခံပြီးပေးရမည်။

၂၀။ ဦးစီးဌာနသည် ပုဒ်မ ၁၉ အရ တောင်းခံသော်လည်း သတ်မှတ်ပေးသော အချိန်အတွင်း အလုပ်ရှင်က အနည်းဆုံး အခကြေးငွေပေးရန် ပျက်ကွက်လျှင် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သဘောတူညီချက်ဖြင့် ထိုအလုပ်ရှင်အား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိ တစ်ဦးဦးအား တာဝန်ပေးရမည်။

၂၁။ စစ်ဆေးရေးအရာရှိများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဦးစီးဌာန၏ ညွှန်ကြားချက်နှင့် တာဝန်ပေးအပ်ချက်တို့အရ တရားစွဲဆိုနိုင်သည်။

အခန်း(၁၀)
တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၂၂။ မည်သည့်အလုပ်ရှင်မျှ-
(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေကို အလုပ်သမားအား ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။
(ခ) ပုဒ်မ ၁၄ အရ အလုပ်သမားရထိုက်ခွင့်ရှိသော အနည်းဆုံး အခကြေးငွေနှင့် အခြားခံစားခွင့်များအောက် လျော့နည်း၍ အလုပ်သမားအား ပေးခြင်းမပြုရ။
(ဂ) အလုပ်သမားများ၏ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေစာရင်းများနှင့်စပ်လျဉ်း၍-
(၁) မမှန်မကန်ရေးသွင်းခြင်း၊ လိမ်လည်၍ မှတ်တမ်းပြုစုခြင်း သို့မဟုတ် မမှန်မကန်လိမ်လည်၍ အစီရင်ခံခြင်း မပြုရ။
(၂) သက်ဆိုင်ရာ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံတင်ပြရန် ပျက်ကွက်ခြင်းမရှိစေရ။
(၃) စစ်ဆေးရေးအရာရှိက တောင်းခံသည့်အခါ တင်ပြရန် ပျက်ကွက်ခြင်း မရှိစေရ။
(ဃ) စစ်ဆေးရေးအရာရှိက ဆင့်ဆိုလျှင် သွားရောက်စစ်ဆေးခံရန် ခိုင်လုံသောအကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မရှိစေရ။
(င) တာဝန်အရ လာရောက်စစ်ဆေးသော စစ်ဆေးရေးအရာရှိအားဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

၂၃။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၄။ မည်သည့် အလုပ်ရှင်မျှ-
(က) အနည်းဆုံးအခကြေးငွေ အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။
(ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အခကြေးငွေနှုန်းထားများအနက် မိမိ၏ အလုပ်သမားများနှင့် သက်ဆိုင်သော အနည်းဆုံး အခကြေးငွေနှုန်းထားများနှင့် စပ်လျဉ်း၍ အလုပ်သမားများအား အသိပေးပြီး လုပ်ငန်းဌာနနှင့် လုပ်ငန်းခွင်တို့တွင် အလုပ်သမားများ မြင်နိုင်မည့်နေရာ၌ ကြော်ငြာထားရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၅။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၄ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၆။ တရားရုံးသည် ပုဒ်မ ၂၃နှင့် ၂၅တို့အရ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်သည့်အခါ အလုပ်ရှင်က ပေးဆောင်ရန် ပျက်ကွက်သော အခကြေးငွေကို ငွေဒဏ်အဖြစ်ချမှတ်ပြီး အလုပ်သမားအား ပေးရမည်။

၂၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

အခန်း(၁၁)
အထွေထွေ

၂၈။ ဤဥပဒေအာဏာမတည်မီက ဖြစ်စေ၊ ဤဥပဒေအာဏာတည်ပြီးနောက် ဖြစ်စေ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေအောက် လျော့နည်း၍ ချုပ်ဆိုထားသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်၊ အလုပ်ခန့်ထားမှုဆိုင်ရာ နှုတ်ပဋိညာဉ် သို့မဟုတ် သဘောသက်ရောက်သော ပဋိညာဉ်ပါ အခကြေးငွေနှင့်သက်ဆိုင်သမျှ သဘောတူညီချက်သည် ဤဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်စေရမည်။

၂၉။ (က) နိုင်ငံ့ဝန်ထမ်း မဟုတ်သော အမျိုးသားကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။
(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီ၏ အဖွဲ့ဝင်များသည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၀။ ဤဥပဒေပါလုပ်ငန်းတာဝန်နှင့် စပ်လျဉ်းသည့် အမျိုးသားကော်မတီ၏ ကုန်ကျစရိတ်အဝဝကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းမှ လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၏ ကုန်ကျစရိတ်အဝဝကို နေပြည်တော်ကောင်စီ၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းမှ လည်းကောင်း၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီ၏ ကုန်ကျစရိတ်အဝဝကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှ လည်းကောင်း ကျခံရမည်။

၃၁။ ဝန်ကြီးဌာနသည် အမျိုးသားကော်မတီနှင့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

စာမျက်နှာ ၁၀ သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၉ မှ

၃၂။ ဤဥပဒေပါ ပြစ်မှုများကို ဦးစီးဌာနက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိကသာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

၃၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီ၏ အဖွဲ့ဝင်များသည်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီဝင်များသည်လည်းကောင်း၊ ဤဥပဒေအရ လိုအပ်၍ သီးခြားတာဝန်ပေးသည့်ပုဂ္ဂိုလ် သို့မဟုတ် အခြားအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်များသည်လည်းကောင်း ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ စစ်ဆေးရေးအရာရှိ တစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၃၅။ ဦးစီးဌာနသည် အနည်းဆုံးအခကြေးငွေနှင့် စပ်လျဉ်းသည့် အောက်ပါအချက်အလက်များကို ဝန်ကြီးဌာနသို့ တင်ပြရမည်-

(က) အနည်းဆုံး အခကြေးငွေ သတ်မှတ်သည့်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းပုံနည်းလမ်းများ၊

(ခ) အနည်းဆုံး အခကြေးငွေနှင့် သက်ဆိုင်သည့်လုပ်ငန်းများနှင့် ခန့်မှန်းအလုပ်သမားဦးရေ၊

(ဂ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေများ၊

(ဃ) အနည်းဆုံးအခကြေးငွေ နှုန်းထားများနှင့် စပ်လျဉ်း၍ အခြားအရေးကြီးသောကိစ္စများရှိပါက ထိုကိစ္စများ။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၇။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ အောက်ပါအက်ဥပဒေများကို အာဏာတည်ခြင်းမှ ရုပ်စဲစေရမည်-

(က) ၁၉၄၉ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ အက်ဥပဒေ(၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၆)၊

(ခ) လယ်ယာအလုပ်သမား အနည်းဆုံးအခကြေးငွေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၄)။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈။)
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင် စေရမည်။

၂။ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေ (၁၉၅၀ ပြည့်နှစ် အက်ဥပဒေအမှတ် ၅၇)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း

၁၉၄၅ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ။)
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၄၅ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၅ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေ (The Custodian of Movable Property Act 1945)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မဟာဗောဓိကအုဋ္ဌကျောင်း ပြုပြင်မွမ်းမံရေး ငွေလှူ

မန္တလေး မတ် ၂၂

မန္တလေးမြို့ အနောက်ခင်မကန်တိုက်အတွင်းရှိ မဟာဗောဓိကအုဋ္ဌကျောင်း ဒုတိယအကြိမ် ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲကို မတ် ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတိုက်ဇမ္ဗူအောင် ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် ဘဒ္ဒန္တကြန္ဒာစာရထံမှ အလှူရှင်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင်များဖြစ်ကြသော မန္တလေးမြို့နေ ဒေါ်ခင်လှ (သားသမီးမြေးတစ်စု)က ငွေကျပ်သိန်း ၁၀၀၊ ရန်ကုန်မြို့နေ ဦးကျော်မင်း- ဒေါ်မြင့်မြင့်သိန်း (ဆရာပြောင်ဆေးတို့ဖတ်) မိသားစုက ငွေကျပ် သိန်း ၅၀၊ ဦးမြင့်သိန်း-ဒေါ်စိန်စိန်သန်းမောင် မိသားစုက ငွေကျပ် ၁၀ သိန်း၊ မန္တလေးမြို့နေ ဦးသန်းဖေ-ဒေါ်တင်မြင့် (သန့်ရေဆေးဆီလိုက်)မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးမင်းသန်းထွဋ်-ဒေါ်သစ်သစ်နီ(မလေးရှား) မိသားစုက ငွေကျပ် သုံးသိန်း၊ မန္တလေးမြို့နေ ဒေါ်ကြည် သမီးမစိန်စိန်မြင့်မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးစိန်ထွန်း-ဒေါ်ခင်မာဌေးမိသားစုက ငွေကျပ်ငါးသောင်း၊ မအိသွယ်ထွန်း (ဆေးတို့ဖတ်၊ ရန်ကုန်)က ငွေကျပ် ငါးသောင်း၊ ဦးမျိုးကိုကို-ဒေါ်နီနီလွင် (ပုသိမ်မြို့) မိသားစုက ငွေကျပ် သုံးသောင်း၊ မန္တလေးမြို့နေ ဦးကျော်သောင်း-ဒေါ်ကြည်ကြည် (ကျောက်ဆစ်တန်း) မိသားစုက ငွေကျပ် တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းရာ လှူဒါန်းမှုအစုစုတို့အတွက် ဆရာတော်က ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များအနေဖြင့် အလှူငွေများ လှူဒါန်းလိုပါက မဟာဗောဓိကအုဋ္ဌကျောင်း ဆရာတော် ဘဒ္ဒန္တကြန္ဒာစာရ ဖုန်း-၀၂-၃၉၅၀၀နှင့် ၀၉-၆၈၀၅၇၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

၂၀၁၃ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့

ကျော်လွင်ဦး (မိုး/ဇလ)



နှစ်စဉ် မတ်လ ၂၃ ရက်နေ့သည် ကမ္ဘာ့မိုးလေဝသနေ့ ဖြစ်ပါသည်။ နိုင်ငံတကာမိုးလေဝသအဖွဲ့ချုပ် တည်ထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့မိုးလေဝသနေ့ကို ၁၉၆၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးရှိ မိုးလေဝသနှင့် ဇလဗေဒဌာနများတွင် နှစ်စဉ်ကျင်းပလာခဲ့ကြပါသည်။ ယခုနှစ်တွင် Watching the weather to protect life and property ဆောင်ပုဒ်ဖြင့် ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသစောင့်ကြည့်ရေး ကွန်ရက်စနစ် (World Weather Watch -WWW) တည်ထောင်ခဲ့သည့်နှစ် ၅၀ ပြည့် အချိန်ကာလကို ထင်ဟပ်စေရန်၊ မိုးလေဝသ၊ ဇလဗေဒနှင့် ရာသီဥတုတို့ကြောင့်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုလျော့ပါးစေရေး ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်ကြရန်နှင့် မိုးလေဝသအခြေအနေတိုင်းထွာချက်များ နေ့၊ ညမပြတ် စောင့်ကြည့်၊ တိုင်းထွာ၊ ထုတ်ပြန်နေသည့် မိုးလေဝသဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များအားဖော်ညွှန်းရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆင်ယင်ကျင်းပကြမည် ဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးတွင် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များသည် အကြိမ်အရေအတွက်နှင့် ပြင်းအားပမာဏတို့ပါ ပိုမိုများပြားလာနေသည်ကို တွေ့ရှိနေရပြီး အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သတိပေးသကဲ့သို့ တွေ့ကြုံနေကြရပါသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ သုံးသပ်ချက်များအရ လွန်ခဲ့သည့်နှစ် ၃၀ အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် စီးပွား၊ ဥစ္စာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရပြီး လူဦးရေ နှစ်သန်းကျော် အသက်ဆုံးရှုံးခဲ့ပါသည်။ နှစ် ၃၀ အတွင်းဖြစ်ပေါ်ခဲ့သမျှ သဘာဝဘေးများအားလုံး၏ ၉၀ ရာခိုင်နှုန်းနီးပါးခန့်၊ လူအသေအပျောက် စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းနှင့် စီးပွားရေးဆုံးရှုံးမှု တန်ဖိုးများ၏ ၈၀ ရာခိုင်နှုန်းတို့မှာ မိုးလေဝသ၊ ဇလဗေဒနှင့် အစွန်းရောက် ရာသီဥတုဖြစ်စဉ်များနှင့်ဆက်နွှယ်သော သဘာဝဘေးများဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းဒီရေတက်ရောက်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းနှင့် နောက်ဆက်တွဲ ကူးစက်ရောဂါများကြောင့်ဖြစ်သည်ကို တွေ့ရပါသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား အသက်၊ အိုးအိမ်ဆုံးရှုံးမှုများမှ ကာကွယ်နိုင်ရန် လုပ်ငန်းအစီအစဉ်များစွာဖြင့် အဓိကအရေးပါသည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိရောက်သည့် ကြိုတင်သတိပေးချက်များ၊ မိုးလေဝသခန့်မှန်းချက်များကို ဒေသအဖွဲ့အစည်းများ၊ ပြည်သူလူထုထံအချိန်မီပေးပို့နိုင်ခြင်းဖြင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးရေးအတွက် အထောက်အကူပြုစေပါသည်။ ယင်းလုပ်ငန်းများအတွက် ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသစောင့်ကြည့်ရေး ကွန်ရက်စနစ် (World Weather Watch -WWW) အနေဖြင့် တိုင်းထွာချက်စနစ်များ၊ သတင်းဆက်သွယ်ဖလှယ်မှုစနစ်များ၊ နိုင်ငံအချင်းချင်းသတင်း၊ သတိပေးချက်များအချိန်မီ အပြန်အလှန်ဖြန့်ဖြူးနိုင်သည့်စနစ်များကို ပံ့ပိုးပေးလျက်ရှိပါသည်။

လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည့် သတင်းနည်းပညာခေတ်တွင် မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ ဝန်ဆောင်မှုများအတွက် လိုအပ်ချက်များကို ဆောင်ရွက်လျက်ရှိရာတွင် WWW အနေဖြင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် အခြားသော သိပ္ပံအဖွဲ့အစည်းများနှင့်အတူ ရေထု၊ မြေထုနှင့် လေထုတို့အား လေ့လာစောင့်ကြည့်တိုင်းထွာခြင်း၊ တစ်ကမ္ဘာလုံးခန့်မှန်းချက်များ ဖလှယ်ခြင်း၊ ဆိုးရွားစွာ ထိခိုက်မှုရှိနိုင်မည့် မိုးလေဝသအခြေအနေနှင့် ရာသီဥတုအခြေအနေတို့အတွက် ကြိုတင်သတင်းများ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်အောင် ဦးဆောင်ဦးရွက်ပြုလုပ်ပေးလျက်ရှိပါသည်။ ပြောင်းလဲနေသည့် ရာသီဥတုအခြေအနေတွင် မှန်ကန်တိုးတက်လာသည့် ရာသီဥတုဝန်ဆောင်မှုများသည် ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေရှိမည့် စီမံခန့်ခွဲမှုများလုပ်ဆောင်ရန် အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်လာနေပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့်အညီ လူဦးရေတိုးပွားလာခြင်း၊ မြေအသုံးချမှု ပုံစံပြောင်းလဲလာခြင်း၊ မြို့ပြတည်ထောင်မှု များလာခြင်း၊ စားနပ်ရိက္ခာ လုံလောက်မှု၊ စွမ်းအင်နှင့် ရေသယံဇာတ စီမံခန့်ခွဲမှုများဆိုင်ရာ စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရသည့် လက်ရှိကမ္ဘာကြီး၏ ရာသီဥတုအခြေအနေနှင့် ပတ်သက်သည်များကို ပိုမိုသိရှိလာနိုင်စေရေး၊ လူမှုစီးပွားလိုအပ်ချက်များအတွက် ရာသီဥတု သတင်းအချက်အလက်များ ပိုမိုအသုံးချနိုင်စေရေးသည် အလွန်အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။

ရာသီဥတုသတင်းအချက်အလက် အသုံးချမှုနှင့် ဝန်ဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်များ တိုးမြှင့်ရန်အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ အဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့ကြီးရှိ အဖွဲ့အစည်းအသီးသီးတို့ ပူးပေါင်းလျက် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဝန်ဆောင်မှု မူဘောင်အဖွဲ့ (Global Framework on Climate Services-GFCS) တစ်ခုကို တည်ထောင်ထားပြီးဖြစ်ပါသည်။ ၎င်းအဖွဲ့ကြီးမှ တစ်ကမ္ဘာလုံး ရာသီဥတုသတင်းအချက်အလက်များ ရယူအသုံးပြုနိုင်ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာလုံလောက်မှု၊ ရေသယံဇာတများဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင်သာမက သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ကြီးမားသည့် ရည်မှန်းချက်များအနက် ပထမဦးဆုံးသော ခြေလှမ်းတစ်ရပ်အဖြစ် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံများနှင့် သဘာဝဘေးဒဏ်အများဆုံးခံစားရနိုင်ဖွယ်ရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအား လွတ်လပ်ပွင့်လင်းသည့် သတင်းအချက်အလက် မျှဝေမှုမှတစ်ဆင့် သိပ္ပံဆိုင်ရာသတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ ရာသီဥတုဆိုင်ရာမူဝါဒများနှင့် လိုက်လျောညီထွေပြုမူဆောင်ရွက်နိုင်မည့်လုပ်ငန်းများ တင်ပြခြင်း၊ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် ရာသီဥတုခန့်မှန်းတွက်ချက်မည့်ဝန်ဆောင်မှုများ နိုင်ငံအလိုက် ပိုမိုတိုးတက်လာအောင် ထောက်ပံ့ကူညီ အားပေးသွားကြမည်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲခြင်း၊ အစွန်းရောက် မိုးလေဝသ၊ ဇလဗေဒဖြစ်ရပ်များနှင့် သဘာဝဘေးအန္တရာယ်များ ဆက်နွှယ်မှုရှိကြောင်းကို ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်တို့ ပူးတွဲတည်ထောင်ထားသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံတကာအစိုးရများအဖွဲ့မှ မကြာသေးမီက အထူးအစီရင်ခံစာတစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံများရှိ မိုးလေဝသနှင့် ဇလဗေဒဌာနအသီးသီးမှ တိုင်းထွာချက်များအရလည်း ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းအပြင် မိုးခေါင်ခြင်း၊ မိုးကြီးခြင်းစသည့် ထူးခြားမိုးလေဝသဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာနေသည်ကို ထင်ထင်ရှားရှားတွေ့ရှိရကြောင်း၊ ထို့အတူ လူသားတို့၏ပယောဂကြောင့် အမြင့်ဆုံး စံချိန်တင်ရောက်ရှိခဲ့ရသည့် ကမ္ဘာ့လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့များ တိုးပွားလာမှုနှင့်လည်း ဆက်စပ်မှု ကောင်းကောင်းရှိသည်ကို တွေ့ရှိထားပြီးဖြစ်ရာ ဆိုးကျိုးများအဖြစ် သဘာဝဘေးဒဏ်များ ပိုမိုခံစားရပြီး စီးပွားဥစ္စာဆုံးရှုံးမှုများ ပိုမိုများပြားလာနေပါသည်။

ယခုနှစ် ကမ္ဘာ့မိုးလေဝသနေ့သည် နိုင်ငံအသီးသီးရှိ မိုးလေဝသနှင့် ဇလဗေဒဌာနများ၊ မိမိနိုင်ငံနှင့် လုပ်သားပြည်သူတို့အကျိုးအတွက် တစ်ရက်လျှင် ၂၄ နာရီ၊ တစ်နှစ်လျှင် ၃၆၅ရက် နေ့၊ ညမပြတ်ဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများကို စောင့်ကြည့်၊ လေ့လာ၊ တိုင်းထွာ၊ ထုတ်ပြန်နေသည့် မိုး/ဇလဌာနများအား အသိအမှတ်ပြု ဖော်ညွှန်းထားပါကြောင်း၊ ဆက်လက်၍ မိုး/ ဇလလုပ်ငန်းများ ပိုမိုတိုးတက်အောင် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၏ အရေးပါမှုနှင့်အတူ တစ်ဦးတစ်ယောက်မှသည် လူ့အဖွဲ့အစည်းအလိုက်၊ နိုင်ငံအလိုက် လိုအပ်လျက်ရှိသည့် ပိုမိုကောင်းမွန်သော မိုးလေဝသနှင့် ရာသီဥတုဝန်ဆောင်မှုများအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ အရေးတကြီးဆောင်ရွက်ရန် လိုအပ်နေသည်ကိုလည်း ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ယနေ့ ၂၁ ရာစုအတွက် စိန်ခေါ်မှုများစွာကို ဆောင်ရွက်ကြမည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မည်သည့်နိုင်ငံမဆို မိုးလေဝသ၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာလုပ်ငန်းစဉ်များသည် အလွန်အရေးပါနေဦးမည်ဖြစ်ပါကြောင်းဖြင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာအား ကိုးကားလျက် ၂၀၁၃ခုနှစ် မတ်လ ၂၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့မိုးလေဝသနေ့ကို ကြိုဆိုဂုဏ်ပြု တင်ပြလိုက်ပါသည်။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှု/ယဉ်ကျေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာခင်ဆွေမြင့်က ရှမ်းပြည်နယ် အင်းလေးဒေသရှိ ရွှေအင်းတိန်ရွာ စာပျိုးခင်းစာကြည့်တိုက်၊ ဟဲယာရွာမ မြတ်ရွှေအိုးစာကြည့်တိုက်၊ ခေါင်တိုင်ရွာ အလင်းရောင်ပြည်သူ့စာကြည့်တိုက်နှင့် မိုင်းသောက်ရွာ ပရဟိတစာကြည့်တိုက်တို့သို့ မတ် ၁၆ ရက်နှင့် ၁၇ ရက်က သုတရသစာအုပ် ၃၀၀ နှင့် သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ သွားရောက် လှူဒါန်းစဉ်။

(သတင်းစဉ်)

နွေအလယ် နှင်းမှုန်များကြားမှ အန္တရာယ်

ရန်ကုန် မတ် ၂၂

နွေခေါင်ခေါင် မတ်လ ၂၂ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး အတွင်း မြို့နယ်အချို့တွင် နှင်းများ သိပ်သည်းထူထပ်စွာ ကျဆင်းခဲ့သည်။ ကြည့်မြင်တိုင်ကမ်းနားတစ်လျှောက်တွင် နံနက် ၆ နာရီခွဲသည်အထိပင် မော်တော်ယာဉ်များက နှင်းမှုန်များအကြား ကားမီးကြီးဖွင့်လျက် အသံပေးဟွန်းများတီးကာ ဖြည်းညင်းစွာ မောင်းနှင်သွားနေကြသည်ကို တွေ့ရသည်။ လှိုင်မြစ် အရှေ့ဘက်ကမ်းနှင့် လှိုင်မြစ်အနောက်ဘက်သို့ကူးသည့် သမ္ဗန်ဆိပ်များ သွားလာမှု ရပ်ဆိုင်းထားရသည်။

ကြည့်မြင်တိုင်ကမ်းနားဈေးဆိပ်မှ ဂိတ်မှူး ဦးကုလားက "နံနက် ၄ နာရီခွဲလောက်ကတည်းကစပြီး နှင်းတွေကျလာတယ်၊ ၄ နာရီ ၄၅ မိနစ်မှာ ဆိပ်ကမ်းက သမ္ဗန်တွေ ထွက်ခွာခွင့်ကို ရပ်ခိုင်းထားခဲ့တယ်"ဟု ပြောသည်။

တစ်ဖက်ကမ်းအောက်ရှိ စက်ဆန်းရပ်ကွက်များ၌ မြစ်ကူးခြင်းကို ခေတ္တရပ်ဆိုင်းထားရန် တာဝန်ရှိသူတို့က အသံချဲ့စက်ဖြင့် သတိပေးမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။ သို့သော် ထိုကဲ့သို့ နှင်းများ ထူထပ်စွာကျနေသည့်ကြားမှပင် တစ်ဖက်ဆိပ်နှစ်ခုမှ သမ္ဗန်များက မြစ်ကိုဖြတ်သန်းမှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။

စက်ဆန်းရပ်ကွက်မှ အရန်မီးသတ်တပ်စုမှူးက "အေးရွာက ကူးတဲ့ သမ္ဗန်တစ်စင်းနဲ့ အခြားသမ္ဗန်တစ်စင်း မြစ်လယ်မှာ အနည်းငယ်တိုက်မိမှု ဖြစ်ခဲ့တယ်။ အရှိန်ထိန်းနိုင်ခဲ့ကြတဲ့အတွက် ဘာမှတော့ ကြီးကြီးမားမား အန္တရာယ်မဖြစ်ခဲ့ပါဘူး။ သမ္ဗန်နှစ်စင်း ထိတိုက်မိမှုကြောင့် သမ္ဗန်တွေ လူးလှုပ်ပြီး ကိုရင်လေးတစ်ပါးရဲ့ဖိနပ် ရေထဲပြုတ်ကျသွားတာပဲ ရှိပါတယ်" ဟု ဖြစ်စဉ်ကို ပြောပြသည်။

"ဘာမှမဖြစ်လျှင်တော့ ဘာမှမဖြစ်ပါ"ဆိုသည့် ခေတ်စကားနှယ် အမြင်ဝိုးတဝါး စမ်းတဝါးဝါးနှင့် နှင်းမှုန်များအကြားမှာ မြစ်ပြင်ကျယ်အား အရဲကိုးကာ ဖြတ်သန်းနေမှုများ အန္တရာယ်အလွန်မှပင် ကြီးလှပေသည်။ **တင်ဝင်းလေး (ကြည့်မြင်တိုင်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ် သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနားများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့်၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

တောမီးလောင်မှု ဖြစ်ပွား

မြိတ် မတ် ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု၊ ကျောက်ဖျာကျေးရွာအနီး တောင်ကုန်းတွင် မတ် ၂၁ ရက် ညနေ ၆ နာရီ ၄၅ မိနစ်၌ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ ကျောက်ဖျာကျေးရွာနေ ဦးတင်ကိုလတ် ပိုင်ဆိုင်သည့် ဥယျာဉ်ခြံမြေတွင် စိုက်ပျိုးရန်အတွက် တောရှိင်းများ ခုတ်ထွင်ရှင်းလင်းထားပြီး အမည်မသိလူတစ်ဦးမှ မီးရှို့၍ ထွက်ပြေးသွားသည်ဟု စုံစမ်းသိရှိရပါသည်။ မီးလောင်ရာအနီး ကျောက်ဖျာကျေးရွာရှိ လူနေအိမ်များ မီးမကူးစက်စေရန်အတွက် သတင်းရလျှင်ရချင်း မြို့နယ်မီးသတ်စခန်းမှ စခန်းမှူး ဦးမျိုးသူရဝင်း ဦးစီး၍ သန္တေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး၊ ကျေးရွာပြည်သူလူထု ၆၅ ဦး၊ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၁၀ နာရီတွင် မီးငြိမ်းခဲ့ကြောင်း သိရှိရသည်။

မြင့်သိန်း (ကိုယ်ပွား-မြိတ်)

ငွေဆောင်ကမ်းခြေ ဆီးဂိမ်းအကြို ရွက်လှေပြိုင်မည်

ပုသိမ် မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းတွင် SEA GAMES အကြို ရွက်လှေပြိုင်ပွဲကို ဧပြီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ စုံစမ်းသိရှိရသည်။ အဆိုပါ ရွက်လှေပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံများမှ အားကစားသမား ၈၉ ဦးတို့က ရွက်လှေ အားကစားနည်း ကိုးမျိုးတွင်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ရွက်လှေပြိုင်ပွဲဖွင့်လှစ်ရာတွင် ကရင်ဒိုးယိမ်းအကများ၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအက ပုသိမ်မြို့မှ မဟာသင်္ကြန်သံချပ်အဖွဲ့များ၊ သင်္ကြန်ယိမ်းအကအဖွဲ့များက ဧည့်ခံဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ **ဦးခန့်** (SPN)

တစ်ကိုယ်တော်စက်ဘီးသမား အဘိုးအို၏ ဆီးဂိမ်းဂုဏ်ပြုခရီးစဉ် အောင်မြင်စွာပြီးဆုံး

ကြံခင်း မတ် ၂၂

ရခိုင်ပြည်နယ် စစ်တွေမြို့နေ အသက် ၈၆ နှစ်အရွယ်ရှိ အဘိုး ဦးငပြူးသည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်မည့် (၂၇) ကြိမ်မြောက် အရှေ့တောင် အာရှဆီးဂိမ်းအားကစားပွဲတော်ကြီး ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် နံနက် ၇ နာရီခန့်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ တစ်ကိုယ်တော် စက်ဘီးစီး၍ စတင်ထွက်ခွာခဲ့ပြီး ပြည်နယ်၊ တိုင်းဒေသကြီး ကိုးခုရှိ မြို့အသီးသီးကို ဖြတ်ကျော်စီးနင်းခဲ့ရာ ယခုနှစ် မတ် ၁၉ ရက်တွင် ၎င်း၏ခရီးစဉ် အဆုံးသတ်မည့် ဧရာဝတီတိုင်း ဒေသကြီး ကြံခင်းမြို့သို့ နံနက် ၈ နာရီခွဲခန့်တွင် ရောက်ရှိလာခဲ့သည်။

တစ်ကိုယ်တော်မာရသွန်စက်ဘီးစီးအဘိုးအို ဦးငပြူးကို ကြံခင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီအသီးသီးမှပုဂ္ဂိုလ်များ၊ မြို့ခံပြည်သူများကတစ်ခဲနက်ကြိုဆိုဧည့်ခံကြပြီး ဦးငပြူးက ကျေးဇူးတင်စကားပြောကြား၍ မြို့ခံလူငယ်များအား ဆေးလိပ်နှင့် အရက်မသုံးစွဲကြရန် တိုက်တွန်းလှူဆော်သည့် လက်ကမ်းစာစောင်များဝေငှသည်။

အဘိုးဦးငပြူးသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဆက်လက်ထွက်ခွာ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ကန်ကြီးဒေါင့်၊ ကျောင်းကုန်း၊ အသုတ်၊ ကျုံပျော်၊ ဟင်္သာတ၊ အင်္ဂပူ၊ မြန်အောင်စသည့်မြို့နယ်များကို ဖြတ်သန်းစီးနင်းခဲ့ပြီးနောက် ၎င်း၏ခရီးစဉ် အဆုံးသတ်မည့် ကြံခင်းမြို့သို့ မတ် ၁၉ ရက် နံနက် ၈ နာရီခွဲတွင် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းစက်ဘီးစီးနင်းခဲ့သော ခရီးစဉ်မှာ မိုင်ပေါင်း ၃၈၀၀ ခန့်ရှိပြီး အချိန်ကာလအားဖြင့် သုံးလနှင့် သုံးရက်ကြာမြင့်ခဲ့သည်။ အဘိုးဦးငပြူးသည် မတ်၁၉ရက်မွန်းတည့်တွင် မြို့ခံပြည်သူများအား နှုတ်ဆက်ထွက်ခွာ၍ ပြည်မြို့မှတစ်ဆင့် ၎င်း၏နေရပ်ဖြစ်သော ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝ၆၉)**

No.90 (A-1), Inya Road, Kamayut Township, Yangon.
Ph:+95-1-513858,+95-1-523355

Zar and Diamonds Gems & Jewellery ၏တစ်နှစ်ပြည့် အထူး Promotion (MARCH 23 To 24) ပွဲကြီးအား ကြွရောက်ချီးမြှင့်ပေးပါရန် မိတ်ဟောင်းမိတ်သစ်များအားလုံးကို လေးစားစွာဖိတ်ကြားအပ်ပါသည်။

GIA နှင့် HRD Certificate စိန်များကို ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ လျှော့၍ ရောင်းချပေးသွားပါမည်။

ယိုးဒယားပန်းထိမ်ဆရာကြီးများ၏ ဆန်းသစ်သပ်ရပ်လှပသော လက်ပန်းထိမ်၊ စက်ပန်းထိမ်လက်ရာများကိုလည်း Promotion အထူးအစီအစဉ်အနေဖြင့် ပန်းထိမ်အပ်ထည်အသစ်များကို အလျော့တွက်နှင့် လက်ခအထူးဈေးလျှော့၍ အော်ဒါလက်ခံပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ကလေးသူငယ် ကာကွယ်ရေးတပ်စုများ ဖွဲ့စည်းမည်

နေပြည်တော် မတ် ၂၂

ယခုလာမည့် ဧပြီလအတွင်း မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ကလေးသူငယ် ကာကွယ်ပေးရေး တပ်စုများကို ဖွဲ့စည်းသွားမည်ဟု လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(အဖွဲ့မှူး) ဒုတိယရဲမှူးကြီး ဥမ္မာရင်မီ **(အပေါ်ပုံ)** က ပြောကြားသည်။

"အရွယ်မရောက်သေးတဲ့ ကလေးသူငယ်များကို အကာအကွယ်ပေးဖို့ အခုနှစ် ဇန်နဝါရီ ၂၄ ရက်ကစတင်ပြီး နိုင်ငံတော်က ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ကလေးသူငယ် ကာကွယ်ရေးတပ်ဖွဲ့မှာ တပ်စုသုံးစုပါဝင်ပြီး အဓိကမြို့ကြီး သုံးမြို့ဖြစ်တဲ့ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့ကြီးတွေမှာ ထားရှိသွားမှာပါ။ ဧပြီ ၁ ရက်မှာ စတင်ဖွဲ့စည်းနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကိုတော့ တပ်ဖွဲ့အင်အား ၁၀၂၉ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ တပ်စု ၂၀ ပါဝင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ထားရှိသွားမှာပါ"ဟု လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးသည် ကလေးများတွေ့ကြုံခံစားနေရသော အကြမ်းဖက်ခြင်း၊ မတော်မတရားပြုမူခြင်း၊ လျစ်လျူရှုခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့မှ ကာကွယ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန်ဖြစ်သည်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ကို ၁၉၉၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်အညီ မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံကလေးသူငယ်ဥပဒေ၊ နည်းဥပဒေများကို ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဆက်လက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးငယ်များမှာ မိဘ သို့မဟုတ် အုပ်ထိန်းသူမရှိသော တောင်းရမ်းစားသောက်သူ၊ မိဘအုပ်ထိန်းသူတို့က ထိန်းသိမ်း၍မရနိုင်လောက်အောင် ဆိုးသွမ်းသူ၊ ရက်စက်သော သို့မဟုတ် ယုတ်မာသော မိဘ၊ အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်တွင်ရှိသူ၊ စိတ်ပေါ့သွပ်သူ၊ ကူးစက်တတ်သောရောဂါစွဲကပ်နေသူ၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူနှင့် လူမှုဝန်ထမ်းဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသူများဖြစ်သည်ဟု မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေပုဒ်မ ၃၂ တွင် ဖော်ပြထားသည်။

ကလေးသူငယ် ဆိုသည်မှာ အသက် ၁၈ နှစ်မပြည့်သေးသည့် မည်သူ့ကိုမဆို ကလေးအဖြစ် သတ်မှတ်ထားကြောင်း ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်တွင် ဖော်ပြထားကြောင်း သိရသည်။

ရဲခေါင်ညွန့်

လှိုင်မြို့နယ်၌ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်

လှိုင် မတ် ၂၂

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း၊ လှိုင်မြို့နယ် သာသနာ့နုဂ္ဂဟအသင်းတို့က ကြီးမှူးကျင်းပသည့် မေတ္တာဝါဒီ ပရဟိတကျောင်းနှင့် အမှတ်(၁၆)ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်းတို့ ပူးပေါင်းကျင်းပသော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါမေတ္တာဝါဒီကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ လူမှုထူးချွန်ဦးရဲအောင်၊ မြို့နယ်ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဦးခင်လှ၊ မြို့နယ် သာသနာ့နုဂ္ဂဟအသင်း အတွင်းရေးမှူး ဦးလှထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်ဝင်း၊ သင်တန်းနည်းပြမှူး ဆရာမ ဒေါ်ခင်သန္တာဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါဖွင့်ပွဲသို့ ခရိုင်သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ သုဓမ္မသိင်္ဂီ ဒေါ်ဥမ္မာလွင်လည်း တက်ရောက်ခဲ့ပြီး အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း၊ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

မီးမီး(လှိုင်)

နေပြည်တော် မတ် ၂၂

တပ်ကုန်းမြို့နယ်တွင် မော်တော်ဆိုင်ကယ်နှစ်စီး အရှိန်ပြင်းစွာတိုက်၊ လေးဦးဒဏ်ရာရ

နေပြည်တော် တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် ရန်ကုန်-မန္တလေး လမ်းမကြီး မိုင်တိုင်(၂၇၈/၃)နှင့် (၂၇၈/၄)အကြား ရဲမာန်လမ်းဆုံတွင် မတ် ၂၀ ရက် ည ၁၁ နာရီ ၁၀ မိနစ်က မော်တော်ဆိုင်ကယ်နှစ်စီး အရှိန်ပြင်းစွာ မျက်နှာချင်းဆိုင်တိုက်မိသဖြင့် မော်တော်ဆိုင်ကယ် စီးနင်းလာသူ လေးဦးစလုံး ပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှားပင်ဆိပ်မီးပွိုင့်ဘက်မှ မောင်မောင်ဇော် မောင်းနှင်ပြီး နောက်မှ မအေးသီရိဆွေ စီးနင်းလိုက်ပါလာသည့် အနက်ရောင်ကမ်ဘို ၁၁၀ ဆိုင်ကယ်နှင့် မိုးကောင်းဘုရားဘက်မှ ရှားပင်ဆိပ်မီးပွိုင့်ဘက်သို့ ဘိုဘိုဝင်း မောင်းနှင်ပြီး နောက်မှ ကိုကိုလွင် စီးနင်းလိုက်ပါလာသည့် ရင်ဇင်း ၁၂၅ ဖြူ/နီ ဆိုင်ကယ်တို့သည် မျက်နှာချင်းဆိုင် အရှိန်ပြင်းစွာ တိုက်မိသဖြင့် ယာဉ်ပေါ်စီးနင်းလိုက်ပါသူ လေးဦးစလုံး ပြင်းထန်စွာ ဒဏ်ရာများ ရရှိခဲ့သဖြင့် တပ်ကုန်းမြို့ ခုတင် ၁၀၀ ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှု ခံယူနေကြကြောင်း၊ ယင်းယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ တပ်ကုန်းရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

"ဘယ်ယာဉ်ကိုမဆို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည်ဘဲ မမောင်းနှင်သင့်ပါဘူး၊ ဒီယာဉ်တိုက်မှုဖြစ်စဉ်မှာ အမှန်တကယ်တော့ နှစ်ဦးနှစ်ဖက်စလုံး တာဝန်ရှိတယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

မောင်မင်း(ကလေး)

စာအုပ်စာစောင်၊ ဓာတ်ပုံပြပွဲ ကျင်းပ

ရန်ကုန် မတ် ၂၂

ပြည်သူ့ဝန်ဆောင်သော ပြည်သူ့ဝန်ထမ်းများအဖြစ်ခံယူ၍ ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူလိုအင်ဆန္ဒအား ဖြည့်ဆည်းအကောင်အထည်ဖော်သည့် စာအုပ် စာစောင်၊ ဓာတ်ပုံပြပွဲကို မတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဓာတ်ပုံပြပွဲတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုမှတ်တမ်းများ၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ဆီးဂိမ်းအတွက် အားကစားသမားများ၏ ကြိုတင်လေ့ကျင့်နေမှုမှတ်တမ်းများကို စုံလင်စွာပြသထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိဇ္ဇာအောင် လေးဖက်နာ တိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ ဦးအေးလမ်းသွယ်(၂)၊ အမှတ် ၅၇ တွင် တည်ထောင်ထုတ်လုပ်လျက်ရှိသော ဝိဇ္ဇာအောင် လေးဖက်နာ တိုင်းရင်းဆေးနှင့် ရွှေနန့်သာဖြူဒဏ်ကြေလိမ်းဆေးလုပ်ငန်းတို့ကို လုပ်ကိုင်နေသူ ဦးညိုလင်းအောင် ၁၂/မရက(နိုင်)၀၂၆၇၁၉ မှာ ကွယ်လွန်သွားပါသဖြင့် ဦးညိုလင်းအောင်၏ တပည့်ဖြစ်သူ အထက်ဖော်ပြပါ လုပ်ငန်းများကို လက်ရှိလုပ်ကိုင်နေသူ ဦးကျော်သူရ ၁၂/ကမန(နိုင်)၀၀၀၁၇၂၈ အဆိုပါလုပ်ငန်းများကို တာဝန်ယူ ဆက်လက်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဦးကျော်သူရ၏ ဝိဇ္ဇာအောင် လေးဖက်နာ တိုင်းရင်းဆေးနှင့် ရွှေနန့်သာဖြူဒဏ်ကြေလိမ်းဆေးတို့ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ကိုယ်စားလှယ်ဖြန့်ဝေခြင်း၊ လုပ်ငန်းလိုင်စင် အမည်ပြောင်းခြင်းတို့အား ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးညိုလင်းအောင်၏ တပည့်ဖြစ်သူ ဦးကျော်သူရ အမည်ဖြင့် အထက်ဖော်ပြပါလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဥမ္မာမြင့် (LL.B) အထက်တန်းရှေ့နေ
အမှတ် ၁၉၀/ခ၊ မြို့မငြိမ်းလမ်း၊ ၇ ရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၉-၇၃၂၄၅၇၆၁

စာအုပ်စာပေ လူ့မိတ်ဆွေ

ဝန်ထမ်းအလိုရှိသည်

ပြည်တွင်း၌သာခန့်ထားရန်

မန်နေဂျာ မ (၅) ဦး

- ဘွဲ့ရ၊ အသက် (၄၀)အောက်
- အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် Furniture အတွေ့အကြုံရှိသူဖြစ်ရမည်။ (ဒီပလိုမာဘွဲ့၊ စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ရှိသူ ဦးစားပေးမည်။)
- ရိုးသားကြိုးစား ယဉ်ကျေးသိမ်မွေ့၍ သွက်လက်ဖျတ်လတ် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

စာရင်းကိုင် မ (၅) ဦး

- B.Com ဘွဲ့ရ၊ အသက် (၅၀)အောက်
- လုပ်ငန်းအတွေ့အကြုံ ငါးနှစ်ရှိရမည်။

အရောင်းဝန်ထမ်း မ (၃၀) ဦး

- အသက် (၂၀-၃၅)နှစ်အတွင်း၊ အနိမ့်ဆုံး ၁၀ တန်းအောင်မြင်ရမည်။
- Furniture နှင့် အရောင်းပိုင်း စိတ်ဝင်စားသူ ဖြစ်ရမည်။
- ဆက်ဆံရေးပြေပြစ်၍ မိမိတာဝန်ကို တိတိကျကျ တာဝန်ယူနိုင်ရမည်။

လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ချမ်းမြေ့သာ ပရိဘောဂကုမ္ပဏီလီမိတက်
အမှတ် ၉၇-ဘီ၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတကာအားကစားသတင်း

ဂျပ်စတင်းရို့စ် ခုနစ်ချက်လျှော့ရိုက်

အင်္ဂလန်ဂေါက်သီးကစားသမား ဂျပ်စတင်းရို့စ်သည် အမေရိကန်နိုင်ငံ၌ ကျင်းပသည့် အာနိုးပါးမားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရိုက်ချက် ခုနစ်ချက်လျှော့ ရိုက်ပြီး ဦးဆောင်လျက်ရှိသည်။ ကမ္ဘာ့နံပတ် ၅ အဆင့်ရှိ ဂျပ်စတင်းရို့စ်သည် ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်ကို ကျော်ဖြတ်ပြီး လျှော့ရိုက်ထားသည်။

ယူ ၂၁ အင်္ဂလန်က ရိုးမေးနီးယားကိုနိုင်

ယူ ၂၁ ချစ်ကြည်ရေးပြိုင်ပွဲအဖြစ် အင်္ဂလန်နှင့် ရိုမေးနီးယားအသင်းတို့ ယှဉ်ပြိုင်ရာ အင်္ဂလန်က သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။ အင်္ဂလန်အသင်းအတွက် ဂိုးများကို ဝီလ်ဖရက်ဇာဟာဂျက်ရော်ဘင်ဆင်နှင့် နာသန်ဒီဖောင်းနက်ဆိုးတို့က သွင်းယူခဲ့ကြသည်။ ဇာဟာ၏ဂိုးမှာ အလှပဆုံးသွင်းယူခဲ့သည့် ဂိုးလည်းဖြစ်သည်။ ၎င်းသည် လာမည့်နွေရာသီတွင် မန်ယူသို့ ရောက်ရှိလာမည့် တိုက်စစ်မှူးလည်း ဖြစ်သည်။

ဆွာရက်ဇ် လီဗာပူးမှာပဲ ရှိမည်

တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်သည် လီဗာပူးအသင်းတွင် ဆက်လက်ကစားမည်ဖြစ်ကြောင်း အသင်းနည်းပြက အတည်ပြုပြောကြားသည်။ အသက် ၂၆ နှစ်ရှိ ဆွာရက်ဇ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားလိုသောဆန္ဒဖြင့် လီဗာပူးမှ ထွက်ခွာလိမ့်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ ၎င်းသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက အိုင်းယက်မှ လီဗာပူးသို့ ပေါင် ၂၂ ဒသမ ၇ သန်း ဖြင့် ရောက်ရှိလာပြီးနောက် ၂၉ ဂိုး သွင်းယူခဲ့သည်။

ကောင်းမြတ်သူ - ရေးသားသည်

ရှုံးကန်ကြရဦးမယ့် ပရီမီယာလိဂ် ပွဲစဉ် (၃၀)

ပရီမီယာလိဂ်ပွဲစဉ်တွေကို လာမယ့် မတ် ၃၀ နဲ့ ၃၁ ရက်တွေမှာ ဆက်လက်ကျင်းပမှာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေကြောင့် သီတင်းတစ်ပတ် ရပ်နားထားရတဲ့အတွက် အခုတစ်ပတ်ယှဉ်ပြိုင်ကစားမယ့်ပွဲတွေကတော့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ရပါလိမ့်မယ်။ အထူးသဖြင့် တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့အသင်းတွေရဲ့ အားမာန်တွေကို အခုတစ်ပတ်ပွဲစဉ်တွေမှာ ပီပီပြင်ပြင်အားပေးရမှာ သေချာနေပါတယ်။

ဆန်းဒါးလန်းနှင့် မန်ယူ

သရေပွဲတွေ ဆက်တိုက်ကြုံထားရတဲ့ အိမ်ရှင်ဆန်းဒါးလန်းတို့ အတွက် စိန်ခေါ်မှုတွေက ကြီးမားနေတဲ့ ပွဲပါပဲ။ သုံးပွဲဆက်တိုက် သရေဖြစ်ထားတဲ့ ဆန်းဒါးလန်းဟာ အခုပွဲမှာ မန်ယူကို ဘယ်လိုပုံစံမျိုးနဲ့ တုံ့ပြန်မလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ မန်ယူတို့ အတွက်ကတော့ ဆန်းဒါးလန်းက ဒုက္ခပေးတတ်တာမို့ သတိထားပြီး ဖိဖိစီးစီး ကစားပါလိမ့်မယ်။ မန်ယူ ပရိသတ်အဖြစ် စိတ်အားထက်သန် စရာဖြစ်ရမယ့် ပွဲပါပဲ။

မန်စီးတီးနှင့် နယူးကာဆယ်

မန်စီးတီးတို့ ပြီးခဲ့တဲ့ပွဲစဉ်မှာ အဲဗာတန်ကို ရှုံးပွဲကြုံထားလို့ အခု ပွဲရလဒ်နဲ့ ချေဖျက်ဖို့ ကြိုးစားပါလိမ့်မယ်။ မန်ယူကို အမီလိုက်ဖို့ စိတ်ဓာတ်မကျသေးတဲ့ မန်စီးတီးဟာ နယူးကာဆယ်ကို ချေမှုန်းဖို့ အမာခံကစားသမားတွေ အကုန်ထုတ်သုံးပါလိမ့်မယ်။ မန်စီးတီးတို့ ဂုဏ်သိက္ခာ အတွက်နဲ့ ရပ်တည်မှုအတွက်ပါ အားထုတ်မယ့်ပွဲဖြစ်ပါတယ်။

ဆောက်သမ်တန်နှင့် ချယ်လ်ဆီး

ဆောက်သမ်တန်ဟာ တန်းဆင်းဇုန်အနီးက ဝေးကွာဖို့အတွက် နိုင်ပွဲလိုအပ်ပေမယ့် ပြိုင်ဘက်က ချယ်လ်ဆီးဖြစ်နေတာမို့ အကျပ်အတည်းတွေ့မှာတော့ အမှန်ပါပဲ။ ချယ်လ်ဆီးတို့ကလည်း စပါးတို့ရဲ့ ခြိမ်းခြောက်မှုခံထားရလို့ အနိုင်ရလဒ်ကို ရအောင်ပုံဖော်ပါလိမ့်မယ်။

အာဆင်နယ်နှင့် ရက်ဒင်း

အာဆင်နယ်ဟာ နိုင်ပွဲရအောင် ကြိုးစားနေရတဲ့အတွက် ရက်ဒင်းကိုလည်း သာသာယာယာကျော်ဖြတ်လို့တော့ မဖြစ်နိုင်တဲ့ အခြေအနေပါပဲ။ ရက်ဒင်းဟာ အသင်းကြီးတွေကို ကောင်းကောင်း ခြိမ်းခြောက်နိုင်တဲ့ အပြင် ကစားအားလည်း ကောင်းတာမို့ အာဆင်နယ်တို့ အထူးသတိထားကစားရပါလိမ့်မယ်။

ဗီလာနှင့် လီဗာပူး

ဗီလာမှာ ဘန်တီကီတို့က ဂိုးသွင်းခြေစွမ်းထက်တာမို့ လီဗာပူးတို့ ဂရုစိုက်ရပါလိမ့်မယ်။ ဒါပေမယ့် ဗီလာရဲ့ ခံစစ်မှူးတွေက နားလည်မှုတွေ၊ အမှားအယွင်းတွေ လုပ်တတ်တာမို့ ဆွာရက်ဇ်တို့လို လျင်မြန်တဲ့ လီဗာပူးတိုက်စစ်မှူးတွေရဲ့ တိုက်ခိုက်မှုကို ခံစားသွားရနိုင်ပါတယ်။

အဲဗာတန်နှင့် စတုတ်

ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်စီးတီးကို အနိုင်ကစားခဲ့လို့ စိတ်ဓာတ်တက်ကြွနေတဲ့ အဲဗာတန်က ခြေစွမ်းမာကျောတဲ့ စတုတ်နဲ့တွေ့ရမှာမို့ ရင်ပူစရာတော့ ဖြစ်စရာပါပဲ။ အဲဗာတန်ဟာ အနိုင်ရစိတ်ဓာတ်ပြင်းပြမှုနဲ့ တိုက်စစ်ဖွင့်ကစားပြီး ဖယ်လိုင်နီတို့ခြေစွမ်းပြနိုင်ရင်တော့ ဒီပွဲမှာ အပြိုးအပျော်တွေနဲ့ ထွေးပိုက်ရမှာပါ။

ဆွမ်ဆီးနှင့် စပါး

စပါးတို့ ပြီးခဲ့တဲ့ပွဲစဉ်က အိမ်ကွင်းမှာ နော့ဝှစ်ကို ရှုံးထားလို့ ကျားနာလိုဖြစ်နေပါတယ်။ တိုက်စစ်၊ ခံစစ်မျှအောင် ကစားတတ်တဲ့ဆွမ်ဆီးမှာ ဂိုးသွင်းခြေမြူးနေတဲ့ မီချူးတို့ရှိနေသလို စပါးမှာလည်း တောင်ပံနဲ့ ကွင်းလယ်တိုက်စစ်တွေမှာ မွှေနှောက်ထိုးဖောက်နိုင်တဲ့ ဂါရက်ဘေးလ်တို့ရှိနေပါတယ်။ စပါးတို့ ကစားအားတင်ပြီး မနားတမ်း ဖိအားပေးကစားမှ ရပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက် - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ၂၀၁၅ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲကို ကနေဒါနိုင်ငံ မြို့ကြီးခြောက်မြို့၌ ဇွန် ၆ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဖီဖာက သတင်းထုတ်ပြန်သည်။
- လာမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပမည့် ဘရာဇီးနိုင်ငံက ဘရာဆီးလီးယားမြို့ရှိ ပရိသတ် ၇၁၀၀၀ ဆံ့သည့် ဘောလုံး အားကစားကွင်းကို ဧပြီ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။
- ဂျူဗင်တပ်စ်အသင်းက မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို ခေါ်ယူရန် ကြိုးစားနေပြီဖြစ်သည်။
- ဘရာဇီးတိုက်စစ်မှူး ဟုလ်ခ်သည် လာမည့်နွေရာသီတွင် ရုရှားကလပ် စိန့်ပီတာစဘတ်အသင်း မှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- တိုရီနိုအသင်းမှ အီတလီနောက်ခံကစားသမား အင်ဂီလိုအော့ဘန်မာကို ဂျူဗင်တပ်စ်ကခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- စပါးနှင့် ချယ်လ်ဆီးတို့သည် ဆောက်သမ်တန်အသင်း နောက်ခံလူ လူကီရှောကို ပေါင် ၁၆ ဒသမ ၅ သန်းဖြင့်ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- မန်စီးတီးနည်းပြ မန်ချီနီအား မန်စီးတီးအသင်းအုပ်ချုပ်သူ ဖာရန်ဆိုရီရာနိုက "သင်သည် အကောင်းဆုံးနည်းပြ၊ ဒီထက်မပြောလိုပါ" ဟူသောစကားကို ပြောကြားခဲ့သည်။
- နယူးကာဆယ်နောက်ခံလူ ဆန်တန်က အေစီမီလန်အသင်းတွင် ပြန်လည်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

ကန့်ကွက်နိုင်ပါသည်

ယုဇနဆောက်လုပ်ရေးကုမ္ပဏီမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရောင်းချထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ချင်းတွင်းအိမ်ရာ၊ယုဇနလမ်း၊တိုက်အမှတ်(၃)၏ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပိုင်ဆိုင်မှု စာရွက်စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် ၎င်းလုံးချင်းပိုင်ဆိုင်မှုအား ဒေါ်အေးသိန်း ၁၂/ဒဂန(နိုင်)၀၀၄၄၅၉ အမည်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း သက်ဆိုင်ရာရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ- အမှတ် ၁၃၀၊ ယုဇနစင်တာ (တတိယထပ်) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၀၇၄၅၊ ၀၁-၅၄၀၇၄၆

မတ်လ ၁၃ ရက် စိန်ဆွဲသီးကောက်ရသည့် အမျိုးသမီးသိစေရန်

၂၀၁၃ခုနှစ် မတ်လ ၁၃ ရက် ၁၀ နာရီ ၆ မိနစ်တွင် စဉ့်အိုးတန်းလမ်းနှင့် ၁၉ လမ်းကြား မဟာဗန္ဓုလလမ်း ပလက်ဖောင်းအနီး ကားလမ်းပေါ်တွင် အမျိုးသမီးတစ်ဦး စိန်ဆွဲသီးကောက်ယူနေပုံကို CCTV ကင်မရာနှစ်လုံးတွင်လည်းကောင်း၊ ၁၈ လမ်းအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားပုံကို CCTV ကင်မရာ နောက် ၂ လုံးတွင်လည်းကောင်း တွေ့မြင်ရပါသည်။ သို့ပါ၍ အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပေးပါရန်။

မှတ်ချက် - ထိုက်ထိုက်တန်တန် ချီးမြှင့်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၃၈၂၁၉၄၊ ၀၉-၅၀၁၃၉၃၄၊ ၀၉-၈၇၀၂၅၉၆

မွေးနေ့မင်္ဂလာဆုတောင်း

သမီးလေး နွေဦးဝေ၏ ၂၃-၃-၂၀၁၃ရက်တွင် ကျရောက်သော (၃)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ခက်ခဲစွာ မွေးဖွားရယူထားသော သမီးလေးသည် သက်ရှည်ကျန်းမာ၊ ပညာပြည့်ဝ၊ နှလုံးလှလျက် လိမ္မာယဉ်ကျေးပြီး ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပြီး ချစ်မြတ်နိုးသော ဖေကြီး မေကြီးတို့ မိသားစုနဲ့ ပျော်ရွှင်အေးချမ်းစွာ မခွဲမခွာ နေသွားရပါစေလို့ ဆုတောင်းမေတ္တာပို့သလျက်-

ဖေကြီး - ဦးဇော်ဇော်ဝေ
မေကြီး - ဒေါ်ချိုချိုမာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၉၀၊ မြေကွက်အမှတ်၁၄၆၀၊မြေကွက်တည်နေရာ အမှတ်၁၄၆၀၊ ၉၀ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးသိန်းဟန် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသိန်းဟန် ၁၂/အလန(နိုင်)၀၁၃၃၈၇ ကိုယ်တိုင်မှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၅-၃-၂၀၁၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၄)ပါ အဆိုပြုငွေပေးသွင်းရန် အသိပေးအကြောင်းကြားခြင်း ကြော်ငြာတွင် ဦးအဒီး၏ **ဆိုင်ခွန်ဖော်ထုတ်လုပ်ကွက်အစား ခွန်ဆိုင်ဖော်ထုတ်လုပ်ကွက်**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

ထောက်ကြန့်တောင်ပိုင်း
ရတနာလမ်း၊ ပုပ္ပားကျောင်းအနီး
၃၃'×၁၀၅' (RC 1 သစ်) ဂိုဒေါင် (၁)
(၇၀၀)

ဖုန်း-၀၉-၅၄၀၇၇၃၃၊ ၀၉-၄၈၂၇၀၃၂၉

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မဆုရည်မွန်သည် ကိုထွန်းထွန်းလင်း ၁၂/ရကန(နိုင်)၀၇၀၇၂၇နှင့် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသဖြင့် ၂၁-၃-၂၀၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဦးစီးအရာရှိ ဦးမြင့်သန်းထွဋ်၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ကိုထွန်းထွန်းလင်းနှင့်ပတ်သက်သော ကိစ္စများကို ကျွန်မနှင့် လုံးဝသက်ဆိုင်မှု မရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မဆုရည်မွန်
၁၂/ရကန(နိုင်)၀၈၂၅၄၀

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးအောင်အောင်-ဒေါ်အေးအေးမော်တို့၏သား မောင်ထက်ဝေယံ(ခ)မောင်နေလင်းအောင် ၁၂/ဥကမ(နိုင်)၂၃၃၁၄၅သည် မိဘများကို အမျိုးမျိုးစိတ်ဆင်းရဲအောင် လုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးအောင်အောင်-ဒေါ်အေးအေးမော်

ကန့်ကွက်နိုင်ပါသည်

ယုဇနဆောက်လုပ်ရေးကုမ္ပဏီမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရောင်းချထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ချင်းတွင်းအိမ်ရာ၊ ရတနာလမ်း၊ တိုက်အမှတ်(၁၁)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် ၎င်းလုံးချင်းပိုင်ဆိုင်မှုအား ဦးသိန်းအောင် ၁၄/ဘကလ(နိုင်)၀၉၄၈၉၆ အမည်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း သက်ဆိုင်ရာရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ- အမှတ် ၁၃၀၊ ယုဇနစင်တာ (တတိယထပ်) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၀၇၄၅၊ ၀၁-၅၄၀၇၄၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်မှ ဆံတော်ရှင်မြတ်မော်တင်စွန်း ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ရှိ ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး ဦးစီးကော်မတီများ၊ ပွဲတော်ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်၍ ၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁ ရက် (မတ် ၁၂ ရက်)မှ တပေါင်းလဆန်း ၁၅ရက် (မတ် ၂၆ရက်)အထိ ၁၅ရက် တိုင်တိုင် ဆံတော်ရှင်ဘုရားတည်ရှိရာ ပင်လယ်ကမ်းခြေရှိ မော်တင်တောင်ခြေရင်း၌ စည်ကားစွာ ကျင်းပလျက်ရှိသည်။

ဘုရားပွဲတော် ကျင်းပရေးဦးစီးကော်မတီတွင် နာယကအဖြစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီ ဦးသိန်းအောင်က ဆောင်ရွက်ပြီး ဥက္ကဋ္ဌဦးကျော်အေး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင် ၂၀၊ ပွဲတော် ကျင်းပရေးကော်မတီတွင် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်၁၈ ဦးနှင့် ဖွဲ့စည်းထားပြီး ဆပ်ကော်မတီပေါင်း ၁၃ ဖွဲ့က တာဝန်ယူ ကျင်းပလျက်ရှိသည်။

ပွဲတော်ရက်အတွင်း မော်တင်စွန်းဘုရား တောင်ပေါ်၌ အသံမစဲပဋ္ဌာန်းပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲ၊ တောင်ခြေ၌ ဇာတ်ပွဲများ၊ရုပ်ရှင်များ ပါဝင်မည်ဖြစ်ပြီး ပွဲတော်ဆိုင်ခန်း ၈၀၀ကျော်ကို ပွဲတော်ကျင်းပရေး ကော်မတီကနေရာများချထားပေးသဖြင့်ဒေသထွက်ကုန်အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ အလှကုန်နှင့် အဝတ်အထည်များ၊ ပင်လယ်ထွက် ပစ္စည်းများ ရောင်းချပေးလျက်ရှိသည်။

ပွဲတော်လာ နယ်ဝေးဘုရားဖူးများတည်းခိုရေးအတွက် ဘုရားရင်ပြင်တော်တွင် တည်းခိုဆောင် နှစ်ဆောင်၊ တောင်ခြေတွင် တည်းခိုဆောင် သုံးဆောင်တို့အပြင် ပင်လယ်ကမ်းခြေ သဲသောင်ပြင်တည်းခိုဆောင်များအဖြစ် ဟိုင်းကြီးကျွန်းအထက ရန်ပုံငွေတည်းခိုဆောင်၊ ကံချိုင်ရွာ အလကရန်ပုံငွေ တည်းခိုဆောင်တို့ ဖွင့်လှစ်ထားရှိသည်ကို တွေ့ရသည်။

ပို့ဆောင်ရေး ဆပ်ကော်မတီကလည်း ရပ်ဝေးဘုရားပွဲလာ ပြည်သူများအတွက် ပုသိမ်မှမြတ်မော်တင်စွန်းသို့ ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်းအတိုင်း မှန်လုံယာဉ်ကြီးများနှင့်ပြေးဆွဲပေးလျက်ရှိသကဲ့သို့ ရေလမ်းမှလည်း ပုသိမ်မှ မြတ်မော်တင်စွန်းသို့ နေ့စဉ်ရှုပ်ပြေးရေယာဉ်ကြီးများ ဖြစ်ကြသည့် ရွှေစင်ကြယ် (၁)၊ရွှေစင်ကြယ်(၂)၊ပိုလ္လိုင်ကြီး၊ကမ်းရိုးတန်းအမြန်၊ ပုသိမ်သူ၊ ဝေလမင်းစသော ရေယာဉ်များက နေ့ရောညပါ လွှန်းပြန်ပြေးဆွဲပေးလျက်ရှိသဖြင့် မော်တင်စွန်းဘုရားပွဲတော် သဘော်ဆိပ်ကမ်းဖြစ်သည့် ခမောက်မော်ကမ်းခြေတွင် အဆိုတော်သန်းထွန်းလေး၏ "ကျွန်တော့်မမပုသိမ်သူ" သီချင်းသံတို့သည် လွှင့်ပျံ့လျက်ရှိသည်။

ရပ်ဝေးဘုရားပွဲလာများကို ပုသိမ်သူမော်တော်ရေယာဉ်ဖြင့် ဤသို့ပို့ဆောင်ပေးနေစဉ်။

ဘုရားသမိုင်းအကျဉ်း

ဥက္ကလာပမင်းတရားကြီးလက်ထက် သုဝဏ္ဏသူဌေးကြီး၏သားများဖြစ်ကြသည့် တဖုဿနှင့်ဘလ္လိက ညီနောင်တို့ ကုန်ရောင်းထွက်ရာ မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသသို့ ရောက်ရှိစဉ်မြတ်စွာဘုရား ပေးသနားတော်မူလိုက်သည့် ဆံတော် ရှစ်ဆူအနက်မှတစ်ဆူကို ဌာပနာပြု၍ နဂါးတို့၏ ဘုရင်"ဇေယျသေန" နဂါးမင်းကြီးသည် နဂါးနှင့် ဆင်ဖြူတော်များ ခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် မော်တင်စွန်း၌ စိုင်တမော အရွယ်ရှိ ဘုရားစေတီကို စတင်တည်ခဲ့သည်ဟု ဘုရားသမိုင်းအရ သိရသည်။

ဒုတိယမွမ်းမံသော ဘုရားဒါယကာမှာ သီရိဓမ္မာသောကမင်းကြီးဖြစ်သည်ဆို၏။ သာသနာတော်သက္ကရာဇ် ၂၃၆ ခုနှစ်တွင် အရှင်မဟာမောဂ္ဂလိ တိဿမထေရ်နှင့် အရှင် ဥတ္တရမထေရ်မြတ်တို့၏ တန်ခိုးတော်နှင့် မင်းကြီးနှင့်တကွ မိဖုရား၊ မောင်းမခြွေရံ၊ စစ်သည်ဗိုလ်ပါတို့ကြွရောက်လာပြီး မွမ်းမံ တည်ထားခဲ့ပြန်သည်ဟု သိရသည်။

တတိယ မွမ်းမံတည်ဆောက်သော ဘုရားဒါယကာမှာအလောင်းစည်သူမင်းဖြစ်ပြီး အလောင်းစည်သူမင်းကြီးသည် မိမိအပါအဝင် မိမိ၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင် မင်းတရားတို့ပိုင်တိုက်နယ်မြေသို့တိုင်းခန်းလှည့်လည်စဉ် ထိုဒေသသို့ ရောက်ရှိပြီး မြတ်စွာဘုရား၏ သရီရဓာတ်တော်အချို့ကို ထပ်မံဌာပနာထား၍ သက္ကရာဇ် ၄၇၅ ခုနှစ် တပေါင်းလပြည့်နေ့တွင် သန်းတောင် ၄၀ရှိသော မော်တင်စွန်းစေတီတော်ကြီးကိုထပ်ဆင့်ထပ်ဆင့် တည်တော်မူခဲ့သည်ဟု သိရသည်။

မော်တင်စွန်းဘုရားကြီး၏ အဓိကဆံတော်ဒါယကာများမှာ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်ဖြစ်ကြပြီး ဘုရားတည်ထားကိုးကွယ်ခဲ့ကြသည့် နှစ်တော်သက်တမ်းမှာ နဂါးမင်းကြီးစတင်တည်ခဲ့သည်ဆိုသည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်မှ စတင်ရေတွက်သော် နှစ်တော် ၁၂၇၁ နှစ်ရှိပြီဟု ဘုရားသမိုင်းအရ သိရသည်။ ဘုရားပွဲတော်သည်လည်း နှစ်စဉ် ကြက်ပျံမကျစည်ကားလျက်ရှိပြီး ဘုရားပွဲတော်ရက်တွင် ပင်လယ်တွင်းမှ နဂါးများ လူယောင်ဖန်ဆင်း၍ ဘုရားဖူးလာကြသည်ဟု ဒေသခံများက အစွဲရှိကြသည်။ ယခုနှစ်တွင်လည်း ဘုရားပွဲတော်ရက်ဖြစ်သည့် တပေါင်းလဆန်း ၃ ရက် ညနေ ၆ နာရီတွင် အမှတ်မထင်ရိုက်ခဲ့သော ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦး၏ဒီဂျစ်တယ်ကင်မရာ ကတ်တွင် ဘုရားလာရောက်ဖူးကြသော နဂါးအုပ်စုတစ်စု၏ပုံများ ပေါ်လာသည်ကို ထူးဆန်းစွာ တွေ့ရသဖြင့် ပွဲတော်ကျင်းပရေး ကော်မတီက ထိုဓာတ်ပုံကို ဘုရားပွဲတော်ကျင်းပရေးဦးစီးနာယက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ဓာတ်ပုံနှင့်တကွ ပေးပို့တင်ပြထားသည်ဟု သိရသည်။

ပြည်တွင်းပြည်ပ ခရီးသွားဝင်ရောက်မှုများလာ၊ မုံရွာတွင် ဟိုတယ်တည်းခိုခန်းများပြည့်နေ

ပြည်တွင်း ဘုရားဖူးဧည့်သည်များနှင့် ပြည်ပခရီးသွားလေ့လာသူဝင်ရောက်မှုများလာ၍ မုံရွာမြို့ရှိ ဟိုတယ်၊ တည်းခိုခန်းများတွင် ဧည့်သည်များ ပြည့်နှက်လျက်ရှိကြောင်း ၎င်းတို့ထံမှ သိရသည်။

"မုံရွာဟာ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ မြို့ကြီးတစ်မြို့ ဖြစ်ပြီး တန်ခိုးကြီးဘုရားတွေကြောင့် ပြည်ပခရီးသွားတွေအတွက် လေ့လာစူးစမ်းစရာတွေ ပေါတာကြောင့် ဧည့်သည်အဝင်များလာတယ်၊ ပြည်တွင်းဘုရားဖူးတွေဟာ ဘုန်းကြီးကျောင်းမှာ တည်းခိုလို့ရပေမယ့် နိုင်ငံခြားသားတွေကျတော့ ခက်ခဲတယ်။ မုံရွာမှာဆို နိုင်ငံခြားသား တည်းခိုဖို့အဆင့်မီတဲ့ဟိုတယ် လေးခုလောက်ပဲရှိတယ်။ တည်းခိုခန်းကတော့ ၁၀ ခု လောက်ရှိတယ်"ဟု ဟိုတယ်မန်နေဂျာတစ်ဦးက ပြောပြသည်။

မုံရွာမြို့ အနီးတစ်ဝိုက်ရှိ ကျောက်ကာရွှေဂူနီ၊ မိုးညှင်းသမ္ဗုဒ္ဓေ၊ မဟာဗောဓိတစ်ထောင်၊ ဖိုလ်ဝင်တောင်နှင့် အလောင်းတော်ကဿပစသော တန်ခိုးကြီးဘုရားများရှိပြီး ပြင်သစ်ခရီးသွားများ ပိုမိုဝင်ရောက် လည်ပတ်ကြကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ပြောပြသည်။

"တည်းခိုခန်းတွေ ပြည့်နေလို့ ဗိုလ်ချုပ်လမ်းပေါ်က ဖွင့်ပွဲတောင်မလုပ်ရသေးတဲ့ Hotel Chindwin မှာ တည်းခဲ့ရတယ်"ဟု မုံရွာမြို့သို့ ဒေါ်အောင်ဆန်းစုကြည် လာရောက်စဉ် သတင်းလိုက်လံယူသော ရန်ကုန်မှ သတင်းထောက်တစ်ဦးက ပြောသည်။ မုံရွာမြို့သည် မြန်မာနိုင်ငံရှိ လူဦးရေ တစ်သိန်းအထက်ရှိသော မြို့ကြီး ၃၃ မြို့တွင် ပဥ္စမမြောက်ဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့်ဆက်နွယ်မှုရှိသောကြောင့် ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်း ပိုမိုတိုးတက်လာနိုင်ပြီး တည်းခိုစရာ ဟိုတယ်များ လိုအပ်လျက်ရှိနေသေးကြောင်း လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

အောင်နိုင်ထွန်း

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လှည်းဆိပ်အထက၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပရာတွင် ကျောင်းသားဟောင်းဖြစ်သူ ဦးဝင်းခိုင်(ခိုင်ဇော်) သဘော်ဆေးဆိုင် သမိုင်းက တတိယ အကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ငွေကျပ်သိန်း ၃၀ ကို ငွေပဒေသာပင် စိုက်ထူလှူဒါန်းစဉ်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ မြို့လယ်ရပ်နေ
ဦးခင်မောင်ရွှေ-ဒေါ်မေသွင်တို့၏သား

မောင်စိုးကိုကို B.E (Electronics)

လ/ထ ကထိက (နည်းပညာတက္ကသိုလ်၊ သန်လျင်)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
(ဦးမြင့်စိုး)-ဒေါ်စန္ဒာထွန်းတို့၏သမီး

မအိအိခင် (B.Pharm)

တို့သည် ၁၅-၃-၂၀၁၃ရက်တွင် နှစ်ဖက်သော မိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများရှေ့၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးကိုကို-မအိအိခင်

Golden Retriever

ဝဝကစ်ကစ်ကလေးများ ရောင်းရန်ရှိသည်။ ကာကွယ်ဆေးထိုးပြီး Golden Retriever သားပေါက်ကလေးများ ရောင်းရန်ရှိသည်။ **အမှတ် ၇၁၆၊ ခေမာလမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဖုန်း-၀၉-၄၅၀၀၁၈၃၃၃**

ကျေးဇူးဆပ်ပါမည်

ဦးဝင်းထွန်းထွန်း(ရွှေညီကို)အမည်ပေါက် ၈ည/၆၀၁၉ အုံနာဘုတ်နှင့် စာရွက်စာတမ်းများ မန္တလေးစက်မှုနှင့် ကျွဲဆည်ကန်တစ်ဝိုက်တွင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၄၁၈၆၄၂၊ ၀၉-၆၄၇၂၅၀၂၊ ၀၉-၄၉၂၄၈၆၄၈**

လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် အသိပေးနှိုးဆော်ခြင်း

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ တာချီလိတ်ခရိုင်ရုံးတွင် လုပ်ငန်းလိုင်စင်ရယူထားသည့် အောက်ဖော်ပြပါ မော်တော်ယာဉ်၊ ထော်လာဂျီ၊ သုံးဘီးမော်တော်ဆိုင်ကယ်ယာဉ်များသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ သက်တမ်းလွန်/သက်တမ်းပြတ်ယာဉ်များဖြစ်နေပါ၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေများနှင့် ညီညွှတ်ခြင်းမရှိတော့သဖြင့် မိမိတို့နှင့်သက်ဆိုင်သောလုပ်ငန်းလိုင်စင်ရယူထားသည့်ယာဉ်များအား ဆောလျင်စွာ သက်တမ်းတိုးနိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်။

၃ခ/၅၅၆၃၊ ၇ခ/၈၇၃၂၊ ၇ခ/၈၇၄၀၊ ၂က/၂၇၃၁၊ ၂က/၂၉၃၆၊ ကက/၆၈၀၂၊ သ/၁၃၃၁၊ ၁ခ/၆၁၃၁၊ ၉ခ/၉၅၀၆၊ ၂ခ/၆၁၂၆၊ ၂ခ/၆၇၆၅၊ ၃ခ/၈၁၅၃၊ ၃ခ/၈၁၇၃၊ ၆က/၄၆၅၀၊ ၃ခ/၃၆၅၃၊ ၄ဂ/၄၂၅၈၊ ၃ဂ/၂၁၉၀၊ ၁ခ/၄၆၃၅၊ ၂ခ/၈၈၈၀၊ ၂ခ/၆၈၄၉၊ ၄ခ/၈၆၀၀၊ ၄ခ/၈၆၀၁၊ ၂ခ/၅၂၇၅၊ ၂ခ/၆၅၇၇၊ ၃ခ/၇၄၀၁၊ ၄ခ/၃၁၁၂၊ ၁ခ/၆၉၉၅၊ ၄ခ/၅၈၂၉၊ ၄ဂ/၂၉၀၄၊ ၉က/၄၈၅၉၊ ၂ခ/၁၃၁၇၊ ၆က/၇၆၀၃၊ ၂က/၇၂၁၄၊ ၄ခ/၁၉၁၅၊ ၃ခ/၆၅၆၆၊ ၆ခ/၇၅၄၅၊ ၁ဂ/၅၂၁၇၊ ၂ခ/၆၇၃၂၊ ၂ခ/၆၇၃၈၊ ၃ခ/၈၆၄၄၊ ၂ဂ/၈၀၅၇၊ ၃ခ/၅၅၅၁၊ ခခ/၁၇၃၁၊ ၃ခ/၁၂၃၈၊ ၄ဂ/၅၃၈၅၊ ၂ခ/၇၃၄၄၊ ၄ဂ/၇၆၉၈၊ ကက/၅၇၃၂၊ ၃ခ/၉၃၁၇၊ ၂ခ/၈၁၈၄၊ ၉က/၉၇၀၄၊ ကက/၈၄၆၁၊ ကက/၉၂၀၆၊ ၇ဠ/၅၄၅၁၊ ၇ဠ/၅၈၈၅၊ ၇ဠ/၆၄၁၅၊ ၇ဠ/၄၈၆၈၊ ၈ဠ/၄၀၅၃၊၈ဠ/၅၈၀၂၊ ၈ဠ/၅၈၀၃၊ ၈ဠ/၅၈၀၄၊ ၈ဠ/၅၈၀၇၊ ၈ဠ/၆၄၄၇၊ ၈ဠ/၆၄၄၈၊ ၉ဠ/၁၁၂၄၇၊ ၉ဠ/၁၁၂၄၆၊ ၉ဠ/၁၁၈၁၊ ၉ဠ/၁၉၅၂၉၊ ၉ဠ/၁၉၅၃၀၊ ၉ဠ/၁၆၁၅၆၊ ၉ဠ/၁၈၃၁၈၊ ၉ဠ/၁၇၆၂၈၊ ၉ဠ/၂၉၄၆၊ ၉ဠ/၁၃၅၈၆၊ ၉ဠ/၁၈၃၂၀၊ ၉ဠ/၁၅၂၈၃၊ ၉ဠ/၁၅၂၈၄၊ ၉ဠ/၁၅၂၈၆၊ ၉ဠ/၁၈၃၂၆၊ ၉ဠ/၁၈၇၉၉၊ ၉ဠ/၁၅၉၅၂၊ ၉ဠ/၁၅၀၁၀၊ ၉ဠ/၁၅၂၄၀၊ ၉ဠ/၁၅၂၄၅၊ ၉ဠ/၁၅၂၈၉၊ ၉ဠ/၁၅၂၉၃၊ ၉ဠ/၁၅၂၉၄၊ ၉ဠ/၁၃၅၆၆၊ ဟ/၅၀၀၂၊ ဟ/၇၂၅၀၊ ဟ/၇၁၃၃၊ ဟ/၆၉၁၇၊ ဟ/၅၀၀၄၊ ဟ/၇၀၇၅၊ ၂ဟ/၁၁၂၃၊ ဟ/၉၄၂၆၊ ဟ/၆၁၆၅၊ ဟ/၆၆၅၇၊ ဟ/၆၂၈၅၊ ဟ/၆၄၂၈၊ ဟ/၄၇၅၉၊ ဟ/၆၆၇၅၊ ဟ/၆၅၁၉။

မအေးအေးမူ ၆/မအရ(နိုင်)၁၂၂၁၆၉နှင့် အများသိစေရန် ပြန်လည်အသိပေးကြေညာချက်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အေးချမ်းသာယာရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ အမှတ် ၁၀၀နေ ဦးသာထွန်းရီ ၆/မအရ(နိုင်)၀၅၁၇၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ပလပ်ရှောင်ကွင်း၊ ကွင်းအမှတ် ၂၄၆၊ ဦးပိုင်အမှတ် ၃၅၊ ဧရိယာ ၄၆ဒသမ၇၂ဧက၊ ဦးပိုင်အမှတ် ၃၆၊ ဧရိယာ ၂၁ဒသမ၂၃ဧက၊ ဦးပိုင်အမှတ် ၃၈၊ ဧရိယာ ၁၁ဒသမ၈၉ဧကနှင့် ဦးပိုင်အမှတ် N/၅၆၊ ဧရိယာ ၅ဒသမ၂၂ဧကတို့သည် ၂၀၀၆ခုနှစ်ကတည်းမှစ၍ တောရိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေဖော်ထုတ်ရန်အတွက် ကလွင်ကျေးရွာအုပ်စု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသော အစည်းအဝေး မှတ်တမ်းဆုံးဖြတ်ချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဦးသာထွန်းရီအား သီးစားလုပ်ကိုင်ခွင့်ချထားပေးပြီးဖြစ်သော လယ်ယာမြေကွက်များဖြစ်ပြီး မြိတ်မြို့နယ်၊ မြို့နယ်မြေစာရင်းဦးစီးဌာန၌လည်း ဦးသာထွန်းရီအမည်ပေါက်အဖြစ် တည်ရှိနေလေရာ ထိုစဉ်ကတည်းမှစ၍ ယခုအချိန်အထိ စဉ်ဆက်မပြတ် သီးစားလုပ်ကိုင်ခွင့်နှင့်တကွ လုပ်ကိုင်လျက်ရှိနေပါသည်။

သို့ဖြစ်ရာ မြန်မာ့အလင်းသတင်းစာ၏ ၁၅-၃-၂၀၁၃ ရက်ပါ အချပ်ပို(က)နှင့် ကြေးမုံသတင်းစာ၏ ၁၇-၃-၂၀၁၃ရက်ပါ စာမျက်နှာ ၁၉ အများသိစေရန်ကြေညာခြင်းတွင်ပါရှိသော အထက်ဖော်ပြပါ မြေယာများသည် ဦးသာထွန်းရီသာလျှင် သီးစားလုပ်ကိုင်ခွင့်နှင့်တကွ လုပ်ကိုင်လျက်ရှိပြီး မအေးအေးမူအပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်မျှ သီးစားလုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်အပြင် ဝင်ရောက်လုပ်ကိုင်ခြင်းမျိုးလည်း မရှိပါ။

အထက်ဖော်ပြပါ မြေဧရိယာများအတွင်းသို့ ဦးသာထွန်းရီ၏ ခွင့်ပြုချက်မရှိဘဲ မအေးအေးမူအပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်ခြင်းမပြုလုပ်ရန် ပြန်လည်အသိပေးကြေညာအပ်ပါသည်။

ပြန်လည်သတိပေးကြေညာချက်ကို ဆန့်ကျင်ဆောင်ရွက်ပါက ဆောင်ရွက်သူများ၏တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မအေးအေးမူနှင့် အများသိစေရန် ပြန်လည်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးသာထွန်းရီ ၆/မအရ(နိုင်)၀၅၁၇၁၇	**ဦးလတ်နိုင် LL.B**
အမှတ် ၁၀၀၊ လေယာဉ်ကွင်းလမ်း၊	**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၃၆)**
အေးချမ်းသာယာရပ်ကွက်၊ မြိတ်မြို့	**၁၀လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့**

ကြော်ငြာ



နှစ်သစ်ဦးချမ်းမြေ့မေ့သဘင် ချမ်းမြေ့ဆရာတော်ကြီးတရားပွဲ

တရားပွဲကျင်းပမည့်

အချိန် - ည ၇း၃၀ နာရီ

နေ့ရက် - ၂၀၁၃ ခုနှစ် မတ် ၂၆ ၊ ၂၇ ရက်
မတ် ၂၆ ရက် (အင်္ဂါနေ့) ချမ်းမြေ့ဆရာတော်ကြီး
မတ် ၂၇ ရက် (ဗုဒ္ဓဟူးနေ့) ရန်ကုန်ချမ်းမြေ့ အရှင်သောဘိတာဘိဝံသ

နေရာ - မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်းအောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တရားတော်နာ ကြွရောက်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

တရားပွဲဖြစ်မြောက်ရေးအဖွဲ့နှင့် ကျောက်တံတားမြို့နယ် ဓမ္မမိတ်ဆွေများ

ရဲအရာရှိသင်တန်း(သူရ)အမှတ်စဉ်(၁၃) ဆွမ်းကပ်အလှူနှင့် မိတ်ဆုံစားပွဲ

သူငယ်ချင်းတို့- သင်တန်းဆင်း (၃၃)နှစ်ပြည့် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ ခုနှစ် ဧပြီ ၇ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီအထိ
နေရာ - **စ** သုံးလုံး ဓမ္မာရုံ၊ မူလကမ္ဘာအေးကျောင်းအနီး၊ ရွှေတိဂုံမြောက်ဘက်မုခ်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်။
နေ့ဆွမ်းကပ်လှူ၍ မိတ်ဆုံစားပွဲကျင်းပပါမည်။

(သီးခြားဖိတ်စာမပို့ပါ)

ကျင်းပရေးကော်မတီ သူငယ်ချင်းများ



ရွှေပိတောက်

သကြ်န်မဏ္ဍပ်ဆောက်လုပ်ရေးအဖွဲ့ သကြ်န်မဏ္ဍပ် (လုံးချင်း) ဆောက်လုပ်ပေးသည်။

ဦးချစ်ဝင်း
ဖုန်း-၀၉-၄၄၈၀၀၁၆၈၄

ပျောက်ဆုံးကြောင်း

ဦးတမ်ငိုင်းကီး ၄/မတန(နိုင်)၀၁၇၆၃၉၏ နိုင်ငံကူးလက်မှတ်အမှတ်-၇၀၃၁၆၈သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၇၀၁၅၀

ပျောက်ဆုံးကြောင်း

ကိုမျိုးမင်းသူ ၇/ပတတ(နိုင်)၁၁၂၂၅၇၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၂၉၀၆၆**

ပျောက်ဆုံးကြောင်း

ကျွန်တော်ဖြိုးဖြိုး(ဘ)ဦးတင်သိန်း ၉/မခန(နိုင်)၁၉၂၄၉၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၆၉၁၁၉

၁၉၇၂-၇၆ ခုနှစ် ရန်ကုန်ဘူမိဗေဒ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၇၆ ခုနှစ်(၁၉၇၇-မတ်လ)ဘွဲ့ရ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ရက်စွဲ - ၂၇-၃-၂၀၁၃ရက် (တပ်မတော်နေ့)
အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီအထိ
နေရာ - ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ

ဆက်သွယ်ရန်

ကိုသက်လွင် (ဟိုတယ်ရွှေဂုံတိုင်) ဖုန်း-၀၉-၅၁၃၁၁၈၉၊ ကိုတင်ဝင်း(မြိတ်) ဖုန်း-၀၉-၄၅၀၄၀၇၄၁၊ ကိုကံငွေ ဖုန်း-၀၉-၅၁၆၇၄၅၃၊ မကျင်နွဲ့ ဖုန်း-၀၉-၄၂၀၁၃၇၇၄၈၊ မသိန်းသိန်းလွင် ဖုန်း-၀၉-၅၁၇၂၅၈၂

Taxi မောင်းလိုသူများဆက်သွယ်ပါ

Toyota Probox 1.3cc ခါတ်ဆီ 2007Mdlမောင်းရန်၊ စပေါ်ကျပ်သုံးသိန်းခွဲ
နံနက် ၆ နာရီမှ ည ၈ နာရီအထိ
ကျပ် ၁၁၀၀၀
တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ ပုလဲလမ်း၊မြေတိုင်းရပ်ကွက်အမှတ် ၁၄၂၊ မြေကွက်အမှတ် ၆၀၊ အကျယ်အဝန်း ပေ ၃၀× ပေ ၅၀ ရှိ ပါမစ်မြေကွက်သည် မြို့မြေစာရင်းတွင် ဦးလှစိုး KKK-၁၂၅၁၀၄ အမည်ပေါက်တည်ရှိပါသည်။ ၄င်းထံမှ ဦးလှမော် MGDN -၀၂၆၃၁၉ ကအရပ်ကတိစာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး ဦးလှမော်ထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၄င်းမြေကွက်နှင့် ပတ်သက်၍ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာလှိုင်
အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် ယာဉ်အမှတ် ၉၄/၁၁၅၉၆ယာဉ်လက်ဝယ်ရှိသူ ဦးဂျေနာမ်နော် ၁/မကန(နိုင်)၁၆၀၅၈၁က ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

ဆိုင်ကယ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၂၇ယ/၈၃၉၈၂ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၁၀/သထန (နိုင်)၀၉၁၆၂၈ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

ကြော်ငြာ

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ရန်ကုန်မြို့၊ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်နှင့် ရခိုင်ပြည်နယ်ဓမ္မာစရိယတက္ကသိုလ်တို့၏ နာယကကြီး အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဆရာတော် ဦးကျော်မင်းအား ၄-၃-၂၀၁၃ရက်တွင် အိန္ဒိယနိုင်ငံ KOLKATA မြို့ရှိ INDIAN INSTITUTE OF ORIENTAL HERITAGE, ASTROLOGICAL, RESEARCH DEVELOPMENT မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် လောကီအကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဓမ္မာစရိယတက္ကသိုလ်နာယကချုပ်ဆရာတော်နှင့်
တပည့်ဒါယကာ ဒါယိကာမများ

(၁)နှစ်ပြည့် မင်္ဂလာဆုတောင်း

၂၃-၃-၂၀၁၃ ရက်တွင်ကျရောက်သော ကိုဇာနည်မောင်-မခိုင်ဇင်ထွေးတို့၏ တစ်နှစ်ပြည့် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံစွာဖြင့် ပျော်ရွှင်သောမိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက် -

ချစ်ပါပါး-ချစ်မာမား	- ဦးမြသောင်း-ဒေါ်တင်တင်ခိုင်
ချစ်အစ်မကြီး	- ကိုသိုင်းမင်းထွေး-မခိုင်မြအေး
ချစ်အစ်မ	- ကိုအားပိ-မခိုင်ဇာဝင်း
ချစ်အစ်ကို	- ကိုမျိုးမင်းသောင်း
ချစ်တူမများ	- မဆုဝေသင်း၊ မထက်ထက်လှိုင်၊ အဲလိစ်
ချစ်တပည့်များ	- ထွန်း၊ ဇေ၊ တင်၊ စိုး၊ လွဲ၊ သက်၊ ဆု၊ နှင်း၊ အေး၊ ဟဲ၊ မေ၊ ချယ်၊ သဇ္ဈာ၊ ခင်၊ လင်း၊ ရွှေ၊ မူ၊ သီဂီ

မြိတ်မြို့၊ နောက်လယ် ၃ လမ်း၊ REKKO Beauty Center မှ မိသားစုဝန်ထမ်းများ

"အရောင်းပြခန်းဖွင့်လှစ်ကြောင်းကြေညာခြင်း"

MYANMAR PADAUK CO.,LTD ၏အရောင်းပြခန်းကို ၂၀၁၃ခုနှစ်၊ မတ်လ၊ (၂၃)ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး လျှပ်စစ်ပိုင်ယာကြိုးများ၊ **BREAKER** များ၊ လျှပ်စစ်ဓာတ်အားလိုင်းသုံးကြွေသီးနှင့် ဆက်စပ်ပစ္စည်းများ၊ **CCTV** ကင်မရာများ၊ **WIFI** ဆက်စပ်ပစ္စည်းများနှင့် **IT INFRA** ပစ္စည်းများအား ပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အရောင်းပြခန်း ။ အမှတ် 7/D၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၀၇၇၈၄၊ ၀၉ ၄၀၀၃၀၉၃၅၆၆၊ ၀၉ ၇၃၀၅၁၆၀၈၊ ဖက်စ် - ၀၁ ၅၀၇၇၈၄

ရုံးချုပ် ။ အမှတ် ၁၂/၁၊ အင်းလျားနိုင်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း/ဖက်စ် - ၀၁ ၆၅၇၇၈၀-၈၄

"ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း"

MYANMAR PADAUK CO.,LTD ၏ **ELECTRICAL, TELECOM & ICT EQUIPMENTS AND SERVICE PROVIDER** အရောင်းပြခန်းကို ၂၀၁၃ခုနှစ်၊ မတ်လ၊ (၂၃)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

MYANMAR PADAUK ENGINEERING AND CONSTRUCTION CO.,LTD	**MYANMAR KHAYAY TRADING CO.,LTD**	**KAUNG MYAT HEIN TRADING CO.,LTD**	**KAUNG WINT SAN GENERAL TRADING CO.,LTD**	**ROYAL MPD PTE.LTD**	**GOLDEN BROTHER GROUP CO.,LTD**



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်စိုးမိုး ၉/ခအဇ(နိုင်)၀၀၃၀၇၇၏ မြန်မာနိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၂၆၁၈၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် ၆၊ မြေကွက်မှတ် ၃၉၁၊ ဧရိယာ ၀ ဒသမ ၀၅၅၈ ဧက နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၃၉၁၊ အင်း၀ ၃ လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ဘေဘီထွေး ၁၂/ဥကတ(နိုင်)၀၅၁၉၈၅ က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း	ဦးသန့်ဇော်
အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)	တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ကျွန်တော် ကိုကျော်ကျော်ဦး ၁၂/သကတ(နိုင်)၁၀၅၀၆၂၏ တရားဝင်ဇနီးမှာ မမြင့်မြင့်မော် ၁၂/သကတ(နိုင်)၀၀၉၈၅၀ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကိုကျော်ကျော်ဦး
၁၂/သကတ(နိုင်)၁၀၅၀၆၂

ကြော်ငြာ

မိုးကုတ်ဝိပဿနာ(အထူး)ညအိပ် (၁၀)ရက် တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ၄ဝါလမ်း

မဟာအောင်မြေဓမ္မိကာရုံကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ (၁၄၈)တွင် အကြိမ်အထူး တရားစခန်းပွဲကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ ၂၆-၃-၂၀၁၃ရက် တပေါင်းလပြည့် မွန်းလွဲ ၂နာရီတွင် လာရောက်စာရင်းပေးနိုင်ကြပါသည်။

ကျင်းပမည့်ရက် - ၁၂-၄-၂၀၁၃ မှ ၂၁-၄-၂၀၁၃

ကမ္မဋ္ဌာနာစရိယဆရာတော်များ - ဆရာတော် ဦးပညိန္ဒနှင့် ဆရာတော်ဦးဝိသုဒ္ဓာဘ

ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ဥက္ကဋ္ဌ ဖုန်း-၀၉-၇၃၁၃၂၃၇၁ အတွင်းရေးမှူး ဖုန်း-၀၉-၇၃၀၈၈၃၅၂

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မွန်ဆရာတော် ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ

မွန်လူမျိုးတို့၏သမိုင်းတစ်လျှောက်တွင် ဒုတိယမြောက်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် နိုင်ငံတော်၏ အမြင့်ဆုံး **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခြင်း ခံယူရရှိတော်မူသော မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကတိုးရွာ၊ မဟာရင်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဓမ္မယုတ္တိကနိကာယ မဟာရင်ဂိုဏ်း၏ဂဏာဓိပတိ၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တအာဒိစ္စမဟာထေရ်အား နေပြည်တော်၌ ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းပွဲမှအပြန် ကြိုဆိုဂုဏ်ပြုပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင်များ တက်ရောက်ကြည်ညိုနိုင်ကြရန် တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

နေပြည်တော်မှ ရန်ကုန်သို့ ပင့်ဆောင်မည့်နေ့

၁၃၇၄ခုနှစ် တပေါင်းလပြည့်နေ့ (၂၆-၃-၂၀၁၃ရက်) အင်္ဂါနေ့၊ ညနေပိုင်း

ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ အစီအစဉ်

ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည့်နေ့ရက်

၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်

(၂၇-၃-၂၀၁၃ရက်) ဗုဒ္ဓဟူးနေ့

ဂုဏ်ပြုကြိုဆိုပူဇော်ပွဲ ကျင်းပမည့်အချိန်

ညနေ ၃နာရီ

ဂုဏ်ပြုကြိုဆိုပူဇော်ပွဲ ကျင်းပမည့်နေရာ

ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်

အမှတ် ၂၃၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရေးကော်မတီ

ထားဝယ်အသင်း

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးလေးပါး ဂုဏာပူဇော်ပွဲနှင့် လူပုဂ္ဂိုလ်သုံးဦး ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနား ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၃ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော(၁) ဘဒ္ဒန္တစန္ဒဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ (၂) ဘဒ္ဒန္တအရိန္ဒမ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ (၃)ဘဒ္ဒန္တကောသလ္လ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ညောင်ဇင်ကျောင်းသစ်ကျောင်းတိုက်၊ ညောင်ဇင်စံပြကျေးရွာ၊ သရက်ချောင်း၊ (၄)ဘဒ္ဒန္တဝရသေနာပတိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကဿဝင်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့အား ဂုဏာပူဇော်ပွဲနှင့် သုဓမ္မမဏိဇောတရေဘွဲ့ချီးမြှင့်ခြင်းခံရသော (၁)ဦးထွန်းနိုင်ဦး၊ (၂)ဦးသန်းဝင်းနှင့် သုဓမ္မသိင်္ဂီဘွဲ့ချီးမြှင့်ခြင်းခံရသော ဒေါ်စန်းစန်းနွဲ့တို့အား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို ၂၀၁၃ခုနှစ် မတ် ၃၀ရက် မွန်းလွဲ ၁နာရီတွင် ဇမ္ဗူရတနာကျောင်းတိုက်၊ အလုံလမ်း၊ အလုံမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသား၊ ထားဝယ်သူ ထားဝယ်သားများ ကြွရောက်ပူဇော်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီ၊ ထားဝယ်အသင်း

ဖုန်း-၀၁-၂၂၂၂၁၉

သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဝိပဿနာ သင်္ကြန်(၁၀)ရက် တရားစခန်းပွဲနှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့၊ သံသုမာလမ်း၊ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ရိပ်သာ လေးထပ်ကျောင်းတော်ကြီးကို အများပြည်သူလှူဒါန်းမှုဖြင့် **ကိုဘိုဆန်း ဆောက်လုပ်ရေးကုမ္ပဏီ** မှ တာဝန်ယူဆောက်လုပ်လာခဲ့ရာ (ကြမ်းချော)အထိ အောင်မြင်ပြီးစီးနေပြီဖြစ်ပါ၍-

ထိုကျောင်းတော်ကြီး၌ သင်္ကြန်စခန်းပွဲကို ၁၀-၄-၂၀၁၃ရက်မှ ၁၉-၄-၂၀၁၃ရက်အထိ တရားစဉ်နှင့် လုပ်ငန်းစဉ် ၁၀ရက်တိုင်တိုင် ကျင်းပပြုလုပ်အားထုတ်ကြမည်ဖြစ်ပါသဖြင့် တရားလိုလားဓမ္မယောဂီများ တရားစခန်းပွဲ ဝင်ရောက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

[illegible]

အထူးကျေးဇူးတင်ရှိခြင်း

၁၇-၃-၂၀၁၃ရက် ည ၂၀း၂၀နာရီတွင် ကွယ်လွန်သွားသော တပ်ကြပ်ကြီး(စာရေး) ကျော်စွာဝင်း (အမှတ် ၉၆၄၊ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ၊ ကျိုင်းတုံမြို့) ဆေးရုံတက်ရောက်ကုသစဉ် အကူအညီပေးခဲ့သော တ·ဆ·ရ (၃/၃၀၀)မှ အရာရှိ၊ စစ်သည်များ၊ ဆ·လ·အ(ခွဲ) ၉၆၄မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဗိုလ်ကြီးနေလင်းဦး(ငြိမ်း)(ခ)လူလူး

၂၃-၃-၂၀၁၃ရက်တွင် ချစ်ဇနီးနှင့်ချစ်သားတို့အား ခွဲခွာသွားသည်မှာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ ကို ရဲ့သားလေးကို ပွေ့ဖက်ထားရင်း ဘဝခရီးဆက်နေပါတယ်။ တစ်နှစ်တာအတွင်း ပြုသမျှကုသိုလ်တွေအားလုံးကို ကိုရောက်ရှိနေတဲ့ ဘုံဘဝက အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ-

အသက်နှင့် ခန္ဓာတည်နေသရွေ့

ချစ်ဇနီး-ဒေါ်ပပခင်

တစ်ဦးတည်းသောချစ်သား ထိပ်တင်ကြီး(ခ)ရဲလင်းမြတ်ဘုန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်တင်ရီရီ

အသက်(၇၅)နှစ်

ပါမောက္ခဒေါက်တာစဝ်စိုင်းလုံ၊ ပါမောက္ခ/ဌာနမှူး၊ ငြိမ်း၊ စိတ်ကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်၏ဇနီး၊ ဒေါက်တာဒေါ်တင်ရီရီသည် ၁၉-၃-၂၀၁၃ ရက်(အင်္ဂါနေ့) နံနက် ၈း၅၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စိတ်ကျန်းမာပညာအဖွဲ့

မြန်မာနိုင်ငံဆရာဝန်အသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်တင်ရီရီ(Nina)

တာဝန်ခံဆရာဝန်-ငြိမ်း၊ ဗဟန်းမြို့နယ်

(မိုးကုတ်ယောဂီ)

အသက်(၇၅)နှစ်

သူငယ်ချင်း စိုင်းအောင်ကျော်-သွဲ့နိုင်ဦးတို့၏မိခင် ဒေါက်တာဒေါ်တင်ရီရီ အသက်(၇၅)နှစ်သည် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်

၁၉၉၅ ခုနှစ် စက်တင်ဘာ(မြို့ပြ)မှ

သူငယ်ချင်းများ

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဟ/၉၃၃၀ LIFAN LF 175 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၈/ဗမန(နိုင်)၁၄၈၂၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဗန်းမော်)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၅၂၀၅ Honda Tena NZ 110MS ယာဉ်လက်ဝယ်ရှိသူ ဒေါ်အီမွေ ၁၃/တခလ(နိုင်)၀၂၈၈၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ တာချီလိတ်

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်တီ

အသက်(၉၄)နှစ်

ကိုစည်သူကိုကို (တော်ဝင်ထွန်းပုံနှိပ်တိုက်)-ဒေါက်တာဇာနည်မြင့်သိန်း(မြတ်ဇာနည်ဆေးခန်း)တို့၏အဘွား ဒေါ်စိန်တီသည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

တော်ဝင်ထွန်းပုံနှိပ်တိုက် မိသားစု(၅၂လမ်း)

ကျေးဇူးအထူးတင်ရှိခြင်း

ဒေါ်ညွန့်ရီ (ချောက်) အသက်(၈၇)နှစ်

မိခင်ကြီး ဒေါ်ညွန့်ရီ အသက်(၈၇)နှစ် ချောက်၊ ရေစကြိုအသင်းသက်ကြီးကန်တော့ခံမကျန်းမာစဉ်က အစွမ်းကုန်စောင့်ရှောက်ကုသပေးပါသော ချောက်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဆေးရုံသို့ ကြွရောက်တရားချီးမြှင့်ပေးခဲ့ပါသော ချောက်မြို့ အရှေ့ငွေတောင် ပါဠိတက္ကသိုလ် ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရပတိနှင့် ဦးပဥ္စင်း ဦးကဝိဓဇအားလည်းကောင်း၊ နာရေးကိစ္စတွင် လိုလေသေးမရှိ အစစကူညီဆောင်ရွက်ပေးခဲ့ကြသော ချောက်ရေနံမြေမှ ဌာနမှူးများ၊ အမက(၁၂)၊ ကျောင်းအုပ်ကြီးနှင့်ကော်မတီဝင်များ၊ မိုလာကျေးရွာ၊ အေးရွာကျေးရွာနှင့် ချောက်မြို့မှ ဆွေမျိုးမိတ်ဆွေများ၊ ဖျိုင်းတောင့်အဖွဲ့သားများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူး တင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းခြင်း

ဦးအောင်ချိန် (ညောင်လေးပင်)

အသက်(၇၉)နှစ်

ဒေါက်တာလှလှကြည် (ဆေးရုံအုပ်ကြီး ခုတင်-၂၀၀၊ ပျဉ်းမနား)ဥက္ကဋ္ဌ မြန်မာနိုင်ငံဆရာဝန်အသင်း၊ နေပြည်တော် (ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း)၏ဖခင် ဦးအောင်ချိန်သည် ၁၃-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံဆရာဝန်အသင်း**

နေပြည်တော်(ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးမှီ

ရေနံချောင်းမြို့

အသက်(၇၃)နှစ်

သူငယ်ချင်း ကိုအောင်ကျော်ဦး Logistics Assistant Manager UN, WFP ၏ မိခင်ဖြစ်သူ ဒေါ်အေးမှီ အသက်(၇၃)နှစ်သည် ၁၈-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

EMPA

10th Batch မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကွာစွန်မြိုင်(ခ)ဦးပျို့ဝါ (ကျောက်တန်း)

နာယက

New Strength Company Limited

Lin Distribution Group

အသက်(၉၅)နှစ်

ဦးစုဝေ(MD- New Strength Co.,Ltd., LDG)-ဒေါ်သီသီလှတို့၏ ဖခင်ကြီးသည် ၁၉-၃-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကျောက်တန်းမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မိုး-ဒေါ်အေးမြအောင်

Steel Dragon (စတိန်းလက်စတီးဆိုင်)မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စိန်တီ

အသက် (၉၄)နှစ်

ဦးတင်ကိုကို (MD, Taw Win Myint Mo Co., Ltd.)-ဒေါ်အေးအေးမူ (Director Taw Win Myint Mo Co., Ltd.)တို့၏မိခင်ကြီး ဒေါ်စိန်တီသည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

တော်ဝင်မြင့်မိုရ်ကုမ္ပဏီလီမိတက်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စိန်တီ

အသက် (၉၄)နှစ်

ဦးတင်ကိုကို (MD, Taw Win Myint Mo Co., Ltd.)-ဒေါ်အေးအေးမူ (Director Taw Win Myint Mo Co., Ltd.)တို့၏မိခင်ကြီး ဒေါ်စိန်တီသည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြင့်မိုရ်၊ မြင့်မိုရ်(I)စက္ကူရောင်းဝယ်ရေးနှင့် မြင့်မိုရ်စက္ကူစက် (ရွှေပြည်သာ)မှဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စိန်တီ

အသက် (၉၄)နှစ်

ဦးတင်ကိုကို (MD-CIS Co., Ltd.)-ဒေါ်အေးအေးမူ (Director CIS Co., Ltd.) တို့၏မိခင်ကြီး ဒေါ်စိန်တီသည် ၂၀-၃-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

Construction Inspection & Services Co., Ltd. မှဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စိန်တီ

အသက် (၉၄)နှစ်

ဦးတင်ကိုကို (အတွင်းရေးမှူး၊ မြန်မာနိုင်ငံစိတ်ပညာအသင်း)-ဒေါ်အေးအေးမူ တို့၏ မိခင်ကြီး ဒေါ်စိန်တီသည် ၂၀-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

စိတ်ပညာကျောင်းသား ကျောင်းသူဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စိန်တီ

အသက် (၉၄)နှစ်

ဦးတင်ကိုကို (အတွင်းရေးမှူး၊ မြန်မာနိုင်ငံစိတ်ပညာအသင်း)-ဒေါ်အေးအေးမူတို့၏ မိခင်ကြီး ဒေါ်စိန်တီသည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ စိတ်ပညာအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်တီ

အသက်(၉၄)နှစ်

ဦးကြည်မင်း (MD, PAG Co.,Ltd.)နှင့်ဒေါ်ဇာနည်ကိုကို (Director, PAG Co.,Ltd.) တို့၏အဘွား ဒေါ်စိန်တီသည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

PAG Co., Ltd. မှ ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်တီ

အသက်(၉၄)နှစ်

ဦးကြည်မင်း (Chairman, DIS Trading Co.,Ltd.)နှင့် ဒေါ်ဇာနည်ကိုကို (MD, DIS Trading Co.,Ltd.)တို့၏အဘွား ဒေါ်စိန်တီသည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

DIS Trading Co., Ltd. မှ ဝန်ထမ်းများ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နွေရာသီအားလပ်ရက် ကျောင်းပိတ်ချိန် စင်းလုံးငှားယာဉ်များဖြင့် ဘုရားဖူးသွားသူ များပြားလာ

ရန်ကုန် မတ် ၂၂

နွေရာသီ ကျောင်းပိတ်ရက် အားလပ်ရက်များအတွင်း မိသားစုလိုက် သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းများဖြင့်သော်လည်းကောင်း ဘုရားဖူး ခရီးထွက်ကြသူများ ပိုမိုများပြားလျက်ရှိသည်။

ထိုသို့ဘုရားဖူးခရီး၊ အပန်းဖြေခရီးစဉ်များထွက်ကြရာတွင် ယခုနှစ် နွေရာသီကာလအတွင်း ကိုယ်ပိုင်ယာဉ်များနှင့် သွားရောက်ကြသူများ ပိုမိုများပြားလာကြောင်း၊ အထူးသဖြင့် Light truck ယာဉ်များ၊ စင်းလုံးငှားယာဉ်များဖြင့် ခရီးထွက်လာမှု ပိုမိုများပြားလာကြောင်း ရန်ကုန်-နေပြည်တော် အဝေးပြေးယာဉ်ရပ်နားစခန်း(၁၀၅ မိုင်စခန်း)မှ ဒေသခံတစ်ဦးဖြစ်သည့် ဦးဝင်းကျော်က မြန်မာ့အလင်းသို့ ပြောကြားသည်။

"ဒီနှစ်တော့ ကျွန်တော်တို့ ၁၀၅ မိုင်စခန်းကို ဒီတစ်ပတ်ထဲမှာ Light truck ယာဉ်အဝင်အထွက် အတော်များလာတာတွေ့ရတယ်။ ကလေးတွေ စာမေးပွဲအပြီး တချို့ကစင်းလုံးငှားယာဉ်တွေနဲ့ မန္တလေး၊ ပြင်ဦးလွင်သွားကြသူများတယ်။ Light truck ယာဉ်တွေနဲ့ သွားကြတာ တစ်နေ့စီးရေ ၁၀၀-၁၅၀ အဝင်အထွက်ရှိတယ်"ဟု ဦးဝင်းကျော်က ဆက်လက်ရှင်းပြသည်။

သတင်း-မောင်နွေသစ်
ဓာတ်ပုံ-တင်စိုး

"ကလေးတွေ ကျောင်းပိတ်ချိန်နဲ့ ကိုက်ပြီး ဘုရားဖူးသွားလာတာပါ။ ကျောင်းသားတွေစုပြီး မန္တလေးနဲ့ ပြင်ဦးလွင်ဘက်ကို သွားမှာဖြစ်ပါတယ်"ဟု ယာဉ်မောင်း ဦးခင်မောင်ကပြောကြားသည်။ ကိုယ်ပိုင်ယာဉ်များ တိုးပွားလာချိန်တွင် အချို့သော ယာဉ်ပိုင်ရှင်များက ကျောင်းပိတ်ချိန်တွင် စင်းလုံးငှားယာဉ်ငယ်များဖြင့် ခရီးတို၊ ခရီးရှည်သွားရောက်လည်ပတ်မှုများပြားလာသည်ကို တွေ့ရသည်။

ထိုသို့ ခရီးထွက်ကြရာတွင် အချို့က မြန်မာနိုင်ငံအထက်ပိုင်းသို့ သွားရောက်ကြသကဲ့သို့ အချို့က မြန်မာနိုင်ငံအောက်ပိုင်း ချောင်းသာ၊ ငွေဆောင် စသည့်နေများသို့ သွားရောက်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

အပို တံဆိပ်ခေါင်းခွန်ပြန်အမ်းငွေနှင့် ဝင်ငွေခွန် မန္တလေးမြို့တော်စည်ပင်သို့ လွှဲပြောင်းပေးအပ်

မန္တလေး မတ် ၂၂

မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနသည် မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အပိုတံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်း ပြန်အမ်းငွေနှင့် ဝင်ငွေခွန် ၅ ရာခိုင်နှုန်း လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးဝင်းမြင့်၊ စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁) ဦးမြင့်သိန်းနှင့်တာဝန်ရှိသူများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ အရာထမ်း အမှုထမ်းများ စုစုပေါင်း ၅၀တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးက အပိုတံဆိပ်ခေါင်းခွန် ၂ရာခိုင်နှုန်းနှင့်ဝင်ငွေခွန်(တစ်ဦးချင်း)ကောက်ခံရငွေ မှ ၅ ရာခိုင်နှုန်းလွှဲပြောင်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကောက်ခံရရှိသော အခွန်ငွေများကို အကျိုးရှိစွာသုံးစွဲနေကြောင်း၊ အများပြည်သူအကျိုးအတွက်သုံးစွဲနေကြောင်း၊ ယခုလွှဲပြောင်းပေးအပ်သော အခွန်ငွေများဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကိစ္စရပ်များ၊ ပြည်သူများ၏ လိုအပ်ချက်များကို အကျိုးရှိရှိဖြည့်ဆည်း သုံးစွဲနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အပိုတံဆိပ်ခေါင်းခွန် ၂ရာခိုင်နှုန်းဖြစ်သည့် ကျပ်၄၉၂ ဒသမ ၇၈၆ သန်းနှင့်ဝင်ငွေခွန် ၅ ရာခိုင်နှုန်းဖြစ်သည့်ကျပ် ၅၆ ဒသမ ၄၉၄ ကျပ်ကို ချက်လက်မှတ်များဖြင့် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးများက မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁) ဦးမြင့်သိန်းနှင့် အခွန်ဌာနမှူး ဦးအောင်စိုး**(အပေါ်ပုံ)**တို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြပြီး မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

လူထုအခြေပြုကျန်းမာရေး စောင့်ရှောက်မှု မွမ်းမံသင်တန်းဖွင့်

ပန်းတောင်း မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ငှက်ဖျားရောဂါ တိုက်ဖျက်ရေးမွမ်းမံသင်တန်းကို Population Service International (Myanmar) နှင့် ကျန်းမာရေးဝန်ကြီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပန်းတောင်းမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် မတ် ၁၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသင်းသင်းလှိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသော ဆေးပညာဘာသာရပ်အရ ကုထုံးသစ်များကို PSI (Myanmar) မှ သင်တန်းနည်းပြ ဆရာများဖြစ်သော ဒေါက်တာဟိန်းကိုကို၊ ဒေါက်တာဝင်းထွဋ်နှင့်ဒေါက်တာပြည့်ပြည့်ဖြိုးတို့က ငှက်ဖျားရောဂါနှင့်ပတ်သက်၍ ရောဂါရှာဖွေရေး၊ ကုသရေးကြိုတင်ကာကွယ်ရေး ပညာပေးလုပ်ငန်းများကို ဆွေးနွေးပို့ချခဲ့သည်။

ပန်းတောင်းမြို့နယ်တွင် PSI (Myanmar) မှ စေတနာ့ဝန်ထမ်းနေအခြေခံကျန်းမာရေးစောင့်ရှောက်သူများမှ ၂၀၁၀မှ ၂၀၁၃အထိ ငှက်ဖျားရောဂါသံသယရှိသူ ၄၂၀၇ ဦးအား၊ ငှက်ဖျားဝေဒနာရှင် ၄၇၇ ဦးအား ဆေးဝါးကုသပေးခဲ့သည်။ ပန်းတောင်း မြို့နယ်အတွင်းတွင် ငှက်ဖျားရောဂါ သံသယရှိသူ ၄၇၈ ဦးအား သွေးဖောက်စစ်ဆေးပေးခဲ့ပြီး ငှက်ဖျားရောဂါဝေဒနာရှင် ၈၉ ဦးအား ဆေးကုသပေးခဲ့သည်။

(၁၇၀)

၁၀၀ ဂရမ်အောက် ကဏန်းသေးများ ပင်လယ်ပြင်သို့ ပြန်လည်စေလွှတ်

မြိတ် မတ် ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေဦးစီးလျက် မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းနိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများ စုစုပေါင်းအင်အား ၅၀ နှင့်အတူ ကဏန်းအဝယ်ဒိုင်များသို့ လာရောက်ရောင်းချသော ကဏန်းများအနက် ၁၀၀ ဂရမ်အောက် သေးငယ်သည့် ကဏန်းကောင်ရေ ၃၀၀၀၀ ကျော်ကို မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက မြို့အဝင်တံတားအနီး ပင်လယ်ပြင်အတွင်းသို့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ညွန့်မောင်(ငါးဦးစီး)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မောင်သန့်ဇင်အောင်(ခ)မောင်ဟိန်းဇေယျာဦးသည် နေအိမ်မှ ၁၇-၃-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိထားသူများ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၈၁၀၇၆၊ ၀၉-၄၄၈၅၄၃၄၁၁

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၉၂၇၊ မြေကွက်တည်နေရာအမှတ် ၉၂၇၊ မိဂသီ ၁၂လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သန်းစိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းစိန်နှင့် ခင်ပွန်း ဦးဉာဏ်ရှိန် (သား)ဦးတင်ဝင်း(လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ဒေါ်တင်တင်နွဲ့ ၁၂/ဥကတ(နိုင်)၁၁၈၅၈၉၊ ဒေါ်တင်တင်ဦး ၁၂/ဥကတ(နိုင်)၁၁၆၅၁၅ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမက(၁၀) တောင်ဥက္ကလာပမြို့နယ် အာစရိယပူဇော်ပွဲ

တောင်ဥက္ကလာပမြို့နယ်၊ အမက(၁၀) ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၃၁-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျင်းပပြုလုပ်ရန်စီစဉ်ထားရှိပြီး ဖြစ်ပါသည်။ အမက(၁၀)၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဆက်သွယ်ကြပါရန် ပန်ကြားအပ်ပါသည်။

၁။	ဦးစိုးထွန်း	ဖုန်း-၀၉-၅၁၀၅၅၄၂
၂။	ဦးမြင့်အောင်(ဗေလုဝ)	ဖုန်း-၀၉-၅၁၃၆၉၉၈
၃။	ဦးကြီးမြင့်	ဖုန်း-၀၁-၅၇၇၀၈၄
၄။	ဦးခင်နိုင်	ဖုန်း-၀၉-၅၁၉၆၁၄၃
၅။	ဒေါ်သိန်းသိန်းဌေး	ဖုန်း-၀၉-၅၁၄၆၉၄၆
၆။	ဒေါ်တင်တင်ချို	ဖုန်း-၀၉-၅၀၃၈၆၉၀
၇။	ဒေါ်စမ်းစမ်းသိန်း	ဖုန်း-၀၉-၄၉၅၇၈၀၃၉
၈။	ဒေါ်ခင်နွယ်ဦး	ဖုန်း-၀၉-၄၃၀၃၄၉၄၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ် ၂၅၇ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀×၆၈)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆက်ဆက်ပိုင်ဆိုင်လာသူ ဒေါ်မြမြမိုးဦး ၁၂/မရက(နိုင်) ၁၀၈၃၉၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးကျော်ဦး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)
အခန်း ၅၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၉၆၃၆

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြဝတီတွင် ခရီးသည်တင်ကား အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၍ ခရီးသည် ၁၉ ဦး ဒဏ်ရာရရှိ

မြဝတီ မတ် ၂၂

မြဝတီခရိုင် မြဝတီမြို့နယ် အမှတ် (၄)ရပ်ကွက် မြေနီကုန်းတိုးချဲ့ကွက်သစ်တံတားအနီး အာရှလမ်းမကြီးတွင် မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက မော်တော်ယာဉ် တစ်စီး တိမ်းမှောက်သွားခဲ့သည်။

ဆေးကုသမှုခံယူ

အဆိုပါ တိမ်းမှောက်သွားသော ၅ခ/. . . Nissan အမျိုးအစား Hilux ခဲရောင် (လိုင်စင်စိစစ်ဆဲ) မော်တော်ယာဉ်ကို ယာဉ်မောင်း ဘိုဘို(ခ) ဘိုဘိုအောင် ၂၉ နှစ်သည် ခရီးသည်များတင်ဆောင်ပြီး မြဝတီမှ ဘားအံသို့ အာရှလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် မြေနီကုန်း တိုးချဲ့ကွက်သစ်အဝင် တံတားအနီး အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည်ကျား ၁၁ဦး၊ မ ရှစ်ဦး စုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိပြီး မြဝတီဆေးရုံကြီး၌ ဆေးကုသမှု ခံယူနေရကြောင်း သိရှိရသည်။

အဆိုပါ မော်တော်ယာဉ်ကို မဆင်မခြင်မောင်းနှင်သော ယာဉ်မောင်း ဘိုဘို(ခ)ဘိုဘိုအောင်ကို ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင်ယာဉ်နှင့်အတူ ဖမ်းဆီးရမိပြီး အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နဒီမြင့်မိုရ်(မြဝတီ)

(အောင်သန်း)

စစ်ကိုင်း တကောင်းရပ်ကွက်၌ မီးဘေးတားဆီးရေးပညာပေး

စစ်ကိုင်း မတ် ၂၂

ပူပြင်းခြောက်သွေ့သည့် ရာသီကာလသို့ ရောက်ရှိလာပြီဖြစ်ရာ ရပ်ကွက်အသီးသီးတွင် မီးဘေးတားဆီးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့ တကောင်းရပ်ကွက်၌ မတ် ၁၀ ရက် နံနက် ၁၀ နာရီက ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောလွင်မြင့်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ တကောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟန်ရှိန်၊ ဆယ်အိမ်စုမှူးများ၊ ရပ်ကွက်ရေပေးဝေရေးဥက္ကဋ္ဌ၊ ရေကော်မတီဝင်များနှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ မီးသုံးစွဲသည့်ဆိုင်များကို စနစ်တကျ မီးသုံးစွဲရန်နှင့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးများထားရှိရန်မှာကြားပြီး ဆိုင်ရှင်များအား ပညာပေးဟောပြောခဲ့သည်။

ရေပေးဝေရေးဥက္ကဋ္ဌ ဦးကျော်မင်းနှင့် ရေကော်မတီဝင်များက ရပ်ကွက်အတွင်းရှိ အချက်အချာကျသည့် နေရာများတွင် တူးဖော်ထားသည့် မီးသတ်ရေကန် ၁၂ ကန်ကို ရေဖြည့်ထားရှိမှု၊ မီးသတ်ရေငုတ် ရှစ်ခုကို စနစ်တကျဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံပြသရာ ခရိုင်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ဝဲပုံ)**

(၁၄၀)

စာအုပ်စာပေ လူ့မိတ်ဆွေ

အိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

မြစ်ကြီးနား မတ် ၂၂

လူမှုဝန်ထမ်းဦးစီးဌာန မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းနှင့် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ် (၁/၂၀၁၃) ဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါ ဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မာလာဆင့်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အိမ်တွင်းမှုသက်မွေးပညာကျောင်းအုပ်ကြီး ဒေါ်ခင်အုန်းက သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များနှင့် အိမ်တွင်းတစ်ပိုင်တစ်နိုင် စက်ချုပ်ကျွမ်းကျင်ပါက အခြေခံစက်ချုပ်ပညာနှင့် အသက်မွေးဝမ်းကျောင်းနိုင်မှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းမှူး ဒေါ်အယ်နီနှင့် နည်းပြဆရာမ ဒေါ်ခင်မြင့်ကြူတို့က အခြေခံအိမ်တွင်း စက်ချုပ်/လက်ချုပ် ဘာသာရပ်များကို ဧပြီ ၉ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **မိုဃ်းကျ(မြစ်ကြီးနား)**

သွေးသည်အသက်

လမ်းဖြတ်ကူးသူ အမျိုးသမီးကြီးတစ်ဦးယာဉ်တိုက်သေဆုံး

ရန်ကုန် မတ် ၂၂

ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း ဈေးကလေးရပ်ကွက် သဲကွင်းကားမှတ်တိုင်အနီး၌ မတ် ၁၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က လမ်းဖြတ်ကူးသူ အမျိုးသမီးကြီးတစ်ဦးကို ယာဉ်အမှတ်မသိ(၁၀၇) လိုင်းကားတစ်စီးကတိုက်ပြီး ထွက်ပြေးတိမ်းရှောင်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကမ်းနားလမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာသောခရီးသည်တင်ယာဉ်ငယ် (၁၀၇) လိုင်းကားက အနောက်မှ အရှေ့သို့ လမ်းကူးလာသည့် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက် ဗဟိုလမ်း တိုက်အမှတ် ၂၅၅ တွင် နေထိုင်သူ ဒေါ်ခင်နွဲ့ ၆၉ နှစ်အား အရှိန်မထိန်းနိုင်ဘဲ တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လူအား တိုက်မိပြီးသည်နှင့် အဆိုပါလိုင်းကားငယ်သည် မောင်းထွက်ပြေးသွားကြောင်း၊ သို့အတွက် ယာဉ်နံပါတ်ကို မမှတ်မိကြောင်း ယာဉ်တိုက်မှုကို မြင်လိုက်သူတို့က ပြောကြားသည်။

ပြောပြချက်

ယာဉ်တိုက်ခံရသူမှာ ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေရကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲအုပ်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယာဉ်တိုက်ခံရသူ ဒေါ်ခင်နွဲ့မှာ ဒဏ်ရာများကြောင့် ယာဉ်တိုက်မှုဖြစ်သည့် ည ၁၀ နာရီ ၁၅ မိနစ်တွင် သေဆုံးသွားခဲ့ကြောင်း သတင်းထပ်မံရရှိခဲ့သည်။

ယာဉ်တိုက်သေဆုံးမှုကို သက်ဆိုင်ရာ နယ်မြေယာဉ်ထိန်းတပ်ဖွဲ့က ကြည့်မြင်တိုင်ရဲစခန်း၌ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **ကိုကြီးတင်**

သကြၤန်ဈေးနှုန်းများဖြင့် ရောင်းချမည့် သကြၤန်အကြို မော်လမြိုင်မြို့၏ အထူးခြားဆုံး ကုန်စည်ပြပွဲကြီး

သကြၤန်အကြိုကုန်စည်ပြပွဲကြီး(မော်လမြိုင်မြို့)

နေ့ရက်-(3.4.2013 မှ 7.4.2013)
နေရာ-ပြည်နယ်ခန်းမ၊မော်လမြိုင်မြို့
ပြခန်းစုံစမ်းရန်-SMART BUSINESS GROUP. PH:01-656875,667473, 09-73014777

POWER.5
ခြင်္သေ့နှင့်ဆေးမှုန့်
ခြင်တွေရှင်သတ်စရာမလိုဘဲ ပြေးစေတဲ့ဆေး

Travels & Tours
Apr11,12,13,14
01-542674, 09-420176621
09-428326092,09-421077810
P.T.S.C.L Group

RIVER VIEW HOTEL
20% Discount
31.3.2013 ထိ
No.374, Strand Road, Botahtaung Tsp,
Yangon, Myanmar.
Tel : 95-01-296731, 95-01-297355

အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်မာမာဇင်သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ် အလယ်ရပ်ကွက်၊ ကွင်းအမှတ် ၂၀၊ ပန်းခြံကွက်၊ ဦးပိုင်အမှတ် ၁၃၉၊ မြို့သစ်လမ်းရှိ အိမ်အမှတ် ၂ ဟုခေါ်တွင်သော မြေကွက်အကျယ်ဧရိယာ ဝဒသမ ဝဖြ၉ဧက မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော တရားဝင်အထောက်အထားများဖြင့် ဤကြေညာချက်သတင်းစာ၌ ထည့်သွင်းဖော်ပြပြီး ၁၀ရက်အတွင်း ကျွန်မ ဒေါ်မာမာဇင်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အကယ်၍ သတ်မှတ်ရက်မှ ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စများကို တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာမာဇင် ၁၂/သလန(နိုင်)၀၀၁၁၄၃
တိုက်အမှတ် ၁၆၈၊ ငါးလွှာ၊ ၄၉လမ်း၊ (၁၀)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၂၀၀၅၄၄၊ ၀၉-၅၁၇၈၄၃၄၊ ၀၁-၃၉၈၆၃၃

ကြော်ငြာ

[illegible]



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးမြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂

ဒေါ်စန်းနွယ်	**နှင့်**	၁။ ဒေါ်ကျောက်လန်
(၂၀၈)၊ ရေထွက်ဦးလမ်း၊		၂။ ဦးစံသိန်း
ကန်ရှေ့ရပ်ကွက်၊		၃။ ဒေါ်သီတာခိုင်(ခ)အားချွင့်
တောင်ကြီးမြို့။		(၄/၈)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။
တရားလို		**တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်း၊ (၄/၈)နေ ၁။ ဒေါ်ကျောက်လန်၊ ၂။ ဦးစံသိန်း၊ ၃။ ဒေါ်သီတာခိုင်(ခ)အားချွင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်တို့အပေါ် တရားလို ဒေါ်စန်းနွယ်မှ စုကြေးထည့်ဝင်ငွေရင်း ၇၈၃၁၅၀၀ိ/ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော်၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။**(မိုးမိုးမြင့်)တွဲဖက်မြို့နယ်တရားသူကြီး**

တောင်ကြီးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၂

ဒေါ်စန်းနွယ်	**နှင့်**	၁။ ဦးတုန်းလှိုင်
၂၀၈၊ရေထွက်ဦးလမ်း၊		၂။ ဒေါ်ဆိုင်းသောင်
ကန်ရှေ့ရပ်ကွက်၊တောင်ကြီးမြို့။		၄၇/၄၈၊ကမ္ဘောဇလမ်း၊
		ရေအေးကွင်းရပ်ကွက်၊တောင်ကြီးမြို့။
တရားလို		**တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၄၇/၄၈)နေ ၁။ဦးတုန်းလှိုင်၊ ၂။ဒေါ်ဆိုင်းသောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလို ဒေါ်စန်းနွယ်မှ စုကြေးထည့်ဝင်ငွေရင်း ၅၉၅၀၀၁၀ိ/- ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၃ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(လှသောင်းရီ)**

ဒုတိယခရိုင်တရားသူကြီး(၂)၊တောင်ကြီးခရိုင်တရားရုံး

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်/ငှားမည်

လှည်းတန်းအနီး
(17' x 55 ') 2BR, 2A/ C, Pk **1F 650 Ls**
ပါရမီလမ်း(လှိုင်)
(14 ' x 50 ')Hall, RC ခင်း **4F 260 Ls**
ဦးထွန်းလင်းခြံလမ်း
(17 ' x 70') Hall, RC ခင်း **4F 5Ls**
အုတ်ကျင်းဘူတာရုံလမ်း
(15' x 50') Hall, RC ခင်း **1F 320Ls**
ပေါက်တောဝ(အစ)
(45' x 65') 3BR, ဂရန် **1RC 1700Ls**
ဖုန်း-၀၉-၄၂၁၀၇၄၆၁၂၊ ၀၉-၄၂၁၁၀၉၁၇၄

[illegible]

ရန်ကုန်တက္ကသိုလ်
၁၉၈၄-၁၉၈၅ ဘူမိဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏
အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၃ခုနှစ် မတ် ၃၁ရက်၊
တနင်္ဂနွေနေ့

ကျင်းပမည့်အချိန် - ညနေ ၅နာရီ

ကျင်းပမည့်နေရာ - PANDA HOTEL (ပန်ဒါဟိုတယ်)
(ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်)

အောက်ပါသူငယ်ချင်းများနှင့် အမြန်ဆုံးဆက်သွယ်ပေးကြပါရန်။

ကျော်ငွေမင်း	ဖုန်း-၀၉-၅၁၀၀၅၃၄	**နိုင်ဦး**	ဖုန်း-၀၉-၅၁၀၁၃၈၀
သန်းငွေဇော်	ဖုန်း-၀၉-၅၁၅၀၁၃၁	**စိန်ငွေ**	ဖုန်း-၀၉-၅၁၅၉၉၇၉
မောင်မောင်ထွေး	ဖုန်း-၀၉-၅၀၀၃၀၈၀	**ထွန်းဆင့်**	ဖုန်း-၀၁-၅၁၆၀၅၄
နီနီအေး	ဖုန်း-၀၉-၅၀၅၁၃၅၅	**မြတ်မင်း**	ဖုန်း-၀၉-၅၀၀၀၆၇၇
စုစုမာ	ဖုန်း-၀၉-၇၃၀၈၁၉၁၈	**ချယ်ရီကျော်**	ဖုန်း-၀၉-၇၃၁၅၇၉၅၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၇၀

ဦးဖြိုးဇေမြင့် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမင်းသူခန့်)	**နှင့်**	ဒေါ်နွယ်နီမြင့်
တရားလို		**တရားပြိုင်**

အမှတ် ၂၂၄၊ ဝေပုလ္လ (၅)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါ်နွယ်နီမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ယုံကြည်အပ်နှံထားသော ငွေကျပ်သိန်း (၅၀၀) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်မိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၁၁ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရင်ရင်သန်း)

ဒုတိယခရိုင်တရားသူကြီး(၈)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပန်းဘဲတန်းမြို့နယ်တရားရုံးတော်၌

ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃ နှင့်ဆက်နွယ်သည့်

၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄

၁။ ဦးဝင်းဆွေ အမှတ် ၄၂၅၊ တောင်သရက်လမ်း၊ ၃၄ရပ်ကွက်၊မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	**နှင့်**	အွမ်ပရာကက်(ရှ်)(ခ) ဦးဘစိန် အမှတ် ၇၆/၈၂၊ ၃၂လမ်း
၂။ ဦးစိုးဝင်း] အမှတ်-၂၂၄၊ဦးဝိစာရလမ်း၊ ၃။ ဦးဇော်ဝင်း] ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့		၉ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
(၎င်းတို့အခွင့်ရကိုယ်စားလှယ်စာရသူဒေါ်ကြူကြူဝင်း)		(ယခုနေရပ်လိပ်စာမသိ)
ဒီကရီအနိုင်ရသူများ		**တရားရှုံး**

အထက်အမည်ပါတရားရှုံး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၃တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့် အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၉ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀း၃၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(နော်မာဂရက်သာမီး)

မြို့နယ်တရားသူကြီး၊ ပန်းဘဲတန်းမြို့နယ်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁၂-၂၀၁၂ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာကြော်ငြာ(ခ) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ အမှတ်စဉ်(၁၂) ဒေါ်အိအိငွေး+၁၏အမည်ပြောင်းတွင် မြေအမည်ပေါက် ဦးကြည်ဝင်းအစား ဦးကြည်ထွန်း(ခ)ဦးမြင့်အောင်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင် အိမ်ရာ၊တိုက်ကိုးထပ်တိုက်၊အခန်း၄၀(C)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးမောင်မောင်(ခ) ချိုင်လောစွမ်ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးတင်အောင် ၁၂/တမန(နိုင်)၀၇၄၀၅၂၊ ဒေါ်ငွေငွေဝင်း(ခ)ဒေါ်ဝင့်ဝင့်ထွန်း ၁၀/မလမ(နိုင်)၀၁၃၅၃၃က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၈၊ မြေကွက်အမှတ် ၁၆/ခ၊ မြေကွက်တည်နေရာအမှတ် ၁၆/ခ၊ ရှခင်းသာလမ်း၊ (၈)ရပ်ကွက်၊သာကေတမြို့နယ် ဦးသိန်းမြင့်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၉၁/၂၀၀၆ ၂၅-၄-၂၀၀၆ ရသူ ဒေါ်စုစုအေး ၁၄/မအန(နိုင်)၀၀၁၁၇၉က ယင်းကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၇၉၊မြေကွက်အမှတ် ၇၉၁အမည်ပေါက် ဦးမြင့်ဦးCD-၀၁၁၅၄ထံမှ ဝယ်ယူထားသူ ဦးထွန်းအောင် ၅/ကဘလ(နိုင်)၀၁၆၆၆၆မှ ဓာတ်ပုံမိတ္တူမှန်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ကလောမြို့၊ အမှတ် ၈၈၊ ဓမ္မပါလလမ်း၊ အမှတ်၉ရပ်ကွက်၊ကွက်သစ်ရပ်ကွက်နေ ဦးမြင့်စိုး ၁၂/လကန(နိုင်)၀၁၆၆၈၉ အမည်ပေါက် ပိုင်ဆိုင်သည့် အလျားပေ ၅၀၊ အနံပေ ၁၀၀၊ မြေကွက်နှင့်မြေကွက်အပေါ်ရှိ အဆောက်အအုံ အပါအဝင်အား ကျွန်တော် ဦးရဲထွန်း ၅/မရန(နိုင်)၀၂၇၈၁၇ အိမ်အမှတ် ၈/၂၁၂၊ နီးဘုရားလမ်း၊အမှတ်(၈)ရပ်ကွက်၊ ကလောမြို့က ဝယ်ယူမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကအထောက်အထား ပြည့်စုံစွာဖြင့် ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကလောမြို့ မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရဲထွန်း

၅/မရန(နိုင်)၀၂၇၈၁၇

ကလောမြို့

ကြော်ငြာ

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ကြော်ငြာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ၂၀၁၃ တွင် ကြော်ငြာထည့်သွင်းအားပေးခဲ့ကြသော လုပ်ငန်းရှင်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။ ဘာပဲလိုလို ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်ကို တည်ထောင်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ့်တစ်နှစ်အတွင်း ယုံကြည်စွာအားပေးခဲ့ကြသော လုပ်ငန်းရှင်များ၊ အားကိုး သုံးစွဲခဲ့ကြသော မိတ်ပြည်သူများအားလုံးအားလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ယခု အချိန်အထိ နိုင်မာစွာရပ်တည်နေနိုင်ခြင်းမှာ ပြောသည့်ကတိအတိုင်း အုပ်ရေအတိအကျထုတ်ဝေနိုင်ခြင်း၊ အာမခံချက်ပေးနိုင်မှု အပြည့်အဝရှိခြင်း၊ နေရာအနှံ့သို့ ပျံ့နှံ့အောင် ဖြန့်ဝေပေးနိုင်မှုရှိခြင်းတို့နှင့် လုပ်ငန်းရှင်များကလည်း ယုံကြည်စွာ အားပေးခဲ့မှုများကြောင့်လည်းဖြစ်ပါသည်။

အထက်ပါလုပ်ဆောင်ချက်များကို ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် တို့တွင်သာ တွေ့ရှိနိုင်ပါသည်။

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ၂၀၁၄ အတွက်လည်း ကြော်ငြာများ စတင်လက်ခံနေပြီ ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်တို့အား ယုံကြည်စွာ အားပေးနေကြသော လုပ်ငန်းရှင်များအား ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်အယောင်ဆောင်၍ ကြော်ငြာများ ကောက်ခံနေသည်ကို တွေ့ရှိ ကြားသိရပါသည်။ ထို့ကြောင့် ကြော်ငြာရှင်များအနေဖြင့် မှားယွင်းမှု ဆုံးရှုံးမှုများ မဖြစ်စေရန်နှင့် ခွဲခြားသိရှိနိုင်စေရန်အတွက် ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် မှ ဝန်ထမ်းများ၏ ယူနီဖောင်းများတွင် ? အမှတ်တံဆိပ်များတပ်ဆင်ထားကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအားလုံး စီးပွားလာဘ်လာဘများ ဒီရေအလားတိုးတက်ပြီး အောင်မြင်မှုအပေါင်းသရဖူဆောင်းနိုင်ကြပါစေ။

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်စာအုပ်ထုတ်ဝေရေးအဖွဲ့

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ကံစမ်းမဲများကို ၂၀၁၃ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ လစဉ် (၁) ရက်နေ့နှင့် (၁၆) ရက်နေ့များတွင် တစ်လနှစ်ကြိမ် မဲဖောက်ပေးနေပြီဖြစ်ပါသဖြင့် မိမိတို့ရရှိထားသောစာအုပ်များမှ ID နံပါတ်များကို အမြန်ဆုံး Register လုပ်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၇၁၄၄ Mitsubishi PAJERO V 46 ယာဉ်လက်ဝယ်ရှိသူ ဦးကုလားလေး ၁၄/မမန(နိုင်)၀၂၄၃၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန တိုင်းဒေသကြီးရုံး၊(ပုသိမ်မြို့)

ဆေး၏ ဓာတ်၏ [illegible]

[illegible]

သဘာဝသုခ

TEL : 09-730 71133, 09-730 81817

TEL : 01-8000828, [illegible]

TEL : 02-44178 [illegible]

အများသိစေရန်ကြေညာခြင်း

[illegible]

အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ရွှေဘုံသာလမ်းနှင့် ၂၈ လမ်းကြား၊ အနော်ရထာလမ်းမကြီး၊ အမှတ် ၂၆၈၊ မြေညီထပ်၊ မျက်နှာမူလျှင် လက်ဝဲဘက်ရှိ မြန်နွှာတီးစင်တာဖွင့်လှစ်ထားသော တိုက်ခန်းမှာ ဦးမောင်လှ ၁၂/ပဘတ(နိုင်)၀၂၀၃၂၉က ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသောအခန်းဖြစ်၍ ယင်းတိုက်ခန်းကို ကျွန်ုပ်၏အမှုသည် ဦးမောင်လှ၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ အခြားမည်သူကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ ပြုလုပ်ပိုင်ခွင့်လုံးဝမရှိကြောင်း အများသိစေရန် သတိပေးတားမြစ်ပါသည်။ လိုက်နာခြင်းမရှိဘဲ ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်၍ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်လှ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်လွင်
B.Com. (A.A); D.E.P; R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၅၉)
အမှတ် ၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက် မေခ၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉/က+ခ၊ ၃၃/က+ခ)၊ မြေကွက်အမှတ် (၅၃/၅၂ မှ ၅၃/၆၀အထိ)၊ မြေဧရိယာ ၀ဒသမ၂၄၂၊ ၁၀၅၆၀ စတုရန်းပေရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးလီတန်လျှံ၏ အထူးကိုယ်စားလှယ်စာရသူ ဦးဝင်းအောင် ၁၂/ပဘတ(နိုင်) ၀၁၉၀၉၃ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေတချို့ပေးထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ယနေ့ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း စာရွက်စာတမ်း အထောက်အထားစုံလင်စွာ ယူဆောင်ပြသလျက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ- ဦးလွင်ဦး (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး
သဘာဝ-အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ ရောင်းဝယ်၊ ငှား
၁၀၁၊ လေးလွှာ၊ အရိုးကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၅၀၇၉၉

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ရာ၊ တိုက် B (949)၊ ရှစ်ထပ်၊ ကိုးလွှာ၊ အကျယ် (၁၄½'×၄၅') ရှိ ဒေါ်သန်းသန်းအေး ၇/သနပ(နိုင်) ၀၀၆၀၂၂ အမည်ပေါက် တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အား ခင်ပွန်းမှ ရောင်းချခြင်းကို သဘောတူညီ၍ ဦးကျော်ဇေယျနှင့် ဒေါ်နိုနိုဝင်းတင် ဇနီးမောင်နှံတို့မှ ၁၉-၃-၂၀၁၃ရက်တွင် ငွေအပြေအကျေပေးချေ လက်ရောက်ရယူပိုင်ဆိုင် ဝယ်ယူပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးကျော်ဇေယျ ၁၂/သဃက(နိုင်)၁၅၂၅၂၂	**ဒေါ်စိုးစိုးနွဲ့ LL.B**
ဒေါ်နိုနိုဝင်းတင် ၁၂/တမန(နိုင်)၀၉၅၇၃၀	**တရားလွှတ်တော်ရှေ့နေ**
တိုက် ၁၄၆၊ အခန်း ၆၊	**၁၃၄/၇၊ မီးဒုံး၃လမ်း၊**
ကောက်လျှင်လမ်း၊ သုဝဏ္ဏ	**သုဝဏ္ဏ၊ဖုန်း-၀၉-၄၂၁၀၃၇၅၉၇**

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ရာဇာလင်းထွန်း၏ နိုင်ငံကူးလက်မှတ် A-၀၁၆၉၂၉ သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ကျေးဇူးပြု၍ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၁-၂၉၉၂၄၆

မွေးသက္ကရာဇ်အမှန်

ဦးတင်ထွန်း၏သမီး မသင်းသင်း ၁၂/ဒဂတ(နိုင်)၀၅၆၁၆၅၏ မွေးသက္ကရာဇ်အမှန်သည် ၂၀-၁-၁၉၉၀ ရက်သာ အမှန်ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ဦးတင်ထွန်း၏သမီး မငြိမ်းငြိမ်းသူ ၁၂/ဒဂတ(နိုင်)၀၆၁၉၈၃၏ မွေးသက္ကရာဇ် အမှန်သည် ၁၇-၁၀-၁၉၉၃ရက်သာ အမှန်ဖြစ်ပါသည်။

အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရွှေပြည်အေးလမ်း၊ တိုက် ၁၈၊ တတိယလွှာ (3-A)နေအိမ်တိုက်ခန်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တိုက်ခန်းပိုင်ရှင် ဦးဇော်ဝင်းနိုင် ၁၂/တတန(နိုင်)၀၀၂၂၉၇နှင့် ဒေါ်အေးမြစန္ဒာဦး ၁၂/ရကန(နိုင်)၀၇၁၅၃၀တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူ မည်သူမဆို တရားဝင် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဇေယျ
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၂၁)
အခန်းအမှတ် ဘီ-၁၊ (ပထမထပ်)၊
အမှတ် ၁၀/၁၂၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၀၇၈၄၉

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၉ရပ်ကွက်၊ သဇင်လမ်း၊ တိုက်အမှတ် ၁၁၊ ငါးလွှာ(ယာ)၊ အကျယ်အဝန်း (၁၂'½×၅၀') ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်မွန်မွန်အေး ၁၂/ဗတထ(နိုင်)၀၃၆၉၃၄ထံမှ ဦးသိန်းဝင်း ၁၂/ပဇတ(နိုင်)၀၀၈၈၃၈က ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက် သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံခိုင်လုံစွာဖြင့် ဤကြေညာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးသိန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်လွင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၁၃)
ဖုန်း-၀၉-၄၉၃၃၅၅၄၁

ကြော်ငြာ

ဦးကျော်ဇောနိုင်

(ဥပဒေပညာရှင်)

တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ တွဲဖက်ဌာနမှူး

အများပြည်သူဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်

အသက်(၆၅)နှစ်

မော်လမြိုင်မြို့နေ (ဦးစံချောင်း)-ဒေါ်မြဆင့်တို့၏သား၊ ပခုက္ကူမြို့နေ (ဦးအောင်ပွား)-ဒေါ်သန်းချီတို့၏သားသမက်၊ အမှတ် ၄၅၀၊ ဦးထွန်းမြင့်လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၏ခင်ပွန်း၊ မော်လမြိုင်မြို့နေ ဒေါ်ခင်သန်းဝင်း(ကျောင်းအုပ်ကြီး၊ငြိမ်း၊ ကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း၊ မော်လမြိုင်)၏မောင်၊ (ဒေါက်တာသန်းဌေး)၊ ဒေါက်တာဇော်လင်း(ပါမောက္ခချုပ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး)၊ ဒေါ်ခင်စန်းဝင်း(ဌာနမှူး၊ စာပေဌာန၊ ပညာရေးကောလိပ်၊မော်လမြိုင်)၊ ဒေါက်တာသက်အောင်(လူမှုဖူလုံရေးဆေးခန်း၊ မော်လမြိုင်)တို့၏အစ်ကိုကြီးသည် ၂၁-၃-၂၀၁၃ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့်တက္ကသိုလ်များစာကြည့်တိုက်မှတ်တိုင်တို့မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဇောနိုင်

အသက်(၆၅)နှစ်

ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်)၏ခင်ပွန်း အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးကျော်ဇောနိုင်သည် ၂၁-၃-၂၀၁၃ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဇောနိုင်

အသက်(၆၅)နှစ်

ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်)၏ခင်ပွန်း အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးကျော်ဇောနိုင်သည် ၂၁-၃-၂၀၁၃ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ
မြန်မာ့ရုပ်ရှင်လုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

ဗိုလ်မှူးမြင့်ဆွေ (ငြိမ်း)

B.E (Civil) (1978 Batch)

ကကယာ၊ စက်ရုံမှူး(ငြိမ်း)၊ မြစ်သားချည်မျှင်နှင့်အထည်စက်ရုံ၊ စက်မှု(၁)

အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဟင်္သာကုန်း၊ မြို့ပတ်လမ်းနေ (ဦးညွန့်အောင်-ဒေါ်တင်မြင့်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်ရတနာ ၃လမ်း၊ အမှတ် ၄၇၆နေ ဦးအောင်မောင်း-ဒေါ်စွဲ့သိန်းရင်တို့၏သားသမက်၊ ဒေါ်စွဲ့ခင်သန်းဝင်း၏ခင်ပွန်း၊ ပဲခူးမြို့နေ ဒေါ်ခင်ရီလှိုင်၊ ဒေါ်ခင်စန်းနွဲ့တို့၏မောင်၊ (ဦးလှဌေး)-ဒေါ်ခင်သန်း၏ညီ၊ ဦးမြင့်အေး-ဒေါ်မြင့်ရီ (EM-ဘိုကာရှီ)တို့၏အစ်ကို၊ ဦးဘသန်း-ဒေါ်စွဲ့ခင်မာဝင်း၊ ဒေါ်စွဲ့ခင်မာကြည်၊ ဒေါက်တာစဂျေလွင်-ဒေါ်စွဲ့မိုမိုအေး၊ ဦးအောင်ကျော်စိုး-(ဒေါ်စွဲ့အေးအေးမြင့်)၊ ဦးသက်ဦး၊ ဒေါ်စွဲ့လှလှအေး၊ ဦးနေမျိုးဦး-ဒေါ်စွဲ့ဝင်းဝင်းအောင်တို့၏ညီ/အစ်ကို၊ မမေထက်ထက်အောင်၊ မောင်ဟိန်းသန့်စင်၊ မမေရတနာအောင်(ရေကြောင်းတက္ကသိုလ်၊ N.A၊ တတိယနှစ်)၊ မပိုင်းသီရိအောင်[အထက-၁၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ Grade-9,S]တို့၏ဖခင်သည် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့) နံနက် ၄း၄၅နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်ရွှေစိန်(ခ)ဦးလှဘု (စစ်တွေမြို့၊ ဘောလုံးကွင်း)

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊(၄)ရပ်ကွက်၊စံပယ်လမ်းမကြီး၊အမှတ် ၆၅၈နေ (ဦးသိန်းမောင်-ဒေါ်သိန်းမေ)တို့၏သားငယ်၊ (ဦးကျော်သာ-ဒေါ်စံသာလှ)တို့၏သားသမက်၊ ဒေါ်မေ၊ ဦးအမဲမောင်၊ဒေါ်လှမေတို့၏မောင်၊ ဒေါ်အေးမြဦး(ခ)ဒေါ်ဦးမေ၏ခင်ပွန်း၊ ဦးကျော်ဇံ၊ မရီရီဇံ၊ မသန်းသန်းအေး၊ မအေးသန်းမော်၊ မသူဇာအေး၊ အောင်ထွန်းစိုး၊ ဖြိုးဇေယျာလင်း(Grade-6၊ အလက-၂၊ မြောက်ဥက္ကလာ)တို့၏ဖခင်၊မြေးနှစ်ယောက်တို့၏အဘိုးသည်၂၁-၃- ၂၀၁၃ရက် ညနေ ၃း၂၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်ကျော်နိုင်(ခ)

ကျော်သန်း

အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၃လမ်း၊ အမှတ် ၆၃/၆၇-၂(ဂ)နေ (ဦးတင်မောင် - ဒေါ်သိန်းညွန့်)တို့၏သား၊ ဦးဝင်းမြင့် - ဒေါ်မြင့်မြင့်အေး၊ ဦးမြင့်ရွှေ-(ဒေါ်ခင်ခင်လေး)၊ ဦးဝင်းအောင်-ဒေါ်စန်းစန်းရီတို့၏မောင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၂၀-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်နိုင်

အသက်(၅၄)နှစ်

ပြည်မြို့၊ စိန်လက်မဆေးတိုက်နေ (ဦးရာဟိုး - ဒေါ်ရွှေကြည်)တို့၏သား၊ မန္တလေးမြို့နေ (ဦးဖုံး-ဒေါ်ဌေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၉၄/၃ စဥ့်အိုးတန်းလမ်းနေ ဒေါ်ညွန့်မေ၏ခင်ပွန်း၊မောင်အောင်ကောင်းချစ်၏ဖခင်၊ ဦးမျိုးနိုင်-ဒေါ်သန်းသန်းဆွေ၊ ဒေါ်ဌေးဌေးမြင့်၊ ဦးမျိုးမြင့်-ဒေါ်စမ်းယဉ်တင့်၊ ဦးရဲနိုင်တို့၏ညီ/အစ်ကိုသည် ၂၂-၃-၂၀၁၃ရက် နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သောင်းမြင့်

အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကျုံတာကျေးရွာနေ (ဦးဘထား-ဒေါ်စိန်ဥ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၅၅၃/ကနေ (ဦးချစ်ထွေး)၏ဇနီး၊ ဒေါ်အမာကြူ၊ (ဦးကျော်စိုး)၊ဦးသန်းရွှေ-ဒေါ်စန်းစန်း၊ ဦးခင်မောင်လတ်-ဒေါ်ခင်ခင်တင့်၊ ဦးတင်လင်းအောင်-ဒေါ်ရီရီစိုး၊ ဦးသက်လွင်-ဒေါ်ညိုညိုဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

ဦးသိန်းညွန့်(ရန်ကုန်)၊ ကုန်သွယ်ရေးဦးစီးမန်နေဂျာ(ငြိမ်း)

အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၈၊ အရှေ့ကုန်းလမ်းနေ (ဦးထွန်းလွင်-ဒေါ်မြမေ)တို့၏သား၊ (ဦးလွန်းတင်၊ လ/ထညွှန်မှူး၊ အမြတ်ခွန်)၊ (ဒေါ်ညွန့်ညွန့်လွင်၊ ကျောင်းအုပ်ကြီး၊ငြိမ်း)တို့၏ညီမောင်၊ ဒေါ်လှလှလွင်(ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဒေါ်သန်းသန်းလွင်[စာရင်းကိုင်(ပ)ငြိမ်း၊ ဆလရ]၊ ဒေါ်မူမူလွင်(ထ/ပြ၊ငြိမ်း၊စမ်းချောင်း-၄)၊ ဒေါ်ဖြူဖြူလွင်(ထ/ပြ၊ငြိမ်း၊ထ-၁၊ကြည့်မြင်တိုင်)၊ (ဒေါ်ထွေးထွေးလွင်၊ ထ/ပြ၊ ငြိမ်း၊ စမ်းချောင်း-၂)တို့၏အစ်ကိုသည် ၂၂-၃-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ခ/၄၄၂၊ မြရတနာ ၁လမ်း၊ မြောက်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြမြသန်း(ခ)ဒေါ်စူလန်း (ထားဝယ်)

အသက်(၆၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ အလယ်လမ်း၊ အမှတ် ၈၇နေ (ဦးခင်မောင်သန်း-ဒေါ်မေကြီး)တို့၏ဒုတိယသမီး၊ (ဦးစိုးမြင့်၊ စာရင်းစစ်)၏ဇနီး၊ (ဦးသိန်းမင်း)-ဒေါ်အေးအေးသန်းတို့၏ညီမ၊ ဦးသန်းလွင်-(ဒေါ်အက်စ်ထူးနန်)၊ဦးစိန်သန်း-ဒေါ်ခင်ခင်သန်း၊ဦးဌေးလွင်သန်း(ခ)အာလူး-ဒေါ်ယဉ်ယဉ်အေး၊ (ဦးဝင်းနိုင်)-ဒေါ်ရီရီသန်းတို့၏အစ်မ၊ ကိုမျိုးမင်းစိုး-မဆင့်ဆင့်ဌေး၊ မညိုမာမြင့်(ပြည်တွင်းအခွန်၊ ဝင်ငွေခွန်ဌာနခွဲ၊နေပြည်တော်)၊ ကိုထွန်းထွန်းနိုင်(ပြည်တွင်းအခွန်၊ ကျွန်းစုမြို့)-မဖြူဇာအောင်တို့၏မိခင်၊ မောင်ဟိန်းဘိုဘိုအောင်၏အဘွားသည် ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်းဒါယကာကြီး

ဦးသိန်းညွန့် (ရန်ကုန်)

ကုန်သွယ်ရေးဦးစီးမန်နေဂျာ(ငြိမ်း)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြရတနာ ၁လမ်း၊ခ/၄၄၂နေ(ဒေါ်စဘော်ဂျမိုင်၊ ထ/ပြ၊ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်ကြီးနီနီသိန်းညွန့်(ဆရက ၁/၁၀၀၀၊ မင်္ဂလာဒုံ)-ဗိုလ်ကြီးကျော်နိုင်(ငြိမ်း)၊ (မောင်ကျော်သူရ)၊ (ဗိုလ်ကြီးအောင်ဇေယျ၊ ငြိမ်း)၊ မမီမီသိန်းညွန့် (မေရီရှိုင်း အလှပြုပြင်ရေး) - ဦးဝင်းကျော်သူ(MAI)၊ ဒေါက်တာနိုင်တေဇ (ကလေးအထူးကု၊ ရန်ကင်းကလေးဆေးရုံကြီး)-ဒေါက်တာနော်ခရစ္စတင်း(ထူးဆေးခန်း)၊ဒေါက်တာထွန်းနန္ဒ M.Med Se (Ortho)-မဖဲဖဲမြင့် (အထက်တန်းရှေ့နေ)တို့၏ ဖခင်၊ မောင်စည်သူအံ့၊ မဖူးမြတ်နေခြည်နိုင်၊ မောင်ကောင်းခန့်မင်း၊ မောင်ဝေလင်းပိုင်၊ မောင်မိုးသောက်တေဇတို့၏ အဘိုးသည် ၂၂-၃-၂၀၁၃ရက်တွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းကြည်

(ဆောက်လုပ်ရေး၊ ငြိမ်း)

အသက်(၇၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ဗိုလ်ဥတ္တမလမ်း၊အမှတ် ၂၃နေ (ဦးသင်-ဒေါ်ကြည်)တို့၏သား၊ လှည်းကူးမြို့နယ်နေ (ဦးချွေး-ဒေါ်မြခင်)တို့၏သားသမက်၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဒေါ်သန်းရီ၏မောင်၊ ဒေါ်တင်ရီ(လဝက၊ ငြိမ်း)၊ ဒေါ်သောင်းရီ (ဖွံ့ဖြိုး/ဘဏ်)၊ ဒေါ်အေးအေးပြုံး(ထ-၂၊ကြည့်မြင်တိုင်)၊ ဒေါ်သန်းသန်းအေး(အလက-၂၊ ကြည့်မြင်တိုင်)တို့၏အစ်ကို၊ဒေါ်အေးအေးမော် (အာမခံ)၊ မောင်တင့်လွင်-မသီတာချစ် (မလေးရှား)၊မလှဲ့လှဲ့ဝင်း(အာမခံ)၊မောင်မျိုးမောင်မောင်ထွန်း(အာမခံ)တို့၏ဖခင်သည် ၂၂-၃-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထင်အောင်(ခ)ကိုတူး

မြန်မာ့ရိုးရာလက်ဖွဲ့စီစဉ်သူ(HNS)

အသက်(၅၉)နှစ်

အမှတ် ၃(ခ)၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကြီးအောင်လမ်းနေ ဦးသောင်းဖေ - ဒေါ်ခင်နွဲ့တို့၏သား၊ ဦးကဝိဓမ္မပါလ(သိမ်ကုန်းကျောင်းဆရာတော်၊ မော်ဘီ)၊ ဒေါ်ခင်စမ်းအေး၊ ဒေါ်စုစုဝေ၊ (ဦးသန့်ဇင်)၊ ဦးမြင့်သိန်း၊ ဒေါ်သီတာ၊ဒေါ်စန္ဒာ၊ ဦးယဉ်ထွေး၊ ဦးအောင်ထွဋ်တို့၏အစ်ကို၊ (ဦးသောင်း)-ဒေါ်သိန်းရီတို့၏သားသမက်၊ ဦးကျော်တင့်-ဒေါ်ချို၊ ဦးကြူးရွှေနှင်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဒေါ်မြင့်မြင့်မူ၊ ဒေါ်တင်တင်ရီတို့၏ညီ/မောင်၊ မိုးကောင်းမှတ်တိုင်အနီး၊ ချိုရီဝေစတိုး အနောက်ဘက်၊ အမှတ် ၁၂၈၀၊ကံဘဲ့ဘူတာရုံလမ်း၊(၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်အေးမော်အောင်(မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်နည်းပြဟောင်း၊ အားကစားဝန်ကြီးဌာန)၏ခင်ပွန်းသည် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးမြင့်ဆွေ (ငြိမ်း)

B.E (Civil) (1978 Batch)

ကကယာ၊ စက်ရုံမှူး(ငြိမ်း)

မြစ်သားချည်မျှင်နှင့်အထည်စက်ရုံ

စက်မှု(၁)

အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဟင်္သာကုန်း၊ မြို့ပတ်လမ်းနေ (ဦးညွန့်အောင်-ဒေါ်တင်မြင့်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊အောင်ရတနာ ၃လမ်း၊ အမှတ် ၄၇၆နေ ဦးအောင်မောင်း-ဒေါ်စွဲ့သိန်းရင်တို့၏သားသမက်၊ ဒေါ်စွဲ့ခင်သန်းဝင်း၏ခင်ပွန်း၊ ဦးဘသန်း-ဒေါ်စွဲ့ခင်မာဝင်း၊ ဒေါ်စွဲ့ခင်မာကြည်၊ ဒေါက်တာစဂျေလွင်-စွဲ့မိုမိုအေးတို့၏ညီ/မောင်၊ ဦးအောင်ကျော်စိုး-(စွဲ့အေးအေးမြင့်)၊ ဦးသက်ဦး-စွဲ့လှလှအေး၊ဦးနေမျိုးဦး-စွဲ့ဝင်းဝင်းအောင်တို့၏အစ်ကိုကြီးသည် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့) နံနက် ၄း၄၅နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

မအူပင်မြို့နယ်အသင်း(ရန်ကုန်)

ဦးအောင်မြင့်(ခ)ကိုဒီ

အသင်းဥက္ကဋ္ဌဟောင်း

နာယကကြီး

အသက်(၈၈)နှစ်

ဦးအောင်မြင့်(ခ)ကိုဒီသည် ၂၃-၃-၂၀၁၃ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ၊ မြို့နယ်သားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

ဒေါ်တင်မြ(ခ)အော်ရှုဟုန်

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၁၃၇၊ ကျိုက္ကစံဘုရားလမ်း၊ ဆ/ကရပ်ကွက်နေ [ဦးချမ်းအေး(ခ)တန်ဘွန်ချမ်း]၏ဇနီး၊ [ဦးထွန်းထွန်း(ခ)အောင်ထွန်း]-ဒေါ်ဌေးဌေး၊ (ဦးခင်မောင်သိန်း)-ဒေါ်သန္တာ၊ ဦးဝင်းနိုင်-ဒေါ်လှလှဝင်း(အာရှနဂါး)၊ ဦးအောင်မြိုင်၊ ဦးဇော်ထွန်း၊ ဒေါ်သန်းသန်းအေးတို့၏မိခင်၊ မောင်ဟန်သက်အောင်၊ မသဥ္ဇာအောင်၊ မရတနာမြင့်တို့၏အဘွားသည် ၂၂-၃-၂၀၁၃ရက် နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်အေး

ကထိက၊ ရက္ခဗေဒဌာန(ငြိမ်း)

ရန်ကုန်တက္ကသိုလ်

အသက်(၆၆)နှစ်

(ဦးစိန်ရင်-ဒေါ်ခင်မကြီး)တို့၏သမီး၊ မိတ္ထီလာမြို့၊ပေါက်ချောင်းရပ်နေ(ဦးသန်းတင်) - ဒေါ်ရင်ရင်တို့၏ သမီးချွေးမ၊ အမှတ် ၄၇၀၊ ၄လမ်းမြောက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်နေ ဦးခင်မောင်သွင်၏ဇနီး၊ ကိုဇင်ဝေ-မစုသန္တာနွယ် (Myint & Association Co., Ltd.)တို့၏မိခင်သည် ၂၂-၃-၂၀၁၃ရက် နံနက် ၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်လေးနွဲ့(ခ)

ဒေါ်တင်နွဲ့

အသက်(၅၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျုံပါချောင်းဝရွာနေ (ဦးဘတင့် - ဒေါ်စန်းတင့်)တို့၏ သမီးကြီး၊ (ဦးကျော်သောင်း)၏ဇနီး၊ ဦးမြင့်ဝင်း-ဒေါ်သန်းမြင့်၊ ဦးမြင့်ဌေး-ဒေါ်စန်းမော်၊ ကိုသက်လွင်-မမြင့်ရီ၊မခင်မာချို၊ဦးမြင့်ခိုင်-ဒေါ်သီတာချို၊ ကိုဇော်မင်းနိုင်-မဖြူမတို့၏အစ်မ၊ ကိုကျော်သူရ၊ ကိုရဲမင်းထွဋ်၊ မောင်အေးချမ်းဟိန်းတို့၏အဒေါ်၊ မဇင်မာသက်၊ ကိုကျော်မင်းစိုးတို့၏မိခင်သည် ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် အာရုတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၅၄၂(ခ)၊မြသီတာလမ်း၊ ၁၆/၁ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်စိုးသီဟထွန်း

အသက်(၃၆)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ဒေဝဒဟ ၃၄လမ်း၊အမှတ် ၁၂၃၇နေ ဦးထွန်းသိန်း-ဒေါ်ထွေးတင်တို့၏သားကြီး၊ မောင်ဂျင်မီထွန်း၊ မခင်စန္ဒာထွန်းတို့၏အစ်ကို၊ မခင်ဂျူဂျာလွင်၏ခင်ပွန်းသည်၁၈-၃-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၀း၅၅နာရီတွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးအောင်မြင့်(ကန်တော်ကလေး)၊ မအူပင်မြို့နယ်အသင်းနာယက ဒု/ညွှန်မှူး(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်

အသက်(၈၈)နှစ်

(ဦးသာဟန်-ဒေါ်စောရင်)တို့၏သား၊ (ဦးချစ်ထွန်း-ဒေါ်မြသန်း)တို့၏သားသမက်၊ (ဦးထွန်းတင်-ဒေါ်လှမေ)၊ (ဦးလှအောင်-ဒေါ်သန်းသန်း)တို့၏ညီမောင်၊ (ဦးအောင်တင့်)-ဒေါ်နီနီ(မအူပင်မြို့)၊ ဒေါ်တင်မြရီ၊ဒေါ်ခင်သိန်းအေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ ၉၂လမ်း၊ အမှတ် ၉၆ နေ (ဒေါ်မေကြည်)၏ခင်ပွန်း၊ ဦးသောဘိတ(ခ)ဦးသောင်းညွန့်-ဒေါ်နီနီမြင့် (မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)၊ (ဒေါ်တီတီမြင့်)၊ ဒေါ်ရီရီဦး(လယ်/ပြ၊ အထက-၁၊ မင်္ဂလာတောင်ညွန့်)တို့၏ဖခင်သည် ၂၁-၃-၂၀၁၃ရက်(ကြာသပတေးနေ့)ည ၁၁း၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၃ရက်(စနေနေ့)နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာရဲညွန့် (ထားဝယ်)

M.B.,B.S (Yangon)

အသက်(၄၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ခုံဝင်းဒပ်ရပ်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ် ၂၈၇နေ ဦးသန်းညွန့်-ဒေါ်မြသက်တို့၏တတိယသား၊ ဦးသိန်းနိုင်-ဒေါ်ခင်စိန်တို့၏သားသမက်၊ ဒေါက်တာအေးသီတာနိုင်၏ခင်ပွန်း၊ မဝါးဝါးရဲညွန့်(အထက-၃၊ ထားဝယ်)၏ဖခင်၊ ဦးမျိုးညွန့်ဦး-ဒေါ်သီသီဦး၊ ဦးညီညီ-ဒေါ်စုစုမြင့်တို့၏ညီ၊ ဦးလှကြည်မြင့်-ဒေါ်လတ်လတ်၊ ကိုတင်အောင်သက်-မဆွေဇင်သက်၊ ကိုအောင်ထိုက်-မနီလာဆွေတို့၏အစ်ကိုသည် ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်လှိုင်

ဦးစီးအရာရှိ(ငြိမ်း)၊မြေတိုင်းဦးစီးဌာန

အသက်(၇၆)နှစ်

(ဦးဘသိန်း - ဒေါ်ထွေး)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိဂီလမ်း၊ တိုက် B2 ၊ အခန်း 4B နေ (စစ္စတာ ဒေါ်ရသီသော်မဆင်၊ သူနာပြုဆရာမကြီး၊ငြိမ်း၊ ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံကြီး)၏ခင်ပွန်း၊ ဦးသိန်းတန်-ဒေါ်ကြူကြူလှိုင်၊ ဦးအောင်ကြည်ဦး-ဒေါ်စီစီလှိုင်၊ ဦးမြင့်ဝေ-ဒေါ်ရီရီလှိုင်တို့၏ဖခင်၊ မသုနန္ဒာဆက်၊ မောင်တင့်နိုင်ထူး၊ မောင်ချမ်းမင်းအေး-မအေးစုမွန်၊ ဗိုလ်ကြီးကျော်သူရ-မခိုင်ခိုင်ကြည်ဦး၊ မခိုင်ဆုသီ၊ မောင်ဝေဖြိုးမင်းတို့၏အဘိုး၊ မဟေဇင်ချမ်း၊ မယွန်းနဒီလှိုင်(Pinky)တို့၏ဘိုးဘိုးကြီးသည် ၂၁-၃-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၁၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်အေး

ကထိက၊ ရက္ခဗေဒဌာန(ငြိမ်း)

ရန်ကုန်တက္ကသိုလ်

အသက်(၆၆)နှစ်

(ဦးစိန်ရင်-ဒေါ်ခင်မကြီး)တို့၏သမီး၊ အမှတ် ၄၇၀၊ ၄လမ်းမြောက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးခင်မောင်သွင်၏ဇနီး၊ ကိုဇင်ဝေ-မစုသန္တာနွယ်(Myint & Association Co., Ltd.)တို့၏မိခင်၊ အမှတ် ၁၁၃၊ အဓိပတိလမ်း၊(၃၇)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးမျိုးမြင့်-ဒေါ်ချိုချိုယဉ်(ဌာနမှူး၊ စီမံ၊ ပညာရေးကောလိပ်၊ ပြည်၊ ငြိမ်း)၊ အမှတ် ၅၈၃၊ အခန်း ၂၀၁၊ ဘုရားလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးလှမြင့်(ဒု-တိုင်းဥပဒေအရာရှိ၊ ပဲခူးတိုင်းဒေသကြီး၊ငြိမ်း)-ဒေါ်သန်းသန်းအုန်း (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကြို့ပင်ကောက်)၊ အမှတ် ၆၄၃၊ အခန်း ၆၊ ငါးမိုင်ခွဲ၊ ပြည်လမ်း၊ ဘဏ်ရိပ်သာနေ ဒေါ်စန်းစန်းရင်(ဒုတိယအထွေထွေမန်နေဂျာ၊ MICB)၊ (ဒေါ်မြမြရင်၊ တရားရေးဝန်ထမ်းအဆင့်-၄)တို့၏အစ်မသည် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့)နံနက် ၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု၊
ညီအစ်ကို၊မောင်နှမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြင့်မြင့်သန်း (မုဒုံ)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၃၄၊ ကဏ္ဍာသယလမ်း၊(၁၀)ရပ်ကွက်၊သုဝဏ္ဏနေ (ဦးအုန်းစိန်-ဒေါ်တင်မေ)တို့၏သမီးကြီး၊ (ဦးပါတင်-ဒေါ်နင့်)တို့၏သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း) (အား/ကာ၊ ညွှန်ချုပ်၊ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးကြီးကံညွန့်(ငြိမ်း)-ဒေါ်သန်းသန်းအေးတို့၏ညီမ၊ ဗိုလ်မှူးကျော်စိန်(ငြိမ်း)-(ဒေါ်ခင်လှမြင့်)၊(ဦးလှဝင်း)-ဒေါ်ခင်စောကြည်၊ ဒေါ်ချိုချိုဝင်း (ကျောင်းအုပ်ကြီး၊ ငြိမ်း၊ အလက-၁၊ ပုဇွန်တောင်)၊ ဦးဇော်မြင့်တို့၏အစ်မ၊ ဦးညွန့်ဦး-ဒေါ်စန္ဒာထွန်း (အထက-၃၊တာမွေ)၊ ဒေါ်လွင်လွင်ထွန်း (အထက-၁၊တာမွေ)၊ ဦးဟန်ဝင်းထွန်း-ဒေါ်စပယ်တင် (TMW Enterprise)၊ ဒေါ်စပယ်ထွန်း၊ ဒေါ်ဥမ္မာထွန်း (ဦးစီးအရာရှိ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)တို့၏မိခင်၊ မောင်မျိုးမင်းဦး (Sunrise Marine Co., Ltd.) - မမြင့်မြတ်မိုးထွဏ်း(KBZ Bank)တို့၏အဘွားသည် ၁၉-၃-၂၀၁၃ရက်(အင်္ဂါနေ့)ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၃ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မောင်သုခပြည့်စုံ

အသက်(၂)နှစ်(၃)လ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ (၂၉) ရပ်ကွက်၊ အမှတ် ၉၈၇နေ ဗိုလ်ကြီးခိုင်စိုးလွင်(ငြိမ်း) (ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်တင်တင်မိုးတို့၏သား၊ မမေသုခကျော်၏မောင်သည် ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၃ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၀၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

မြန်မာနှင့်ဂျပန် နှစ်နိုင်ငံအကြား လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍရပ်များ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာချစ်ကြည်ရင်းနှီးမှု ဖလှယ်ရေးကောင်စီ (The International Friendship Exchange Council-FEC) ဒုတိယဥက္ကဋ္ဌ Mr. Norio Yamaguchi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဟံစိန်၊ ဦးမြင့်ဇော်၊ ဦးမျိုးအောင်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာတင်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနှင့် ဂျပန်နှစ်နိုင်ငံအကြား သမိုင်းကြောင်း ရှည်ကြာစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်လာစေရန်အတွက် လေကြောင်းဆက်သွယ်ရေး၊ စက်မှု၊ စားသောက်ကုန်ထုတ်လုပ်ငန်းစသည့် နယ်ပယ်ကဏ္ဍများတွင် အရှိန်အဟုန်မြင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သဘာဝစွမ်းအားများဖြစ်သည့် ရေ၊ လေ၊ နေတို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုနိုင်ရန်အတွက် ရေတို၊ ရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေမည့် အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂျပန်နိုင်ငံတိုကျိုမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုဖလှယ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ **Mr. Norio Yamaguchi** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

နေရောင်ထဲတွင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းတိုင်းတာပြီး အများပြည်သူသိရှိစေရန်ထုတ်ပြန်ပေး

နေပြည်တော် မတ် ၂၂

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို အစီအစဉ်(၁၅)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၅)ခု မေးမြန်းဖြေကြားဆောင်ရွက်ခဲ့ကြသည်။

မေးခွန်း မေးမြန်း ဖြေကြားခြင်းကဏ္ဍ၌ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ရန်ကုန်မြို့အပါအဝင် မြို့ကြီးများတွင် ကျရောက်နေသော ဓာတ်ရောင်ခြည်သင့်မှုကို ဖြစ်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်များ အန္တရာယ်ကို ပြည်သူများသိရှိနိုင်ရေး ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက သက်ဆိုင်ရာဒေသများ၏ နေရောင်ထဲတွင် ခရမ်းလွန်ရောင်ခြည် ပါဝင်မှုနှုန်းကို အစဉ်စောင့်ကြည့်တိုင်းတာပြီး အဆင့်မည်မျှရှိသည်ကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများကို နိုင်ငံအများစု၌ ကျင့်သုံးနေကြပြီဖြစ်သည့်အတွက် မိမိတို့ နိုင်ငံတွင်လည်း လိုက်နာကျင့်သုံးသင့်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ခရမ်းလွန်ရောင်ခြည်များ ကျရောက်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှုနှင့် အသိပညာပေးမှုများကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းအပြင် MRTV-4 နှင့် Sky Net တို့မှလည်း ထုတ်လွှင့်ပေးခြင်း၊ မြန်မာ့အသံရေဒီယိုမှ ထုတ်လွှင့်ခြင်းအပြင် FM လိုင်းများမှလည်း ထုတ်လွှင့်ပေးခြင်း၊ နေ့စဉ်ထုတ်သတင်းစာများမှ ဖော်ပြခြင်းအပြင် ဂျာနယ်/ စာစောင်များမှလည်း ဖော်ပြနိုင်အောင် စီစဉ်ခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုနှစ် နွေရာသီတွင် အပူရှိန်မြင့်မားပြီး လူကို အန္တရာယ်ပြုနိုင်သည့် ခရမ်းလွန်ရောင်ခြည် ကျရောက်နိုင်ကြောင်း သတင်းများ ဖြစ်ပေါ်နေသည့်အတွက် မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယိုများနှင့် သတင်းစာများမှ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို ထည့်သွင်းပြီး ပြည်သူလူထုကို အသိပေးလျက်ရှိပါကြောင်း၊ သတင်းစာများတွင်လည်း ခရမ်းလွန်ရောင်ခြည် အန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် ဆောင်းပါးနှင့် ခေါင်းကြီးပိုင်း သတင်းများကို ထည့်သွင်းဖော်ပြပေးခဲ့ပါကြောင်း၊ ထို့ပြင် အပတ်စဉ်ထုတ်

စာမျက်နှာ ၅ ကော်လံ ၁ ◆

အမျိုးသားလွှတ်တော်အစည်းအဝေး

ဥပဒေကြမ်း(၂၁)ခု၊ နည်းဥပဒေ(၃)ခုနှင့် အစီရင်ခံစာ(၁၁)ခုတို့ကို ဆွေးနွေးအတည်ပြုနိုင်ခဲ့

နေပြည်တော် မတ် ၂၂

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို ယနေ့တွင် အောင်မြင်စွာကျင်းပပြီးစီးသွားပြီဖြစ်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို ၉-၁-၂၀၁၃ ရက်မှ ယနေ့ ၂၂-၃-၂၀၁၃ ရက်အတွင်း (၃၂)ရက် ကျင်းပခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၉၇ ခုနှင့်၊ ကြယ်ပွင့်မပြမေးခွန်း ၂၉၃ ခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်း ၇ ခုသည် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်သည်ဟု ဥက္ကဋ္ဌက သတ်မှတ်ပါသဖြင့် မေးခွန်းများနှင့်ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာတွင် ထည့်သွင်းဖော်ပြခဲ့ပါကြောင်း။

ထို့ပြင် အဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂၀)က အဆို(၂၆)ခုတင်သွင်းခဲ့ရာ အဆို(၁၄)ခုအတည်ဖြစ်ပြီး၊ အဆို(၃)ခုမှတ်တမ်းတင်နိုင်ခဲ့ကာ အဆို(၂)ခု ဆွေးနွေးရန်ကျန်ရှိပါကြောင်း။

ဧင်းအပြင် ဥပဒေကြမ်း(၂၁)ခု၊ နည်းဥပဒေ(၃)ခုနှင့် အစီရင်ခံစာ (၁၁)ခုတို့ကိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်သည်တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၄)ခုမှ (၁၂) ဦးစီသော ကိုယ်စားလှယ်ဦးရေအညီအမျှဖြင့် ဖွဲ့စည်းထားသည့်လွှတ်တော်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် တန်းတူ အဆင့်အတန်းရှိခြင်းကြောင့် အမျိုးသားလွှတ်တော်သည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အရေးကိစ္စမှန်သမျှတာဝန် ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များအရေးကို ဦးစားပေး အလေးထားရမည့် အထူးတာဝန်ရှိကြောင်းကို ပေါ်လွင်နေပါကြောင်း။

ယနေ့ လွှတ်တော်အတွင်းတွင် တိုင်းရင်းသား လူမျိုးစုအင်အား

စာမျက်နှာ ၇ ကော်လံ ၃ ▲

ယနေ့ မာတိကာ

၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေပြဋ္ဌာန်း စာ-၈
နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း စာ-၁၀
၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း စာ-၁၀
ရန်းကန်ကြရဦးမယ့် ပရီမီယာလိဂ် ပွဲစဉ် (၃၀) စာ-၁၄

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

"မြန်မာဓါတ်ပုံလုပ်ငန်းရှင်များအတွက် သတင်းကောင်း"
ဓါတ်ပုံဆိုင်တိုင်းတွင် ပုံထုတ်စက်ရှိစေရမည်
Photo Star ကုမ္ပဏီသည် ဓါတ်ပုံလုပ်ငန်းရှင်များအတွက် အကောင်းဆုံးပုံထုတ်ဆရာဓါတ်ပုံထုတ်စက်များကို အထူးဆိုက်ဆက်ဈေးနှုန်းဖြင့်ရောင်းချပေးပါမည်။
စက်၏အဓိကအချက်များမှာ
PC, 4" x 6", 5" x 7", 6" x 8", 6" x 9"
4" x 6" = 300 ပုံ
Ribbon Film
Service & Parts
Power 350 W
(Photo Star) အမှတ်(၁၁၂)
- ၀၉ ၇၃၀ ၆၀၀၅၈ ၊ ၀၉ ၅၁၀ ၀၇၀၉